# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပို့တွဲလကွယ်နေ့ ၂၀၁၆ ခုနှစ်၊ မတ် ၈ ရက်၊ အင်္ဂါနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၆၀]


**အရိယ သစ္စာန ဒဿနံ**
**ဧတံမင်္ဂလ မုတ္တမံ**
**သစ္စာလေးပါးကိုသိခြင်းသည်**
**မြတ်သော မင်္ဂလာမည်၏။**

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးတိုး‌ချဲ့ပြုပြင်ပြီးစီးမှု ကြည့်ရှုစစ်ဆေး စာမျက်နှာ-၃

# ယဉ်ကျေးမှုထုံးစလေ့ဟောင်း တို့နိုင်ငံသားတို့ မမေ့ကောင်း

**နန္ဒဝန် ➤ ရေးသည်**

တို့ချစ်သည့် အမိမြန်မာနိုင်ငံတော်သည် အရှေ့တောင်အာရှဒေသ၌ နိုင်ငံကြီး နှစ်နိုင်ငံကြားမှ နိုင်ငံငယ်လေးမျှသာ ဖြစ်သော်လည်း နှစ်ပရိစ္ဆေဒ နှင့်ချီ၍ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် နေထိုင်လာခဲ့သော နိုင်ငံတော် ဖြစ်၏။

တို့နိုင်ငံသမိုင်းကို ပြန်ပြောင်းကြည့်သော် ပြဒါးလင်းဂူ စသော သမိုင်း မတင်မီ ကျောက်ခေတ်ကပင် စတင်ခဲ့စေကာမူ သမိုင်းကြောင်းအရ ပျူခေတ်ကို သမိုင်းဦးအဖြစ် ညွှန်းဆိုနိုင်၏။

ပျူခေတ်၊ ပုဂံခေတ်၊ ရှမ်းခေတ်၊ မွန်ခေတ် စသည်ဖြင့် မင်းဆက်များ ပြောင်းလဲခဲ့ပြီး ယဉ်ကျေးမှုပုံရိပ်များ သမိုင်းစဉ်တွင် ပီပြင်စွာ ထင်ကျန်ရစ်၏။

တို့နိုင်ငံသမိုင်းကို ကြည့်လျှင် နိုင်ငံတော်ကြီးကို တစ်စည်းတစ်လုံးတည်း ဖြစ်အောင် ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသော ဘုန်းတော်ခန့်ထည်၍ အမြော်အမြင် ကြီးမားသည့် မင်းကေရာဇ်များအဖြစ် အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား စသည့်ပုဂ္ဂိုလ်ကြီးများကို တွေ့ရ၏။

သမိုင်းကြောင်း တစ်ချိုးတစ်ကွေ့တွင်မူ တို့နိုင်ငံတော်မှာ အင်္ဂလိပ် လက်အောက်သို့ ကျရောက်ခဲ့ရပြီး *စာမျက်နှာ ၆ ကော်လံ ၁* ✳



**သမ္မတကြီးဒေါက်တာဘဦးနှင့် ဝန်ကြီးများ ရန်ကုန်မြို့ သမ္မတအိမ်တော်ရှိ သီဟာသနပလ္လင်ရှေ့တွင် စုပေါင်းမှတ်တမ်းတင်ရိုက်ထားသည့် ဓာတ်ပုံ။**
(ရှေ့တန်း ဝဲမှယာ-ဝန်ကြီး ဒေါ်ကလယ်ရီဘမောင်ချိန်၊ ဝန်ကြီး စဝ်ခွန်ချို၊ ဝန်ကြီးချုပ် ဦးနု၊ သမ္မတ ဒေါက်တာဘဦး၊ ဝန်ကြီး ဦးဗဆွေ၊ ဝန်ကြီး ဦးတင်၊ ဦးဝင်း)

## ကေန်မူကား ပလ္လင်နှင့်စလွယ်တို့သည် ရွှေနန်းတော်ကို ရည်ညွှန်းခြင်း မဟုတ်မူ၍ လွတ်လပ်ခြင်း၊ အချုပ်အခြာ အာဏာပိုင်စိုးခြင်း၊ မြင့်မြတ်ခြင်း၊ ခန့်ညားခြင်း၊ ကျက်သရေမင်္ဂလာအပေါင်း နှင့် ပြည့်စုံခြင်းတို့၏ သင်္ကေတများဖြစ် ကြသည်

## တောင်ကိုရီးယားနှင့် အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့် စာမျက်နှာ-၄

## တောင်ကြီးမြို့၌ အဆင့်မြင့်ယာဉ်ရပ်နားစခန်းနှင့် စီးပွားရေးဇုန်ခြောက်ခု တည်ဆောက် စာမျက်နှာ-၉




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ယာဉ်အန္တရာယ်ကင်းရှင်းစေရေး အလေးထားသင့်ပြီ

လတ်တလော နေ့စဉ်ရက်ဆက်ကြားသိနေရသော သတင်းများတွင် ယာဉ်မတော်တဆမှုများလည်း အဓိကပါဝင်သည်။ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှု၊ ယာဉ်မီးလောင်မှုစသည်ဖြင့် ယာဉ်မတော်တဆမှုများ ခပ်စိပ်စိပ်ဖြစ်ပွားလျက်ရှိသည်ကို ကြားသိနေရသည်။ ယာဉ်မတော်တဆမှုများတွင် ယာဉ်အချင်းချင်း တိုက်မိ၍ ထိခိုက်ပျက်စီးစေသည့် ယာဉ်မတော်တဆဖြစ်ပွားမှုများသာမက လူကိုထိခိုက်သေကျေစေနိုင်သော ယာဉ်မတော်တဆမှုများလည်း ပိုမိုဖြစ်ပွားလာသည်ကို သတိပြုမိကြပေလိမ့်မည်။

အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး၏ ထုတ်ပြန်ချက်အရ ၂၀၁၁ ခုနှစ်တွင် တစ်နိုင်ငံလုံး ယာဉ်မတော်တဆမှုပေါင်း ၉၇၆၂ မှ ဖြစ်ပွားခဲ့ရာမှ ၂၀၁၅ ခုနှစ်အတွင်း ၁၅၄၀၆ မှုအထိ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ယာဉ်မတော်တဆမှုများ တိုးပွားလာသည့်အနေအထားဖြစ်ပါသည်။ ယာဉ်အသုံးပြုသူ၊ လမ်းအသုံးပြုသူအားလုံး ယာဉ်မတော်တဆမှုများသတိပြုမိစေရန် မီးမောင်းထိုးပြနေခြင်းဖြစ်ပါသည်။ ယာဉ်အန္တရာယ်ကို သတိပြုကြဖို့ အထူးပင်လိုအပ်လာပါသည်။

ယာဉ်မတော်တဆဖြစ်ပွားရခြင်း၏ အဓိကအကြောင်းအရင်းတစ်ရပ်မှာ ယာဉ်မောင်းများ၏ မဆင်မခြင်မောင်းနှင်မှုကြောင့်ဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့၏ မှတ်တမ်းများအရ သိရပါသည်။ ယာဉ်ကျွမ်းကျင်မှု အားနည်းခြင်း၊ စည်းကမ်းလိုက်နာမှုအားနည်းခြင်း၊ မဆင်မခြင်မောင်းနှင်ခြင်း၊ လမ်းပြောင်းပြန်မောင်းခြင်း၊ မီးနီဖြတ်ခြင်းအစရှိသော ယာဉ်စည်းကမ်းလိုက်နာမှု အားနည်းခြင်းကြောင့် ယာဉ်မတော်တဆမှုများ နေ့စဉ်နာရီစက္ကန့်နှင့်အမျှ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

သက်ဆိုင်ရာ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းသူများက ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေးဟောပြောခြင်းများ ပြုလုပ်နေသော်လည်း ယာဉ်မတော်တဆမှုများမှာ လျော့နည်းကျဆင်းသွားခြင်းမရှိဘဲ မြင့်တက်လျက်ရှိပါသည်။ ယာဉ်မတော်တဆဖြစ်ပွားရခြင်းမှာ ယာဉ်မောင်းသည်အခရာအကျဆုံးဖြစ်ပါသည်။ သို့ဖြစ်၍ ယာဉ်မောင်းသူ(ဝါ) ယာဉ်အသုံးပြုသူများအနေဖြင့် ယာဉ်တိုက်မှုများကြောင့် နောက်ဆက်တွဲဆိုးကျိုးများ မကြုံရလေအောင် ယာဉ်အန္တရာယ်ကင်းရှင်းရေးကို ပိုမိုအလေးထားဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်း။ ။

## အပူဒဏ်ကြိုတင်ကာကွယ်ရေး ဟောပြော

**နမ့်စန်(တ) မတ် ၇**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်တွင် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မတ် ၇ ရက် နံနက် ၉ နာရီက မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြတ်မိုးဆန်းက ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် အယ်နီညိုအကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်များအနက် အပူဒဏ်အန္တရာယ်နှင့် ပတ်သက်သည့် ဆောင်ရန်ရှောင်ရန်များနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချီ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## စာစစ်ဌာနများ၌ မီးဘေးလုံခြုံရေးစစ်ဆေး

**ကျိုက်ထို မတ် ၇**

ကျိုက်ထိုမြို့နယ်တွင် ၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများ ကျင်းပမည့်စာစစ်ဌာနများရှိသည့် စာသင်ကျောင်းများတွင် မီးဘေးလုံခြုံရေးအတွက် မတ် ၆ ရက် နံနက် ၉ နာရီက လက်ထောက်မြို့နယ်ပညာရေးမှူးက စာစစ်ဌာနအလိုက် မီးဘေးကာကွယ်ရေးပစ္စည်းများ ပြည့်စုံစွာထားရှိရေး၊ ရေရရှိရေးနှင့် ပေါ့ဆမီး၊ တောမီးများ၊ လောင်ကျွမ်းမှုမရှိစေရေးတို့အတွက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စာစစ်ဌာနရှိသည့် စာသင်ကျောင်း ခြောက်ကျောင်းအား လိုက်လံစစ်ဆေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## (၇၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## စာပေဗိမာန်နှင့်ဂျပန်နိုင်ငံ Shanti Volunteer Association(SVA)တို့ ပူးတွဲကျင်းပသည့် လူငယ်များအတွက် ဘာသာပြန်ပြိုင်ပွဲဆုရ စာမူများကြေညာ

**ရန်ကုန် မတ် ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်နှင့်ဂျပန်နိုင်ငံShanti Volunteer Association(SVA) တို့ ပူးတွဲကျင်းပသည့် လူငယ်များအတွက် ဘာသာပြန်စွမ်းရည် တိုးတက်ရန်နှင့် ကလေးလူငယ် စာပေဖွံ့ဖြိုးရန် ကျင်းပသော ဘာသာပြန်ပြိုင်ပွဲတွင် ဆုရွေးချယ်ခြင်းခံရသည့် စာမူများကို စာပေဗိမာန်က မတ်လပထမပတ်တွင် ထုတ်ပြန်ကြေညာသည်။

ပြိုင်ပွဲဝင် ဘာသာပြန်စာမူများအနက် မခင်ပြည့်ပြည့်ဖြိုး (ကလောင်အမည်-ပြည့်)၏ 'အနှိုင်းမဲ့မြေကမ္ဘာ' စာမူက ပထမဆု၊ စိုင်းရဲသီဟ (ကလောင်အမည်-စိုင်းဝီရလင်းခံ့)၏ 'ကမ္ဘာ' စာမူက ဒုတိယဆု၊ ဒေါက်တာခင်လင်းနိုင် (ကလောင်အမည်-ဒေါက်တာခင်လင်းနိုင်)၏ 'သက်ရှိတို့ဂေဟာဤမြေကမ္ဘာ'စာမူက တတိယဆုရရှိကြပြီး မစုစုမြင့် (ကလောင်အမည်-စုစုမြင့်-ပအို့ဝ်မှု)၏ 'ချစ်သောကမ္ဘာမြေ'စာမူနှင့် ကိုဝေယံဦး (ကလောင်အမည်-ဝေယံဦး)၏ 'ကမ္ဘာမြေကြီး'စာမူတို့က နှစ်သိမ့်ဆုရရှိကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၁၉ ရက် နံနက် ၁၀ နာရီတွင် စာပေဗိမာန်ခန်းမ အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး ဆုရရှိကြသူများသည် ဘာသာပြန်ဌာနစု စာပေဗိမာန်ရုံး ဖုန်း-၀၁-၂၄၉၂၃၀၊ ၀၁-၃၈၁၄၄၉ တို့သို့ ဆက်သွယ်သတင်းပို့ကြရန်နှင့်ဘာသာပြန်ပြိုင်ပွဲ စာမူတင်သွင်းသူလူငယ်များအားလုံးကို ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ကုလားတန်မြစ် တောင်ပြို ရေလမ်းကြောင်းပြုပြင်ပေးရန် ဒေသခံများလိုလား

**ပလက်ဝ မတ် ၇**

ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် ယခင်က ပလက်ဝ-တရွှန်အိုင်၊ ကုလားတန်မြစ် ရေကြောင်းလမ်းကို နေ့စဉ်စက်လှေအစုန်အဆန် တစ်စင်းစီဖြင့် တိုက်ရိုက်သွားလာအသုံးပြုခဲ့သည်။ ၁၉၉၈ ခုနှစ် ဇူလိုင်လတွင် ကူဝကျေးရွာနှင့် အောက်ဘလိုင်ကျေးရွာကြား ကုလားတန်မြစ်လက်ဝဲဘက်ရှိ တောင်ကြီးပြိုကျခဲ့ရာမှ အနောက်ဘက်ကမ်းတွင် သောင်ပြင်ကျယ်ကြီး ဖြစ်သွားခဲ့ကာ အရှေ့ဘက်ကမ်းမှာလည်း လောင်မှုသာသာ သွားလာနိုင်သည့် မြစ်ကြောင်း ပိတ်ဆို့သွားခဲ့မှုကြောင့် လမ်းခုလတ်တွင် စက်လှေပြောင်းစီးရသည့် တောင်ပြိုအရပ် ဖြစ်လာခဲ့သည်။

ဤသို့ မြစ်ကြောင်းပိတ်ဆို့သွားမှုကြောင့် ပလက်ဝ-တရွှန်အိုင်အဆန် ခရီးစက်လှေများ တောင်ပြိုအောက်ဘက်တွင်ရပ်တန့်၍ အထက်ဘက်မှတစ်ဖန် စက်လှေပြောင်းစီးကာ တရွှန်အိုင်သို့ ကုန်နှင့်ခရီးသည်များ ဆက်လက်ပို့ဆောင်ပေးနေရကြောင်း၊ တရွှန်အိုင်-ပလက်ဝ၊ အစုန်ခရီးလည်း စက်လှေများ တောင်ပြိုအထက်ဘက်တွင် ရပ်တန့်၍ အောက်ဘက်မှ စက်လှေပြောင်းစီးကာ ပလက်ဝမြို့သို့ ဆက်လက်သွားလာနေကြရသဖြင့် ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားပြည်သူများ အချိန်ကြန့်ကြာမှု၊ စရိတ်စက ပိုမိုကုန်ကျမှုစသည့် အခက်အခဲများနှင့် ကြုံတွေ့နေကြရသည်။

အဆိုပါ ရေကြောင်းလမ်းကို သက်ဆိုင်ရာမှ ဖောက်လုပ်ပြုပြင်ပေးရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၃-၂၀၁၆

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၇၀၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၀၀/၅၂၀ ကျပ် |

### စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)

| | |
|---|---|
| ဒီဇယ် | ၈၅၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၉၄၀၀၀/ ၉၅၀၀၀ ကျပ် |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၂၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၀.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈.၆ |
| ထိုင်း | တစ်ဘတ် | ၃၄.၆၉၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၃၃၁ |
| တရုတ် | တစ်ယွမ် | ၁၈၈.၆၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀.၇၂ |

ခင်ရတနာ-စုစည်းသည်။

၂၉-၂-၂၀၁၆ မှ ၄-၃-၂၀၁၆ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၄၄၃ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၄၀၈ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့ စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်ပြီးစီးမှု ကြည့်ရှုစစ်ဆေး



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အရိုးနှင့်ထိခိုက်ဒဏ်ရာကုဌာန၌ ဆေးကုသမှုခံယူနေသည့် လူနာများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

**ရန်ကုန် မတ် ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင် မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် စတင် စမ်းသပ်အသုံးပြုလျက်ရှိသည့် PET -CT / CYCLOTRON CENTER ၊ ဆေးရုံကြီး ပင်မဆောင်ရှိ အရိုးနှင့် ထိခိုက်ဒဏ်ရာကုဌာန၊ ဆေးကုသဆောင်(၃)၊ ဆေးကုသဆောင်(၂)၊ ငါးထပ်ဆောင်ရှိ OPERATING THEATRE COMPLEX တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူနေကြသည့် ဝေဒနာရှင်ပြည်သူများနှင့် လူနာစောင့်များအား နှုတ်ဆက်အားပေးစကား ပြောကြားကာ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာဝန်များနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းအား Training Centre ၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်မှုဆပ်ကော်မတီ အဖွဲ့ခေါင်းဆောင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို မြှင့်တင်ရန်နှင့် နိုင်ငံတကာအဆင့်မီစေရန် ရည်ရွယ်ချက်များနှင့်အညီ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင် မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများကို ပြီးခဲ့သည့်နှစ်နှစ်ကျော် သုံးနှစ်တာကာလအတွင်း အကောင်းဆုံးဖြစ်စေရန် မိမိတို့အားလုံး ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မဆောင်သည် ယခုအခါ အရည်အသွေးပိုင်းတွင် တိုးတက်မှုရှိလာကြောင်း၊ သို့သော် အဆောက်အအုံပိုင်း၊ အထောက်အကူပြု စက်ပစ္စည်းအပိုင်း၊ ဝန်ထမ်းများအပိုင်းနှင့် ဝန်ဆောင်မှုပေးသည့် အပိုင်းများကို အပိုင်းလိုက် ခွဲခြားကြည့်လျှင် လိုအပ်ချက်များ ရှိနေဆဲဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်နှင့် နှိုင်းယှဉ်ချိန်ထိုးကြည့်လျှင်လည်း အာဆီယံအဆင့်ကိုပင် မမီနိုင်သေးကြောင်း၊ ဆက်လက်လုပ်ဆောင်ရန် အများအပြား ရှိနေသေးကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို မိမိတို့ တိုးချဲ့ပြုပြင် မွမ်းမံပြင်ဆင်ခဲ့စဉ်က ခုတင် ၁၅၀၀ ဆံ့ဖြစ်ပြီး လူနာများ များပြားသဖြင့် ငါးထပ်ဆောင်ကို တိုးချဲ့တည်ဆောက်ခဲ့ရကြောင်း၊ ငါးထပ်ဆောင်ပြီးစီးပါက လူနာများ လျော့နည်းသွားမည်ဟု ခန့်မှန်းထားသော်လည်း ယခုပြီးစီးသည့် အချိန်မှာပင် လူနာများ ပြည့်နေဆဲဖြစ်ရာ ဆက်လက် အဖြေရှာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

သို့သော် လက်ရှိအခြေအနေအထိ တိုးတက်လာစေရန် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီတို့က ကာယအား၊ ဉာဏအား၊ စေတနာအားတို့ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေအထိ တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ပြင်ပအကြံပေးပုဂ္ဂိုလ်အားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ရန်ကုန် ပြည်သူ့ဆေးရုံကြီး အကြီးစား ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ လုပ်ငန်းကြီးကိုးခုဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ OT Complex တိုးချဲ့ ငါးထပ်ဆောင်တည်ဆောက်ခြင်းလုပ်ငန်း၊ PET-CT/ CYCLOTRON CENTER တည်ဆောက်ခြင်းလုပ်ငန်း၊ ဒေါ်ပုဆောင် အကြီးစား ပြုပြင်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း၊ ပင်မဆောင်ဝင်းအတွင်း Car Parking, Land Scaping, Lamp Post ဆိုင်းဘုတ်လုပ်ငန်း၊ ရန်ကုန်ဆေးရုံကြီး ဝင်းအတွင်း အဆောင်အချို့ ဆေးသုတ်လုပ်ငန်း၊ ရန်ကုန်ဆေးရုံကြီးဝင်း အနောက်ရထာလမ်းဘက်ခြမ်းရှိ အုတ်တံတိုင်းလုပ်ငန်းနှင့် ပင်မဆောင်ဝင်း Drain and Apron များ ပြုပြင်ခြင်းလုပ်ငန်း၊ ပင်မဆောင်နှင့် နှလုံးရောဂါကုသဆောင် ရေသန့်လုပ်ငန်းများနှင့် ပန်းဖောင်းလိုင်းများ ဆေးသုတ်လုပ်ငန်း၊ PET-CT/ OT Complex, Imaging Complex တို့အား လျှပ်စစ် သွယ်တန်းခြင်းလုပ်ငန်းတို့မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မဆောင် အကြီးစားပြုပြင်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပြီး ၆၀ ရာခိုင်နှုန်းပြီးစီးအောင် လျာထားဆောင်ရွက်ခဲ့ရာ အချိန်မီပြီးစီးခဲ့ပြီး ဆေးစတိုအသစ်တည်ဆောက်ခြင်းလုပ်ငန်း၊ အောက်ဆီဂျင်စက်ရုံ အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ 1000 KVA Transformer သုံးလုံး တပ်ဆင်ခြင်းလုပ်ငန်းနှင့်အရေးပေါ်ဌာန အကြီးစား ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပင်မဆောင်ပြုပြင်ခြင်းလုပ်ငန်း၏ ကျန်ရှိသော ၄၀ ရာခိုင်နှုန်းကို ဆက်လက် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၉၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ပင်မအလယ်ဆောင်ရှိ Sky Roof မိုးရန် မှန်များမှာယူထားရာ ယနေ့ရောက်ရှိပြီး မတ် ၁၀ ရက်တွင် တပ်ဆင်ပြီးစီးပါက လုပ်ငန်းတစ်ခုလုံး၏ ၁၀၀ ရာခိုင်နှုန်း ပြီးစီးမည်ဖြစ်သည်။ ကင်ဆာ ငါးထပ်လူနာဆောင် တည်ဆောက်ရေးလုပ်ငန်းမှာလည်း ယခုဘဏ္ဍာရေးနှစ်တွင် ၆၀ ရာခိုင်နှုန်းပြီးစီးရန် ဆောင်ရွက်လျက်ရှိရာ ယခု ၄၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ထို့ပြင် တိုးချဲ့ဝင်းအတွင်း တည်ဆောက်လျက်ရှိသော ဝန်ထမ်းအိမ်ရာ ၁၀ ထပ် အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းမှာလည်း ယခုဘဏ္ဍာရေးနှစ်တွင် ၅၀ ရာခိုင်နှုန်း ပြီးစီးရန် ဆောင်ရွက်လျက်ရှိရာ ယခု ၂၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ **(သတင်းစဉ်)**




ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကင်ဆာဌာနရှိ စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် မတ် ၇**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်တင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# အီရတ်တွင် ဆီသယ်ယာဉ်ဗုံးပေါက်ကွဲ အနည်းဆုံး လူ ၆၀ သေဆုံး



မတ် ၆ ရက်က ဘဂ္ဂဒက်တောင်ပိုင်း ဟီလာမြို့တော် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာနေရာ၌ လူများစုရုံးနေသည်ကို တွေ့ရစဉ်။

**ဘဂ္ဂဒက် မတ် ၇**

လောင်စာဆီများ တင်ဆောင်လာသော ကုန်တင်ကားတစ်စီးသည် အီရတ်မြို့တော် ဘဂ္ဂဒက်တောင်ဘက်ရှိ စစ်ဆေးရေးဂိတ်တစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှင့် အရပ်သား ၆၀ သေဆုံးသွားကြောင်း သိရသည်။

တနင်္ဂနွေနေ့က အသေခံဗုံးခွဲတိုက်ခိုက်ရေးသမားသည် ဘဂ္ဂဒက်တောင်ဘက် ၁၀၀ ကီလိုမီတာဝေးသော ဟီလာမြို့စစ်ဆေးရေးဂိတ်ထဲသို့ လောင်စာဆီများတင်ဆောင်လာသော ကုန်တင်ကားကို အတင်းမောင်းဝင်လာခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ယင်းစစ်ဆေးရေးဂိတ်နား၌ ကားအမြောက်အမြားရှိကြောင်း လုံခြုံရေးအာဏာပိုင်များက ပြောသည်။ ပေါက်ကွဲမှုကြောင့် အနည်းဆုံး လူ ၇၀ ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းတို့ကပြောသည်။

အိုင်အက်စ်စစ်သွေးကြွများက ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း အွန်လိုင်းတွင် ဖော်ပြခဲ့သည်။ စစ်သွေးကြွအုပ်စုများသည် ဟီလာမြို့တွင် နေထိုင်သော ရှီးယားမွတ်ဆလင်များကို သိသာစွာ ဦးတည်ချက်ထားတိုက်ခိုက်နေသည်။

အလားတူ လွန်ခဲ့သောလက ဘဂ္ဂဒက်မြို့ပြင်နှင့် မြို့ထဲ၌ အသေခံတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ လူ ၁၀၀ သေဆုံးခဲ့သည်။ ယင်းတိုက်ခိုက်မှုများသည် အိုင်အက်စ်စစ်သွေးကြွများ၏ လက်ချက်ဖြစ်သည်ဟု သိရသည်။

အီရတ်အစိုးရတပ်ဖွဲ့များသည် ရှီးယားအဖွဲ့များနှင့်ပူးပေါင်း၍ အကြမ်းဖက်စစ်သွေးကြွအုပ်စုများကို တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

## ပီကေကေအကျဉ်းသား ခြောက်ဦး အကျဉ်းထောင်မှ လွတ်မြောက်

**အန်ကာရာ မတ် ၇**

ကာဒစ်အလုပ်သမားပါတီမှ အကျဉ်းသားခြောက်ဦးသည် တနင်္ဂနွေနေ့က တူရကီတောင်ပိုင်း အကျဉ်းထောင်တစ်ခုမှ ထွက်ပြေးလွတ်မြောက်သွားကြောင်း ဒိုဂန်သတင်းအေဂျင်စီက ဖော်ပြသည်။

သတင်းဖော်ပြချက်အရ အကျဉ်းထောင်သည် ဆန်လီယာဖာနှင့် အယ်လီဇစ်ပြည်နယ်ကြား ဒီယာဘာကာ ပြည်နယ်တွင်ရှိကြောင်း သိရသည်။ အလုံပိတ်ထားသော အကျဉ်းထောင်မှ အကျဉ်းသားများ လွတ်မြောက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တူရကီရဲများက အကျဉ်းသားများ ထပ်မံလွတ်မြောက်မှုမရှိစေရေးအတွက် လိုအပ်သောလုံခြုံရေးဆိုင်ရာ တင်းကျပ်မှုများကို ကြိုတင်လုပ်ဆောင်ထားကြောင်း သိရသည်။ ဆယ်စုနှစ်နှစ်စုအတွင်း တူရကီတောင်ပိုင်းဒေသသည် အကြမ်းဖက်မှုအဆိုးရွားဆုံးနေရာဖြစ်ကြောင်း သိရသည်။

တူရကီရှိ ပီကေကေပါတီကို အကြမ်းဖက်အုပ်စုအဖြစ် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂက သတ်မှတ်ထားသည်။ **(ဆင်ဟွာ)**

## ပါကစ္စတန်တရားရုံး အသေခံဗုံးခွဲ အနည်းဆုံး ရှစ်ဦးသေဆုံး

**ပက်ရှ်ဝါ မတ် ၇**

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းတွင် တနင်္လာနေ့က တရားရုံးဝင်းအတွင်း အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး ရှစ်ဦးသေဆုံးသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်မှုတွင် ရဲတပ်ဖွဲ့ဝင်သုံးဦးပါဝင်ပြီး ၂၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။ ယင်းတိုက်ခိုက်သူသည် ရှပ်ကွာဒါမြို့ တရားရုံးအဆောက်အအုံကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

"ဗုံးခွဲတိုက်ခိုက်သူက တရားရုံးထဲဝင်ဖို့ကြိုးစားခဲ့ရာမှာ ရဲက သူ့ကို တားဆီးတဲ့အတွက် အသေခံဗုံးခွဲတိုက်ခိုက်ခဲ့တာပါ" ဟု ရဲအရာရှိ ဆီးဝါဇီယာက ပြောသည်။ ယင်းမြို့သည် မြို့တော်အစ္စလာမ္မာဘတ် အနောက်မြောက်ဘက် မိုင် ၉၀ ခန့်အကွာတွင် တည်ရှိသည်။ **(ရိုက်တာ)**

# တောင်ကိုရီးယားနှင့် အမေရိကန်ပူးတွဲစစ်ရေးလေ့ကျင့်

**ဆိုးလ် မတ် ၇**

တောင်ကိုရီးယားနှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် မြောက်ကိုရီးယား၏ နျူကလီးယားစမ်းသပ်မှုကိုကာကွယ်ရန် ကြီးမားသောစစ်ရေးလေ့ကျင့်မှုကို တနင်္လာနေ့က စတင်လိုက်ပြီဖြစ်သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုသည် ဇန်နဝါရီလက မြောက်ကိုရီးယား၏ စတုတ္ထအကြိမ် နျူကလီးယားစမ်းသပ်မှုအပြီး အကြီးမားဆုံးစစ်ရေးလေ့ကျင့်မှုဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံက ပြောသည်။

မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားနှင့် ဒုံးပျံအစီအစဉ်များနှင့်ပတ်သက်ပြီး ဝေဖန်ခံနေရကာ ၎င်း၏ မဟာမိတ်တရုတ်ကပင် ဝေဖန်လျက်ရှိကြောင်း၊ ပြီးခဲ့သည့်အပတ်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက နျူကလီးယားလက်နက်များအသုံးပြုရန်အသင့်ရှိကြောင်း၊ ရန်သူများ၏ခြိမ်းခြောက်မှုမြင့်တက်လာချိန် နျူကလီးယားလက်နက်များ အသုံးပြုဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၇၀၀၀နှင့် တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၃၀၀၀၀၀ ပါဝင်မည်ဖြစ်ကြောင်း အမေရိကန်နှင့် တောင်ကိုရီးယားပူးတွဲတပ်မှူးက ပြောသည်။ **(ရိုက်တာ)**



အမေရိကန်နှင့်တောင်ကိုရီးယားကမ်းတက်တပ်ဖွဲ့ဝင်များ ၂၀၁၄ ခုနှစ်က ပူးတွဲစစ်ရေးလေ့ကျင့်နေသည်ကို တွေ့ရစဉ်။



ဆီးရီးယားအပစ်ရပ်စဲရေး ရှစ်ရက်မြောက်သို့ ဝင်ရောက်လာပြီဖြစ်သော်လည်း ဆူပူအုံကြွပစ်ခတ်တိုက်ခိုက်မှု တစ်စုံတစ်ရာမတွေ့ရဘဲ ဒမတ်စကတ်မြို့နေပြည်သူများ အေးချမ်းလျက်ရှိသည်ကို တွေ့ရစဉ်။

## ဆီးရီးယားတွင် ငြိမ်းချမ်းရေးရောင်ခြည်ပေါ်ထွန်း

**ဒမတ်စကတ် မတ် ၇**

ဆီးရီးယားတွင် ငါးနှစ်နီးပါး သွေးထွက်သံယို တိုက်ပွဲများဖြစ်ပွားခဲ့ပြီးနောက် ယခုအခါ မျှော်လင့်စောင့်ဆိုင်းနေသော ငြိမ်းချမ်းရေးရောင်ခြည်သန်းလာပြီဖြစ်သည်။

ငြိမ်းချမ်းရေးသဘောတူညီချက်မရှိသည့်အချိန် ဆီးရီးယားနိုင်ငံတွင် အကြမ်းဖက် ပဋိပက္ခများဖြင့် ပြည့်လျှံနေသည်။ ယင်းအကြမ်းဖက်ပဋိပက္ခများကြောင့် လူပေါင်း ၂၅၀၀၀၀ သေဆုံးခဲ့ပြီး ၂၃ သန်းကျော်သော ပြည်သူထက်ဝက်ကျော်မှာ နေရပ်စွန့်ခွာခဲ့ရပြီဖြစ်သည်။

ရုရှား-အမေရိကန်ဦးဆောင်ပြုလုပ်သော ငြိမ်းချမ်းရေးအစီအစဉ်သည် လွန်ခဲ့သောသောကြာနေ့ ညသန်းခေါင်အချိန်တွင် အသက်ဝင်ခဲ့ပြီဖြစ်ရကား ဆီးရီးယားနိုင်ငံတွင်း ဖြစ်ပွားနေသော အကြမ်းဖက်ပဋိပက္ခများကို နိုင်ငံရေးနည်းဖြင့် အဖြေရှာရန် ပထမအဆင့်သို့ အောင်မြင်စွာ ရောက်ရှိခဲ့ပြီဖြစ်သည်။

လွန်ခဲ့သော အင်္ဂါနေ့တွင် ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်က ငြိမ်းချမ်းရေးသဘောတူညီချက်မှာ မျှော်လင့်ချက်လင်းရောင်ခြည်ပင်ဖြစ်သည်ဟု ပြောခဲ့သည်။ ထို့အပြင် ၎င်း၏တပ်ဖွဲ့များသည် လက်တုံ့ပြန်တိုက်ခိုက်မှုများကို ရှောင်ကြဉ်သွားမည်ဖြစ်ကြောင်းလည်း ပြောခဲ့သည်။ **(ဆင်ဟွာ)**

## အိန္ဒိယလေယာဉ်တင်သင်္ဘောပေါ်၌ မီးလောင်မှုဖြစ် သင်္ဘောသားတစ်ဦး သေဆုံး၊ လေးဦးဒဏ်ရာရ

**နယူးဒေလီ မတ် ၇**

တနင်္ဂနွေနေ့ညက ဂိုအာရေတပ်စခန်း၌ အိန္ဒိယလေယာဉ်တင်သင်္ဘော အိုင်အန်အက်စ်ဗီရက်ပေါ်တွင် အသေးစားမီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့သောကြောင့် သင်္ဘောသားတစ်ဦးသေဆုံးပြီး အခြားလေးဦးဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယရေတပ်က တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

သင်္ဘောဘွိုင်လာခန်းအတွင်း ရေနွေးငွေ့များပေါက်ထွက်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရေတပ်ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

၁၉၈၇ခုနှစ်က ဗြိတိန်မှရောင်းချလိုက်သော ယင်းသင်္ဘောသည် အိန္ဒိယရေတပ်တွင် ဆယ်စုနှစ်သုံးစုကြာ တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ ယင်းသင်္ဘောသည် အိန္ဒိယရေတပ်ရှိ လေယာဉ်တင်သင်္ဘောနှစ်စင်းမှ တစ်စင်းဖြစ်သည်။

အိန္ဒိယရေတပ်သည် ၂၀၁၃ခုနှစ် ဩဂုတ်လက မွမ်ဘိုင်း၌ မတော်တဆပေါက်ကွဲနစ်မြုပ်ခဲ့သော ရေငုပ်သင်္ဘောမတော်တဆမှုတစ်ခု အပါအဝင် လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းက မတော်တဆမှုများ ဆက်တိုက်ကြုံတွေ့ခဲ့ရသည်။ **(ဆင်ဟွာ)**

# လာမည့်ဆယ်စုနှစ်အတွင်း သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပေါ်နိုင်သည့်အတွက် လိုက်လျောညီထွေဖြစ်မည့်လုပ်ငန်းစဉ်များ ဆောင်ရွက်

**နေပြည်တော် မတ် ၇**

ယနေ့ဖိုရမ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေမည့် ဆောင်ရွက်ချက်များ၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အစီအစဉ်များ၊ တက္ကသိုလ်များတွင် သင်ရိုးညွှန်းတမ်းရေးဆွဲပြဋ္ဌာန်းရေးကိစ္စရပ်များကို ဆွေးနွေးအကြံပြုသွားကြမည်ဖြစ်ပြီး အာဆီယံအသိုက်အဝန်းအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယနေ့ကျင်းပသော **ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်မြင့်မားရေး အာဆီယံဖိုရမ်**တွင် ပြောကြားသည်။ **(ယာပုံ)**

**ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်မြင့်မားရေး အာဆီယံဖိုရမ်**ကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် သုံးရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များသည် နိုင်ငံတစ်နိုင်ငံတည်းတွင် ဖြစ်ပေါ်လေ့မရှိဘဲ နိုင်ငံဖြတ်ကျော်ဖြစ်စဉ်များဖြစ်သည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အတွေ့အကြုံများ၊ ဗဟုသုတများ၊ နည်းပညာများမျှဝေရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် တိုးတက်မြင့်မားရေးအတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လာမည့် ဆယ်စုနှစ်ကာလများအတွင်း မြန်မာနိုင်ငံတွင် အပူချိန်မြင့်တက်မှု၊ မိုးရွာသွန်းမှု ပုံစံပြောင်းလဲမှု၊ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးမှုများ ပိုမိုဖြစ်ပေါ်လာနိုင်သည်ဟု ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းတွက်ချက်ထားပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တုံ့ပြန်ရေးအစီအစဉ်များ၊ လိုက်လျောညီထွေဖြစ်စေမည့် လုပ်ငန်းစဉ်များကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့ရာသီဥတု ဘေးအန္တရာယ်ညွှန်းကိန်း ၂၀၁၄ အရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်လွယ်မှု ဒုတိယအများဆုံးနိုင်ငံဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံအသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၃၇ ရာခိုင်နှုန်းရှိကြောင်း၊ လုပ်သား ၈၁ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးကဏ္ဍ၌ လုပ်ကိုင်လျက်ရှိပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအပိုင်းတွင် မိုးရေကိုသာ အဓိကအားထားနေရသေးသည့်အတွက် မိုးရွာသွန်းမှုပုံစံနှင့် ကာလပြောင်းလဲမှုတို့ကြောင့် ကြီးမားသောစိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း။




လွန်ခဲ့သော ဆယ်စုနှစ် ခြောက်ခုအတွင်း ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်သည့် သဘာဝဘေးအန္တရာယ်များဖြစ်သည့် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးနစ်မြုပ်မှု၊ မြေပြိုမှုနှင့် မိုးခေါင်ရေရှားပါးမှုဒဏ်များကို နှစ်စဉ်ရင်ဆိုင်ကြုံတွေ့ခဲ့ရပါကြောင်း၊ ကိန်းဂဏန်းအချက်အလက်များဖြင့် သာဓကပြုတင်ပြရလျှင် မြစ်ဝကျွန်းပေါ်ဒေသတွင် နှစ်နှစ်လျှင် စိုက်ပျိုးမြေဟက်တာ နှစ်သန်းခန့် ရေကြီးနစ်မြုပ်ခဲ့ပြီး ဟက်တာ ၃ ဒသမ ၂၅ သန်းသည် သီးနှံပျက်စီးဆုံးရှုံးမှုနှင့် ကြုံတွေ့နေရပါကြောင်း၊ နာဂစ်မုန်တိုင်းနှင့် ဂီရိမုန်တိုင်းတိုက်ခတ်မှုများကြောင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ပျက်စီးဆုံးရှုံးမှုများ ကြီးစွာဖြစ်ပေါ်ခဲ့ပြီး ဆားငန်ရေများ ဝင်ရောက်မှုကြောင့် ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးမှုကို များစွာထိခိုက်ခဲ့ရပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၁ ခုနှစ်များတွင် အပူလှိုင်းကျရောက်မှုကြောင့် မွေးမြူရေးကဏ္ဍတွင် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရပါကြောင်း။

ယခုလက်ရှိကာလတွင် အယ်နီညိုကျရောက်မှုကြောင့် ကျေးလက်ဒေသများတွင် ရေရှားပါးမှုများ၊ မီးလောင်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည့်အတွက် တုံ့ပြန်ရေးအစီအစဉ်များ ရေးဆွဲချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

သက်ဆိုင်ရာကဏ္ဍအလိုက် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအစဉ်များကို ဆောင်ရွက်နိုင်ရန် အမျိုးသားရာသီဥတုပြောင်းလဲမှု မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် ၂၀၃၀ ကို ရေးဆွဲလျက်ရှိပြီး မကြာမီအတည်ပြုထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ပညာပေးအစီအစဉ်များနှင့် ဇီဝလုံခြုံမှုဆိုင်ရာစီမံချက်များကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများက အကောင်အထည်ဖော်လျက်ရှိပြီး UNEP၊ UN-HABITAT နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပူးပေါင်းအဖွဲ့ကို ထူထောင်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

အဆိုပါဖိုရမ်တွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အတွေ့အကြုံများ၊ အကျိုးသက်ရောက်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တက္ကသိုလ်များတွင် သင်ရိုးညွှန်းတမ်းရေးဆွဲပြဋ္ဌာန်းရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ သုတေသနပြုဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဆက်လက်ဆောင်ရွက်သွားမည့် မူဝါဒလမ်းစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးသွားမည်ဖြစ်ပြီး ဖိုရမ်အတွင်း လေ့လာရေးခရီးစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အယ်နီညိုဖြစ်စဉ်နှင့် နွေရာသီကာလ မြန်မာနိုင်ငံ၌ ကြုံတွေ့လာနိုင်သည့် ရာသီဥတုအခြေအနေ

**နေပြည်တော် မတ် ၇**

**အယ်နီညိုဖြစ်စဉ်အခြေအနေ**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ အရှေ့အလယ်ပိုင်း (East-Central Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်သည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလကုန်ပိုင်းရက်များအထိ အားအလွန်ကောင်းသည့် အယ်နီညိုအဆင့်ထိ ရောက်ရှိအောင် ပူနွေးနေခဲ့သော်လည်း မတ်လဆန်းပိုင်းမှစ၍ အားအသင့်အတင့်ရှိသည့် အယ်နီညိုအဆင့်သို့ လျော့ကျလာခဲ့ကြောင်းနှင့် ၂၀၁၆ ခုနှစ် ဇွန်လတွင် အယ်နီညိုဖြစ်စဉ်ပြီးဆုံးနိုင်ပြီး ပုံမှန်ဖြစ်စဉ်သို့ ပြောင်းလဲသွားနိုင်ကြောင်း အယ်နီညိုဖြစ်စဉ်ကို စောင့်ကြည့်လျက်ရှိသည့် နိုင်ငံတကာ မိုးလေဝသနှင့် ရာသီဥတုခန့်မှန်းရေး ဗဟိုဌာနများမှ ထုတ်ပြန်အသိပေးထားပါသည်။

**၂၀၁၆ ခုနှစ် နွေရာသီကာလ(မတ်လ-ဧပြီလ-မေလ) မိုးရေချိန်နှင့် အပူချိန်ခန့်မှန်းချက်**

၂၀၁၆ ခုနှစ် နွေရာသီကာလ (မတ်လ-ဧပြီလ-မေလ)သုံးလအတွက် ယေဘုယျခန့်မှန်းချက်များအရ မိုးရွာသွန်းမှုများအနေဖြင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် ရွာသွန်းမြဲထက် မိုးပိုမိုရရှိနိုင်ပြီး ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ သေချာသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် ပိုလျော့နည်းရရှိနိုင်သည်။ မိုးလျော့နည်းမှု ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းသေချာသည့်ဒေသမှာ ရှမ်းပြည်နယ်မြောက်ပိုင်းဖြစ်သည်။ ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ သေချာသည့်ဒေသများမှာ နေပြည်တော်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ ဖြစ်ကြသည်။ ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်း သေချာသည့် ဒေသများမှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ဖြစ်ကြသည်။

နေ့အပူချိန်များ ခန့်မှန်းချက်များအနေဖြင့် တစ်ပြည်လုံးတွင် ပျမ်းမျှအပူချိန်(ပုံမှန်အပူချိန်) ထက် ပိုနိုင်သည်။ ပျမ်းမျှအပူချိန်တို့ထက် ပိုနိုင်မှု ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်း သေချာသည့်ဒေသများမှာ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့ ဖြစ်ကြသည်။ ၅၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းနှင့် အထက် သေချာသည့်ဒေသများမှာ နေပြည်တော်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်း၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့ ဖြစ်ကြသည်။ ၈၀ ရာခိုင်နှုန်းနှင့် အထက်သေချာနိုင်သည့်ဒေသများမှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ဖြစ်ကြသည်။

**အကြံပြုချက်**

သို့ဖြစ်၍ အယ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုများကြောင့် ၂၀၁၆ ခုနှစ် နွေရာသီကာလများဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလတို့တွင် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင်သာ ရွာသွန်းမြဲမိုးရေချိန်များထက် ပိုမိုနိုင်သော်လည်း ကျန်ဒေသများတွင် ရွာသွန်းမှုလျော့နည်းပြီး အပူချိန်မြင့်မားလာခြင်း စသည့် ရာသီဥတုအခြေအနေများ ဖြစ်ပေါ်နိုင်သဖြင့် ပူပြင်းခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်းနှင့် အပူကြောင့် ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများ ကြုံတွေ့နိုင်ပါသဖြင့် စိုက်ပျိုးရေး၊ အစားအစာဖူလုံရေး၊ စိုက်ပျိုးရေရရှိရေး၊ ရေပေးဝေရေး၊ သောက်သုံးရေဖူလုံရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး၊ ငါးလုပ်ငန်း၊ ရေကြောင်းသွားလာရေး၊ ခရီးသွားလုပ်ငန်းများ စသည့်ကဏ္ဍများတွင် သက်ရောက်မှုများ ရှိနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်နိုင်ကြရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန လိုင်းနှုန်းစဉ်ဆိုင်ရာ နည်းဥပဒေများ ထုတ်ပြန်

**နေပြည်တော် မတ် ၇**

ဆက်သွယ်ရေးဥပဒေကို ၈-၁၀-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃၁)ဖြင့် ပြဋ္ဌာန်းခဲ့သည်။

အဆိုပါ ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ(က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုင်းနှုန်းစဉ်ဆိုင်ရာ နည်းဥပဒေများကို ၂၀၁၆ ခုနှစ် မတ် ၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁၀/၂၀၁၆)ဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

အဆိုပါလိုင်းနှုန်းစဉ်ဆိုင်ရာ နည်းဥပဒေများကို အများပြည်သူဖတ်ရှုလေ့လာနိုင်ရန်အတွက် မြန်မာနိုင်ငံပြန်တမ်းတွင်လည်းကောင်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန Website(www.mcit.gov.mm) တွင်လည်းကောင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန Website (http://www. mcit.gov.mm/ content/law-regulation.html) တွင်လည်းကောင်း လွှင့်တင်ပေးထားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သံစုံတီးဝိုင်း မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ အခမဲ့ဖျော်ဖြေမည်

**မန္တလေး မတ် ၇**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ ဂီတစာဆို တီးဝိုင်းခေါင်းဆောင် Mr. YUNOSUKE YAMAMOTO (Conductor & Composer) နှင့် စန္ဒရားဆရာမ Mrs. KYOKO KOYAMA တို့နှင့် ပူးပေါင်းတင်ဆက်သည့် Myanmar National Symphony Orchestra Concert (2016) ဖျော်ဖြေပွဲကို မတ် ၁၅ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်သည်။

အဆိုပါ ထူးခြားသည့် ဂန္ထဝင်ဂီတဆည်းဆာဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား News Channel မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၇**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ စီစဉ်ကျင်းပမည့် (၂၆)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲကို တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)၌ မတ် ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ကျင်းပမည်ဖြစ်သည်။

မသန်စွမ်းဂေါက်သီးရိုက် အားကစားသမားများအနေဖြင့် ဦးစိန်ဝင်းဖုန်း ၀၉- ၄၅၀၀၁၅၇၉၄၊ ဦးမင်းနိုင်ဦး ဖုန်း ၀၉ -၅၅၄၅၆၆၆၊ မသန်စွမ်းအားကစားအဖွဲ့ချုပ်ရုံး မ/ဒဂုံ ဖုန်း ၀၁-၅၈၃၆၀၉ တို့သို့ ဆက်သွယ်စာရင်းပေးပို့ကြပါရန်နှင့် ယင်းနေ့ နံနက် ၅ နာရီခွဲအရောက် တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)သို့ လာရောက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

* ရှေ့ဖုံးမှ

သူ့ကျွန်အဖြစ် နွံနစ်ခဲ့ရပြန်သည်။ ဤတွင် တို့နိုင်ငံသားတို့က ဖွဲ၊ လုံ့လ၊ ဝီရိယနှင့် သတ္တိပြောင်မြောက်မှုတို့ဖြင့် ကျွန်အဖြစ်မှ လွတ်မြောက်ရေးအတွက် လက်ရုံးရည်၊ နှလုံးရည်တို့ကို သုံးစွဲ၍ ကြိုးပမ်းခဲ့ကြရသည်။

တို့နိုင်ငံသားတို့၏ သွေးနှင့်ချွေးကို အရင်းတည်ကာ နယ်ချဲ့ကို တော်လှန်မှုကြောင့် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့သည်။

သက္ကရာဇ် ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီး အထက်မြန်မာနိုင်ငံနှင့်တကွ မြန်မာနိုင်ငံတော်တစ်ဝန်းလုံး သိမ်းသွင်းကျွန်ပြုခြင်းခံခဲ့ရချိန်တွင် တို့နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပြယုဂ်ဖြစ်သော သီဟာသနပလ္လင်ပါ သိမ်းယူခြင်းခံခဲ့ရ၏။

၁၈၈၅ ခုနှစ်တွင် သူ့ကျွန်ဘဝသို့ စုံးစုံးမြုပ်သက်ဆင်းခဲ့ရပြီးနောက် ၁၉၄၈ ခုနှစ်တွင် သူ့ကျွန်ဘဝမှ ပြန်လည်လွတ်မြောက်သည့် ကာလသို့ ရောက်ချိန်ယင်းနှစ် မတ် ၁၂ ရက်တွင်မှ သီဟာသနပလ္လင်ကို တို့နိုင်ငံသားတို့ ပြန်လည်ရရှိခဲ့သည်။

သီဟာသနပလ္လင်ကို ပြန်လည်ရရှိခဲ့ပြီးနောက် အများပြည်သူတို့လေ့လာနိုင်ရန် ၁၉၅၉ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် သမ္မတအိမ်တော်မှ အမျိုးသားပြတိုက်သို့ ပို့ဆောင်ခဲ့၏။

## ပလ္လင်ဟူသည်

"ပလ္လင်"ဟူသော မြန်မာဝေါဟာရသည် "ပလ္လင်္က"ဟူသော ပါဠိစကားမှ ဆင်းသက်လာပြီး မြင့်မြတ်သော ပုဂ္ဂိုလ်တို့ထိုင်ရန် ပြုလုပ်ထားသည့် ခုံမြင့်ဟူ၍ မြန်မာအဘိဓာန်ကျမ်း၌ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဇေယသင်္ချာပြုစုသော ရွှေဘုံနိဒါန်းအလိုအရ ပလ္လင်အရွယ်သုံးမျိုးရှိသည်။ ယင်းတို့မှာ (၁) မဟာပလ္လင် (၁၆ တောင်မြင့်သည်။) (၂) မဇ္ဈိမပလ္လင် (ရှစ်တောင်မြင့်သည်။) (၃) စူဠပလ္လင် (လေးတောင်မြင့်သည်။) တို့ဖြစ်သည်။ မြန်မာမင်းတို့ သုံးတော်မူခဲ့သော ပလ္လင်ရှစ်ခန်းနှင့်ပတ်သက်၍ ဦးတင်၏ မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းနှင့် ဘိုးတော်ဘုရား၏ ရာဇသတ်ခေါ်သော အမိန့်တော်တမ်းကြီး၌ ဤသို့ဖော်ပြထားသည်။

(၁) သီဟာသနပလ္လင်- ခြင်္သေ့ရုပ်ခံပလ္လင် (ယမနေသားဖြင့်ပြုလုပ်သည်၊ နန်းဦးပြာသာဒ်ဆောင်တွင် မင်းတို့အပူဇော်ခံရန်အတွက် ထားသည်။)

(၂) ဟံသာသနပလ္လင်-ဟင်္သာရုပ်ခံပလ္လင်(သက်န်းသားဖြင့် ပြုလုပ်သည်။ ဇေတဝန်ဆောင်တွင် ထား၍ ရတနာသုံးပါး ပူဇော်ရန် အသုံးပြုသည်။)



အဆောင်အယောင်စလွယ်ဆင်မြန်းထားသော နိုင်ငံတော်သမ္မတကြီး မန်းဝင်းမောင်၊ အိမ်စောင့်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်းနှင့် ဝန်ကြီးများ၏ စုပေါင်းမှတ်တမ်းဓာတ်ပုံအား တွေ့ရစဉ်။

(၃) သင်္ခါသနပလ္လင်-ခရုသင်းရုပ်ခံပလ္လင် (သရက်သားဖြင့် ပြုလုပ်သည်။ ဗောင်းတော်ဆောင်တွင်ထား၍ တရားစကားနာခံရန် အသုံးပြုသည်။)

(၄) ဘမရာသနပလ္လင်-ပိတုန်းရုပ်ခံပလ္လင် (ကရဝေးသားဖြင့် ပြုလုပ်သည်။ မှန်နန်းဆောင်တွင်ထား၍ စက်တော်ခေါ်ရန် အသုံးပြုသည်။)

(၅) ဂဇာသနပလ္လင်-ဆင်ရုပ်ခံပလ္လင်(စံကားသားဖြင့် ပြုလုပ်သည်။ ပြတိုက်ဆောင်တွင် ထား၍ မင်းတို့က ချီးမြှင့်ရန်၊ နှိမ့်ချရန်အတွက် အသုံးပြုသည်။)

(၆) မယူရာသနပလ္လင်-ဥဒေါင်းရုပ်ခံပလ္လင် (ပေါက်သားဖြင့် ပြုလုပ်သည်။ မြောက်စမုခ်ဆောင်တွင်ထား၍ ဆင်၊ မြင်းသိမ်းရန်အသုံးပြုသည်။)

(၇) မိဂါသနပလ္လင်-သမင်ရုပ်ခံပလ္လင် (ရေသဖန်းသားဖြင့် ပြုလုပ်သည်။ တောင်စမုခ်ဆောင်တွင်ထား၍ မင်းတို့ တိုင်ပင်ဆွေးနွေးရန် အသုံးပြုသည်။)

(၈) ပဒုမာသနပလ္လင်-ကြာပွင့်ခံပလ္လင် (ပိန္နဲသားဖြင့် ပြုလုပ်သည်။ အနောက်ပွဲတက်ဆောင်တွင်ထား၍ မင်းမိန်းမတို့ ပူဇော်ခံရန် အသုံးပြုသည်။)

သို့သော် သီဟာသနပလ္လင်ကို မြေနန်းပြာသာဒ်ဆောင်(နန်းဦးပြာသာဒ်ဆောင်)၌သာ ထားသည် မဟုတ်ဘဲ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် လွှတ်တက်သည့်အခါ၌လည်း စံမြန်းရန်အတွက် လွှတ်တော်တွင်လည်း ထားရသောကြောင့် "ပလ္လင်ရှစ်ခန်း ရွှေနန်းကိုးဆောင်"ဟူ၍ ဝေါဟာရပေါ်ထွက်လာသည်။ပလ္လင်ရှစ်ခန်းကို မြဝတီမင်းကြီးဦးစက သီချင်းဖြင့် ဖွဲ့ဆိုသီကုံးထားခဲ့သည်။



သမ္မတကြီး ဒေါက်တာဘဦးနှင့်အတူ တရုတ်နိုင်ငံ ဝန်ကြီးချုပ် ချူအင်လိုင်း၊ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ဂျဝါဟာလာ နေရူး၊ အီဂျစ်နိုင်ငံသမ္မတ အဗ္ဗဒူလ်နာဆာ၊ ဝန်ကြီးချုပ် ဦးနုနှင့် နိုင်ငံတကာမှ ဧည့်သည်တော်များ ရန်ကုန်မြို့ သမ္မတအိမ်တော်ရှိ သီဟာသနပလ္လင်ရှေ့တွင် စုပေါင်းမှတ်တမ်းရိုက်ထားသည့်ဓာတ်ပုံ။

## သီဟာသနရွှေပလ္လင်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်းပေါ်ရှိ အမှတ်-၆၆/၇၄ ၌ တည်ဆောက်ထားသော အမျိုးသားပြတိုက်တွင် ပြသထားသည့် ရွှေပလ္လင်သည် ရွှေခြင်္သေ့ရုပ်ခံသော "သီဟာသနရွှေပလ္လင်"ဖြစ်သည်။ မြန်မာ့ရွှေနန်းနှင့်တကွ နိုင်ငံအဝန်းကို နယ်ချဲ့တို့ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် လက်နက်အားကိုးဖြင့် တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ၁၈၉၂ ခုနှစ်တွင် သီဟာသနရွှေပလ္လင်ကို အိန္ဒိယသို့ သယ်ယူကာ ကာလကတ္တားရှိ အိန္ဒိယပြတိုက်၌ ခင်းကျင်းပြသခဲ့သည်။

မြန်မာတို့ လွတ်လပ်ရေးရပြီးနောက် ရှစ်လအကြာ ၁၉၄၈ ခုနှစ် စက်တင်ဘာလတွင် မြန်မာအကျိုးကို လိုလားသော အဂ္ဂမဟာသီရိသုဓမ္မ လော့ဒ်မောင့်ဘက်တန်က မြန်မာပြည်သူများအတွက် သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်ပို့ပေးခဲ့သည်။ သီဟာသနပလ္လင်သည် မြန်မာ့လွတ်လပ်ရေးအထိမ်းအမှတ်လည်း ဖြစ်သည်။ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသောအခါ သီဟာသနရွှေပလ္လင်ကို ဦးစွာ အလုံလမ်းရှိ သမ္မတအိမ်တော်၌ ထားရှိခဲ့သည်။

၁၉၅၅ ခုနှစ် စက်တင်ဘာလတွင် ဂျူဗလီဟော၌ ဖွင့်လှစ်ထားသော အမျိုးသားပြတိုက်သို့ ပြောင်းရွှေ့ကာ ပြည်သူလူထုအား ဆင်ယင်ပြသခဲ့သည်။ အမျိုးသားပြတိုက်ကို ဂျူဗလီဟောမှ ပန်းဆိုးတန်းရှိ ယခင် ဂရင်းလေးဘဏ်ဟောင်း အဆောက်အအုံ (နောင်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဘဏ်)သို့ ပြောင်းရွှေ့သောအခါ သီဟာသနပလ္လင်ကို ၁၉၆၈ ခုနှစ်တွင် ပန်းဆိုးတန်းရှိ အမျိုးသားပြတိုက်သို့ သယ်ယူ၍ ဆင်ယင်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလမှစ၍ ဖွင့်လှစ်ပြသခဲ့ရာ ၁၉၉၄ ခုနှစ်ကုန်ပိုင်းအထိ ဖြစ်သည်။ ထို့နောက် အမျိုးသားပြတိုက်ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်းမပေါ်ရှိ အမှတ်-၆၆/၇၄ နေရာ၌ နဝတလက်ထက် ၁၉၉၀ ပြည့်နှစ်တွင် စတင်အုတ်မြစ်ချတည်ဆောက်ခဲ့ရာ ၁၉၉၆ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် အခမ်းအနားဖြင့် ဖွင့်လှစ်နိုင်ခဲ့သည်။ ယင်းအသစ်တည်ဆောက်ထားသော အမျိုးသားပြတိုက်အဆောက်အအုံကြီး၌ ပြခန်းပေါင်း ၁၃ ခန်းကို ပြသထားရာ သီဟာသနရွှေပလ္လင်ကြီးကို ပြခန်းအမှတ်(၁)မြေညီထပ်၌ ခမ်းနားထည်ဝါစွာ ခင်းကျင်းပြသထားသည်မှာ ယနေ့တိုင်အောင် ဖြစ်သည်။

အမျိုးသားပြတိုက် မြေညီထပ်ရှိ သီဟာသနပလ္လင်ပြခန်းရှိ ရွှေပလ္လင်သည် မြန်မာတို့၏ နောက်ဆုံးမင်းဆက်ဖြစ်သည့် ကုန်းဘောင်မင်းဆက်နှောင်းပိုင်းတွင် ဘုရင်မင်းမြတ်တို့ စံမြန်းခဲ့သည့် ရွှေပလ္လင်ဖြစ်သည်။ ရတနာပုံ (မန္တလေး)နန်းမြို့တွင်း၌ ထားရှိခဲ့သော ပလ္လင်လည်း ဖြစ်သည်။ ဤသီဟာသနရွှေပလ္လင်နှင့်အတူ ပလ္လင်နှစ်ခုကို မြန်မာတို့၏ နောက်ဆုံးဧကရာဇ် သီပေါမင်းတရား ပိုင်ဆိုင်ခဲ့သည်။

## စလွယ်ဟူသည်

"ပလ္လင်"သည် မြန်မာတို့၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို လေးလေးနက်နက် ဖော်ကျူးနေသကဲ့သို့ 'စလွယ်'သည် ထီးသုံးနန်းသုံး ရာထူးဌာနန္တရ အမှတ်သင်္ကေတဖြစ်သည်။

လူတို့၏ အဓိပတိဖြစ်သော ရေမြေ့သခင် ဘဝရှင်မင်းတရား ဧကရာဇ်မှစ၍ မင်းညီ မင်းသား၊ မျှူးတော်မတ်တော်တို့ ဆင်ယင်ဆောင်ရွက်သည့် မင်းခမ်းမင်းနားများတွင် စလွယ်ကို ဆင်မြန်းကြသည်။ ဂုဏ်ထူးဆောင်သော အထိမ်းအမှတ်ဖြင့် လက်ဝဲပခုံးစွန်းမှ လက်ျာနံပါးသို့ သွယ်ချဆင်မြန်းရသော ကြိုးကို စလွယ်ဟုခေါ်သည်။ စလွယ်တွင် ဆင်မြန်းထားသော ကြိုးကို ချည်မျှင်ဖြင့် ဖြစ်စေ၊ ငွေဖြင့် ဖြစ်စေ၊ ရွှေဖြင့် ဖြစ်စေ ပြုလုပ်ကြသည်။ မြန်မာမင်းတို့ လက်ထက်တွင် စလွယ်ကို ဗောင်းနားတောင်း စသည်တို့ကဲ့သို့ မင်းညီမင်းသား၊ မျှူးမတ်၊ ပုဏ္ဏားတို့သည် ရာထူး ဌာနန္တရအလိုက် ဆင်မြန်းကြသည်။ မြန်မာမင်းတို့ကား စလွယ်ကို လက်ဝဲပခုံးမှသာမက လက်ျာပခုံးမှလည်း သွယ်ချ၍ ဆင်မြန်းကြသည်။

စလွယ်နှင့်ပတ်သက်၍ ပဒုမုတ္တရာဘုရားရှင်လက်ထက် ဝက္ကလိမထေရ်လောင်း လုလင်သည် စလွယ်တင်လျက် အလှူပေးကြောင်းကို အပဒါန်တွင် ဟောကြားတော်မူသည်ကို ကြည့်ခြင်းအားဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ဆင်ယင်သုံးစွဲပြီဟု သိနိုင်ပေသည်။

တစ်ဖန် သီရိဓမ္မာသောကမင်းတရားကြီး (၂၈၉-၃၂၆ ဘီစီ)သည် သီဟိုဠ်ကျွန်း၌ ဒေဝါနံ ပိယတိဿမင်းသို့ သားမြီးယပ်၊ သင်းကျစ်၊ ထီး၊ သန်လျက်၊ ခြေနင်း၊ ဦးပေါင်း၊ မြတ်သောရတနာဖြင့် ပြီးသောစလွယ်၊

စာမျက်နှာ ၇ သို့

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပ



နေပြည်တော် မတ် ၇

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၄ ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ (ယာပုံ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသည့် သဝဏ်လွှာများကို မှတ်တမ်းတင်ခြင်း၊ ကော်မတီအမည်ပြင်ဆင်ခြင်း၊ ကော်မတီအဖွဲ့ဝင်များ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကော်မရှင်တစ်ခု ရုပ်သိမ်းခြင်း၊ ကော်မတီများ ဖွဲ့စည်းရခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။**

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ အယ်လ်ဂျီးရီးယား ပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဆလိုဗက်သမ္မတနိုင်ငံ အမျိုးသားကောင်စီဥက္ကဋ္ဌ၊ ပြင်သစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ပိုလန်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌတို့ကပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ**ကို **တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ**ဟူ၍ ကော်မတီအမည် ပြင်ဆင်ခြင်းကို လည်းကောင်း၊ **ကော်မတီအဖွဲ့ဝင်များ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်း**တွင် **ပြည်သူ့ငွေစာရင်းကော်မတီ**မှ အဖွဲ့ဝင် ကျောက်ဆည် မဲဆန္ဒနယ်မှ ဒေါက်တာ တင်အောင်အစား တပ်ကုန်း မဲဆန္ဒနယ်မှ ဦးကျော်တင့်အားလည်းကောင်း၊ သယ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးရွှေလှ(ခ) ဦးရွှေလှဝင်းအစား လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်အား လည်းကောင်း၊ ပြင်ဦးလွင် မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်အစား မော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်းအား လည်းကောင်း၊ ဟူမ္မလင်း မဲဆန္ဒနယ်မှ ဦးမျိုးညွန့်အစား ကသာ မဲဆန္ဒနယ်မှ ဦးမြင့်ကြည်တို့အား လည်းကောင်း၊ **လွှတ်တော်အခွင့်အရေးကော်မတီ**မှ အဖွဲ့ဝင် ပင်လောင်း မဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်းအစား ပုသိမ်ကြီး မဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်းအား လည်းကောင်း၊ **တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ**မှအဖွဲ့ဝင် ရွှေတောင် မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး အစား လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်းအား လည်းကောင်း၊ **ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**မှအဖွဲ့ဝင် ပင်းတယမဲဆန္ဒနယ်မှ ဦးစိုးမြင့်အစား ယင်းမာပင် မဲဆန္ဒနယ်မှ ဦးအောင်စိုးအားလည်းကောင်း၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်အစား ပေါက်မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်းအား လည်းကောင်း၊ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ**မှ အဖွဲ့ဝင် ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးအစား ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီးအားလည်းကောင်း၊ **ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ**မှအဖွဲ့ဝင် ရေတာရှည် မဲဆန္ဒနယ်မှ ဦးကြည်မိုးနိုင် အစား ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစောအားလည်းကောင်း၊ ထန်းတပင် မဲဆန္ဒနယ်မှ ဦးဇော်ဝင်း အစား ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာ ဦးခင်မောင်မောင်အား လည်းကောင်း၊ **ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**မှအဖွဲ့ဝင် မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း အစား ဖြူးမဲဆန္ဒနယ်မှ ဦးသန်းညွန့်အားလည်းကောင်း၊ သရက်ချောင်း မဲဆန္ဒနယ်မှ ဦးအောင်စိုး အစား ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်းအား လည်းကောင်း၊ ခန္တီးမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန် အစား ဗန်းမော်မဲဆန္ဒနယ်မှ ဦးကျော်စိုးအား လည်းကောင်း၊ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် အစား ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်းအားလည်းကောင်း၊ **စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**မှအဖွဲ့ဝင် ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျိုး အစား ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင်အားလည်းကောင်း၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး အစား ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာ ဦးအေးမင်းအား လည်းကောင်း၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို အစား သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းအား လည်းကောင်း၊ **ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ**မှ အဖွဲ့ဝင် မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း အစား အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ပြုံးတို့ဖြင့် အစားထိုး ပြင်ဆင်ဖွဲ့စည်းကြောင်း လွှတ်တော်က အတည်ပြုကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ရုပ်သိမ်းကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကော်မတီများ ဖွဲ့စည်းရခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ရက်မြောက်နေ့ အစည်းအဝေးကို မတ် ၈ ရက် နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

ကရား၊ ရွှေဖြင့် ပြီးသော ကျီးခြေသဏ္ဍာန်စသည့်မင်းခမ်းမင်းနားများကို ပေးသနားတော်မူရာတွင် ယင်း၌ စလွယ်ဟူသော စကားရပ်ပါသည်ကို ကြည့်ခြင်းအားဖြင့် (၂၈၉-၃၂၆ဘီစီ)ကတည်းကပင် စတင်ဆင်မြန်းနေပြီဖြစ်ကြောင်း သိရှိနိုင်ပေသည်။

မြန်မာနိုင်ငံတွင် ပြည်မြို့ မှော်ဇာမြို့ဟောင်းမှ အလေးချိန် ၂၅ကျပ်သားရှိ ရွှေစလွယ်အား တူးဖော်တွေ့ရှိရခြင်းကို ကြည့်ခြင်းအားဖြင့် ပျူခေတ်(၂ ရာစု-၉ရာစု)၌ ပျူမင်းတို့ စလွယ်ဆင်မြန်းသည့် အလေ့ရှိခဲ့ပြီဖြစ်ကြောင်း ခိုင်မာစွာပြောနိုင်ပေသည်။ စလွယ်ကို ပျူခေတ်မင်းများမှ အစပြု၍ ယနေ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အထိတိုင် စလွယ်ကို ဆင်မြန်းလာကြသည်။ မြန်မာအကြီးအကဲတို့ စလွယ်ကို ဆင်မြန်းခြင်းသည် အတင့်အတယ်ပြုခြင်းမျှသာ မဟုတ်ပေ။ လေးနက်သော သဘောပါရှိလေသည်။

အမျိုးအကျင့်ကို ဆောက်တည်လို၍ စလွယ်တင်သည်ကို အဘိဓာန်ဋီကာလာသည့် နည်းနှင့်အညီ အကျင့်ကို အမြဲဧကန် ဆောက်တည်လိုသောကြောင့် မင်းဧကရာဇ်မှစ၍ မင်းညီ မင်းသား မှူးတော် မတ်တော်တို့သည် စလွယ်ကို ဆင်ယင်ထုံးစံ ရှိခဲ့ကြသည်။

သက္ကတကျမ်းများ အလိုအရ စလွယ်ကို ဆင်မြန်းကြရသည့် မင်းဧကရာဇ်မှစ၍ စလွယ်တင် မှူးမတ်ပုဏ္ဏားတို့သည်

(က) ကိုယ်နှုတ်ငြိမ်သက်ခြင်း၊

(ခ) ကိုယ်နှုတ်ဆုံးမခြင်း၊

(ဂ) ကိလေသာကို ခေါင်းပါးအောင် ခြိုးခြံခြင်း၊

(ဃ) စင်ကြယ်ခြင်း၊

(င) ရောင့်ရဲခြင်း၊

(စ) သည်းခံခြင်း၊

(ဆ) သဘောဖြောင့်မတ်ခြင်း၊

(ဇ) ရတနာသုံးပါး၌ဆည်းကပ်ခြင်း၊

(ဈ) သူတစ်ပါးကို သနားလေ့ရှိခြင်း၊

(ည) အမှန်အကန်ကို ပြောဆိုလေ့ရှိခြင်း စသည့် ကျင့်ဝတ်(၁၀)ပါးကို လိုက်နာကြရသည်။

ညောင်ရမ်းခေတ်(ခရစ်နှစ် ၁၆၀၀-၁၇၅၂)တွင် ထီးသုံးနန်းသုံး စလွယ်ကို သာမန်ပုဂ္ဂိုလ်တို့၏ ရှင်ပြုပွဲများတွင် ရှင်လောင်းများအား ဝတ်ဆင်စေခြင်း အလေ့ရှိနေပြီဟု အင်ရုံစာတမ်း (လောကဗျူဟာကျမ်း)တွင် တွေ့ရလေသည်။ ယင်းသို့ ညောင်ရမ်းခေတ် ဟံသာဝတီရောက် မင်းတရားလက်ထက်(ခရစ်နှစ် ၁၇၃၃-၁၇၅၂) ရှင်လောင်းများကို စလွယ်သင်းကျစ်ဆင်၍ သာကီဝင်မင်းမျိုးသို့ သွတ်သွင်းတော်မူခြင်းမှ အစပြုကာ ယနေ့တိုင် ကျင့်သုံးလျက် ရှိနေသည်ကို တွေ့ရပေသည်။

ပဒေသရာဇ်ခေတ်တွင် စလွယ်ဆင်မြန်းခဲ့ကြသော်လည်း ကိုလိုနီခေတ်တွင် စလွယ်ဆင်မြန်းခြင်းမျိုး ပြုလုပ်ကြသည်ကို မတွေ့ရပေ။သို့သော် ဂျပန်ခေတ် (၁၉၄၂-၁၉၄၅)တွင် အဓိပတိ ဒေါက်တာ ဘမော်အား ဘိသိက်သွန်းအခမ်းအနားပြုလုပ်ရာတွင် စလွယ်ဆင်မြန်းသည်ကို တွေ့ရသည်။ လွတ်လပ်ရေးရပြီးနောက် သမ္မတစဝ်ရွှေသိုက်၊ သမ္မတမန်းဝင်းမောင်မှ အစပြု၍ ဘိသိက်သွန်းအခမ်းအနားများဖြင့် စလွယ်ဆင်မြန်းလာကြသည်မှာ ယနေ့တိုင်အထိပင် ဖြစ်သည်။

**ကျက်သရေပြည့်ဝလှ**

ပလ္လင်နှင့်ပတ်သက်၍ မယဒေဝလင်္ကာ ဘုန်းတော်ဘွဲ့ခဏ်း၌ ဖွင့်ဆိုထားသည်။

ပလ္လင်သည်မြတ်စွာဘုရားသခင်၊ ဓမ္မကထိက၊ ဗြဟ္မာမင်း၊ နတ်မင်း၊ လူမင်းတို့ထိုင်သည့် နေရာဖြစ်ပေရာ ဘုန်းကျက်သရေအပေါင်းနှင့် ပြည့်ဝလှသည်။

ရာဇပလ္လင်(ခေါ်)လူမင်းတို့ ထိုင်ရာနေရာဟူသည် မြင့်မြတ်သည့်နေရာ တစ်နေရာအဖြစ် ပြည်သူတို့က ရှုမြင်ကြသည်။

နိုင်ငံတော် အကြီးအကဲတာဝန် လွှဲပြောင်းသည့် အခမ်းအနားကို နိုင်ငံတော်သမ္မတ အိမ်တော်တွင် ကျင်းပနိုင်ရေးအတွက် လျာထားချက်ကို နိုင်ငံတော် အကြီးအကဲတာဝန်လွှဲပြောင်းမှု အထောက်အကူပြု ကော်မတီက အဆိုပြုခဲ့သည်ဟု တို့နိုင်ငံသားများ ကြားသိခဲ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာရှိခဲ့ကြရသည်။

သမ္မတ တာဝန်လွှဲပြောင်းရာတွင် အစိုးရအဖွဲ့က သမ္မတအိမ်တော်တွင် 'ပလ္လင် 'နှင့်' 'စလွယ်' အဆောင်အယောင်များနှင့်တကွ အခမ်းအနားပြုလုပ်ရန် ကောင်းမွန်စွာ တလေးတစား စီမံထားရှိခြင်းမှာ လက်ရှိအစိုးရအဖွဲ့၏ စိတ်စေတနာအမှန်အဖြစ် တို့နိုင်ငံသားတို့က ရှုမြင်ကြသည်။

ပလ္လင်နှင့်စလွယ်တို့သည် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်း၏ အတိတ်နိမိတ်၊ နိုင်ငံတော်ကြီး အေးချမ်းသာယာကာ ကမ္ဘာ့အလယ် တင့်တယ်ဝင့်ထည်မည့် အတိတ်နိမိတ်အဖြစ် ရိုးရာယဉ်ကျေးမှုအရ အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဘဝေါတို့ကို လက်ခံကြသော တို့နိုင်ငံသားတို့က အလေးအနက်မှတ်ယူကြ၏။

တို့နိုင်ငံတွင် ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် အဓိကကျသည့် အဆင့်တစ်ခုဖြစ်သော ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးကို တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် တို့နိုင်ငံသားများအားလုံး ဝှဲချီးထိုက်စွာ မုဒိတာပွားခဲ့ကြရပြီး ဖြစ်သည်။

"ဇမ္ဗူဒိပ် နိမိတ်ထွန်း"စကားနှင့်အညီ ပလ္လင်နှင့် စလွယ်တို့သည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှသည့် အမှတ်သင်္ကေတများဖြစ်ကြသည်။ ဧကန်မုချ ပလ္လင်နှင့်စလွယ်တို့သည် ရွှေနန်းတော်ကို ရည်ညွှန်းခြင်းမဟုတ်မူ၍ လွတ်လပ်ခြင်း၊ အချုပ်အခြာအာဏာ ပိုင်စိုးခြင်း၊ မြင့်မြတ်ခြင်း၊ ခန့်ညားခြင်း၊ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံခြင်းတို့၏ သင်္ကေတများ ဖြစ်ကြသည်။

တို့နိုင်ငံတော် လွတ်လပ်ရေးရပြီးနောက် ပထမဦးဆုံးသော နိုင်ငံတော်သမ္မတစဝ်ရွှေသိုက်လက်ထက်မှစ၍ အစဉ်အဆက် နိုင်ငံတော် သမ္မတများက သီဟာသနပလ္လင်ကို နောက်ခံထားပြီး တွေ့ဆုံမှုများ ပြုလုပ်ခဲ့ကြသည်။

အချုပ်အခြာ အာဏာပိုင်စိုးမှု၊ ကိုယ့်ထီး ကိုယ်နန်း ကိုယ့်ကြငှန်းကို ကိုယ်စားပြုမှု စသည့် အမှတ်သင်္ကေတများနှင့် ပြည့်စုံပြီး အနက်အဓိပ္ပာယ် နက်ရှိုင်းလှသည့် ပလ္လင်နှင့် စလွယ်တို့ကို တို့နိုင်ငံသားများ တစ်ရပ်လုံးက ရှေးပဝေသဏီကာလမှစ၍ ကျင့်သုံးလာခဲ့သော ဓလေ့ထုံးစံများအဖြစ် အမွှန်အမြတ်ထား ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။

ပလ္လင်နှင့်စလွယ်တို့သည် တို့နိုင်ငံတော်၏ အမြင့်မြတ်ဆုံး အမှတ်သင်္ကေတများ ဖြစ်ပေရာ မည်သူပင်သမ္မတဖြစ်လာစေကာမူ အမြဲထာဝရ ကျင့်သုံးအပ်သော သမိုင်းအစဉ်အလာအဖြစ် ရှိနေသင့်ပေသည်။

ထို့အတူပင် လွှတ်တော်အဆောင်အယောင်များ ဆောင်ရွက်ရာတွင်လည်း အတိတ်သမိုင်း ထုံးဓလေ့များကို မမေ့မပျောက်ကြဘဲ ဆက်လက်၍ ဂရုဓမ္မတရားဖြင့် တန်ဖိုးထားရပေလိမ့်မည်။

တို့နိုင်ငံတော် လွတ်လပ်ရေးရပြီးချိန်မှစ၍ ရှေးလူကြီးသူမတို့က ဘိုးစဉ်ဘောင်ဆက် အမွှန်အမြတ်သတ်မှတ်ထားသော ယဉ်ကျေးမှုထုံးဓလေ့များကို ခေတ်လူတို့မှသည် မျိုးဆက်သစ်တို့အထိတိုင်အောင် သင့်တင့်လျော်ကန်စွာ တန်ဖိုးထားကြဖို့ ဂါရဝတရားဖြင့် လေးစားစွာ တင်ပြအပ်ပါသည်။ ။

> **ပလ္လင်နှင့် စလွယ်တို့သည် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်း၏ အတိတ်နိမိတ်၊ နိုင်ငံတော်ကြီး အေးချမ်းသာယာကာ ကမ္ဘာ့အလယ် တင့်တယ်ဝင့်ထည်မည့် အတိတ်နိမိတ်အဖြစ် ရိုးရာယဉ်ကျေးမှုအရ အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဘဝေါတို့ကို လက်ခံကြသော တို့နိုင်ငံသားတို့က အလေးအနက်မှတ်ယူ**

ကျမ်းကိုး


၁။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၃၊ (၁၉၅၆)

၂။ အမရပူရ ပဌမ မြို့တည် နန်းတည် ဘိုးတော် ဗဒုံမင်းတရား မေးလျှောက်၍ ပဌမမောင်းထောင် သာသနာပိုင် ဆရာတော်ဘုရားကြီး ဖြေဆိုတော်မူအပ်သော အမေးတော်ဖြေ၊ ရန်ကုန်၊ ပဒေသာပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၆၁။

၃။ ဇေယျသင်္ခယာ၊ရွှေဘုံနိဒါန်း၊ ရန်ကုန် ဟံသာဝတီပုံနှိပ်တိုက်၊ ဒု ကြိမ် ၁၉၆၀။

၄။ ဦးမင်းနိုင်၊ သီဟာသနပလ္လင်နှင့် သိမှတ်ဖွယ်ရာများ၊ ဒေါင်းမြန်မာဂျာနယ်၊ (၁၂-၈၈)၊ စာ ၁၅၊ ၁၇။

၅။ ခင်မောင်ဖြူ(ယဉ်ကျေးမှု)၊ သီဟာသနရွှေပလ္လင်၊ ငွေတာရီမဂ္ဂဇင်း(၁၉၈၂၊ နိုဝင်ဘာ)၊ စာ ၅၅ ၊ ၅၉။

၆။ **Yi Yi ' The Thrones of the Burmese Kings ', JBRS, XLIII, II Dec 1960, PP.97-123.**

၇။ မြန်မာ့ပလ္လင်၊ သန်းဝင်းလှိုင်၊ ၂၀-၇-၂၀၁၃ **( blog.moemaka.com )**

၈။ ဆရာတိုက်စိုး၊ ဝသုန္ဓရီနှင့် ရိုးရာအထိမ်းအမှတ်များစာအုပ်မှ ကောက်နုတ်ချက်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၇**

မီးဘေးသင့် ပြည်သူများအတွက် စေတနာရှင်များက အလှူငွေနှင့် အလှူပစ္စည်းများကို ထောက်ပံ့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်(ရုံးချုပ်)၌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ် ၂၈၀၀၀၀၀ နှင့် ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ အဝတ်အထည်များ၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖေယျကျော်ထင် ဦးဝင်းသန်း-ဒေါ်ရီရီဝင်း (သား၊ သမီး၊ မြေးတစ်စု)က ငွေကျပ် ၂၀၀၀၀၀ တို့ကို လာရောက်လှူဒါန်းခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ရွှေဘိုမြို့နယ် မြို့သူ၊ မြို့သားများနှင့် ဂီတညီအစ်ကိုမောင်နှမများက ငွေကျပ် ၂၄၁၈၀၀၀၊ မွန်ပြည်နယ် ဦးစီးမှူးရုံး၌ မွန်ပြည်နယ် သစ်တောဦးစီးဌာနက ငွေကျပ် ၅၀၀၀၀၀ တို့ကို လှူဒါန်းသည်။

သို့ဖြစ်၍ ယနေ့ရရှိငွေမှာ ငွေကျပ် ၅၉၁၈၀၀၀ ဖြစ်ပြီး ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ လှူဒါန်းရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၂၅၆၇၄၂၂၅၀ နှင့် အမေရိကန်ဒေါ်လာ ၃၀၂၀၀ ဖြစ်ပြီး ယင်းရရှိငွေများအနက် ဖေဖော်ဝါရီ ၁၅ ရက်အထိ ရရှိငွေစုစုပေါင်း ငွေကျပ် ၁၀၈၇၃၂၃၀၀ ကို နမ့်ဆန်မြို့သို့ ငွေကျပ် ၃၅၁၇၀၃၀၀ ကိုလည်းကောင်း၊ လပွတ္တာမြို့သို့ ငွေကျပ် ၄၃၅၆၂၀၀၀ ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ဖျောက်ဆိပ်ကုန်းကျေးရွာမီးဘေးသို့ ငွေကျပ် ၃၀၀၀၀၀၀၀ ကိုလည်းကောင်း သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးကော်မတီများသို့ လွှဲပြောင်းပေးပို့ခဲ့ပြီးဖြစ်၍ ဖေဖော်ဝါရီ ၁၆ ရက်မှ ယနေ့အထိ ထပ်မံရရှိခဲ့သည့် လက်ကျန်ငွေကျပ် ၁၄၈၀၀၉၉၅၀နှင့် အမေရိကန်ဒေါ်လာ ၃၀၂၀၀ တို့ကိုလည်း ဆက်လက်လွှဲပြောင်းပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တအဂ္ဂိယရိယာဘိဝံသ ပျံလွန်တော်မူ

**နေပြည်တော် မတ် ၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် (အရှေ့တိုက်)တိုက်အုပ်နာယက စာချဆရာတော် နိုင်ငံတော် သြဝါဒါစရိယ (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တအဂ္ဂိယရိယာဘိဝံသသည် သက်တော် (၈၃)နှစ်၊ သိက္ခာတော် (၆၃)ဝါအရ ၁၃၇၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက် (၇-၃-၂၀၁၆) တနင်္လာနေ့ နံနက် ၆ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



# သောက်သုံးရေအတွက် စက်ရေတွင်းတူးရာတွင် ငွေကြေးလုံလောက်မှုမရှိ၍ နတ်မောက်ဒေသခံများ အခက်ကြုံ

**မိတ္ထီလာ မတ် ၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အင်တောကျေးရွာတွင် ယခင်စက်ရေတွင်းဟောင်းမှာ သက်တမ်းကြာမြင့်လာသောကြောင့် ရေကောင်းရေသန့် ထွက်ရှိခြင်းမရှိတော့သဖြင့် ဒေသခံပြည်သူများ စုပေါင်း၍ သောက်သုံးရေအဆင်ပြေစွာ အသုံးပြုနိုင်ရေးအတွက် အနက် ပေ ၉၀၀ ရှိ စက်ရေတွင်းတူးလျက်ရှိရာ ငွေကြေးလုံလောက်မှုမရှိသဖြင့် အခက်အခဲကြုံတွေ့လျက်ရှိကြောင်း သိရသည်။

အင်တောကျေးရွာ၌ အိမ်ခြေ ၁၂၀ ရှိပြီး လူဦးရေ ၆၀၀ ကျော်ရှိကြောင်း သိရသည်။ သောက်သုံးရေရှားပါးသည့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အင်တောကျေးရွာနေထိုင်သူများအနေဖြင့် သက်တမ်း ၃၅ နှစ်ရှိ စက်ရေတွင်းဟောင်းမှ ရေကိုရယူသုံးစွဲရန် အခက်ကြုံသည့်အချိန်တွင် နီးစပ်ရာကျေးရွာများသို့ နွားလှည်းရေစည်များဖြင့် သောက်သုံးရေ သွားရောက်သယ်ဆောင်အသုံးပြုနေရပြီး ယင်းကျေးရွာတွင် ပေ ၉၀၀ အနက်ရှိ စက်ရေတွင်းတူးဖော်ရာတွင် ထပ်မံလိုအပ်သည့်ငွေကြေးကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းကူညီလှူဒါန်းလိုသူများအနေဖြင့် ဖုန်း-၀၉-၂၅၆၁၉၇၂၂၃ သို့ လည်းကောင်း၊ အင်တောကျေးရွာသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မုဒုံမြို့နယ်စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားမှု ကြည့်ရှုစစ်ဆေး

**မုဒုံ မတ် ၇**

မတ် ၉ ရက်တွင် စတင်ဖြေဆိုကြရမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မုဒုံမြို့နယ်အတွင်းဖွင့်လှစ်သည့် စာစစ်ဌာနလေးခု၌ ဖြေဆိုကြရမည့် ကျောင်းသားကျောင်းသူများ အေးချမ်းလုံခြုံစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် အဆိုပါစာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားမှုများကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်ခရိုင်ပညာရေးမှူး၊ မုဒုံမြို့နယ်ပညာရေးမှူးနှင့် မြို့နယ်ပညာရေးအထောက်အကူပြုအဖွဲ့ဝင်များ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ကိုချစ်**

# အိမ်သုံးရေအလွယ်တကူသုံးစွဲရသော်လည်း နွေရာသီ ရေးမြို့ နေအိမ်တချို့၌ ရေအခက်ကြုံ

**ရေး မတ် ၇**

မွန်ပြည်နယ် ရေးမြို့ မြို့ပေါ် (၉)ရပ်ကွက်ရှိသည့်အနက် အောင်မေတ္တာတိုးချဲ့ကွက်သစ် ကုန်းပိုင်းရှိ လူနေအိမ်တချို့မှာ နွေရာသီကာလရောက်တိုင်း ရေသယ်ကားများဖြင့် အိမ်သုံးရေ ဝယ်ယူသုံးစွဲလျက်ရှိကြောင်း သိရသည်။

"ရေကိုးပီပါခန့်ပါရှိတဲ့ ရေသယ်ကား တစ်ကားကို ငွေကျပ် ၃၅၀၀ ကနေ ၅၀၀၀ အထိ ပေးဝယ်ရပြီး အရင်လတွေကျတော့ ပုဂ္ဂလိကပိုင် ရေပေးဝေ ဖြန့်ဖြူးရေးလုပ်ငန်းက ရေငါးပီပါဆံ့ ရေမီတာ ၁ ယူနစ်ကို ငွေကျပ် ၃၀၀ နဲ့ အိမ်သုံးရေတွေကို အလွယ်တကူ သုံးစွဲရပေမယ့် နွေရာသီမှာ ရေပြတ်လပ်မှုကြုံရတဲ့ အခက်အခဲတော့ ရှိပါတယ်"ဟု အောင်မေတ္တာ တိုးချဲ့ကွက်သစ် ရပ်ကွက်နေ ဦးစိုးနိုင်က ပြောသည်။

လက်ရှိ နွေရာသီကာလတွင် မေတ္တာမွန်ပုဂ္ဂလိကပိုင် ရေဖြန့်ဖြူးရေးလုပ်ငန်းကို သဘာဝတောင်ကျ စိမ့်စမ်းရေအရင်းအမြစ်မှ တစ်ဆင့် မြေအောက် ရေသွယ်ပိုက်စနစ်ဖြင့် ရေပေးဝေနေရာ မြို့ပေါ်ရပ်ကွက်များမှ အောင်မင်္ဂလာ၊ အောင်မေတ္တာ၊ အောင်သုခရပ်ကွက်အပြင် ချောင်းတောင်ကျေးရွာနှင့် ဝယ်ရက်ကျေးရွာမှ အိမ်ခြေစုစုပေါင်း ၇၀၀ ကျော်မှာ ရေသုံးစွဲကြသည့် တစ်လတာ ပျမ်းမျှ ရေပီပါပေါင်း လေးသောင်းခန့် သုံးစွဲနေကြောင်း သိရသည်။

ပုဂ္ဂလိက ရေဖြန့်ဖြူးရေး လုပ်ငန်း လုပ်ကိုင်နေသော သဘာဝစိမ့်စမ်းရေမှ အိမ်အရောက်ပို့စနစ် ရေသွယ်ပိုက်လုပ်ကိုင်သူကဲ့သို့ တစ်ပိုင်တစ်နိုင် စက်ရေတွင်းနှင့် ရေသွယ်ပိုက်များဖြင့် အိမ်အရောက်ပို့ လုပ်ကိုင်သူများအပြင် ရေသန့်စက်ထုတ်လုပ်သူများက သောက်သုံးရေသန့်ဘူးများကို အိမ်တိုင်ရာရောက် တစ်ဘူးလျှင် ငွေကျပ် ၅၀၀ ဖြင့် လိုက်လံရောင်းချပေးနေပြီး တစ်ပိုင်တစ်နိုင် ရေသယ်ကားများ၊ ရေလှည်းဖြင့် ပို့ဆောင်ရောင်းချနေသူများနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဦးဆောင်မှုဖြင့် စက်ရေတွင်း ရေသိုလှောင်ကန်မှတစ်ဆင့် နေအိမ်များ အရောက်ပို့ ပိုက်သွယ်စနစ်များကိုလည်း မတ်လအတွင်း အကောင်ထည်ဖော် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

● *ကျောဖုံးမှ*

**မဂျမ်းစိန်**

ညောင်ကွဲမြစ်ဆိပ်မှာ နေပါတယ်။ မိသားစုလေးယောက်ရှိပါတယ်။တိုက်ခန်းရဲ့ သုံးထပ်မြောက်မှာ နေရမှာပါ။ အများနေရသလို ကျွန်မတို့လည်း တန်းတူနေရတဲ့အတွက် ဝမ်းသာပါတယ်။ နေရာအတွက် မဲနှိုက်တာကလည်း ရှင်းရှင်းလင်းလင်းနဲ့ ကျေနပ်မှုရှိပါတယ်။

**မကြည်သာမင်း**

အမျိုးသားက သဲလုပ်ငန်းလုပ်တဲ့အတွက် ကမ်းနားလမ်း သဲဆိပ်မှာ နေပါတယ်။ မိသားစုလေးယောက်နဲ့ ကြုံသလို လုပ်ကိုင်စားသောက်နေတာပါ။ ပထမအထပ် မဲပေါက်ပါတယ်။ သူများတွေလိုနေချင်လို့ လျှောက်တာပါ။ ကိုယ့်နေရာကို နေချင်ပေမယ့် အခုလို တိုက်ကြီးနဲ့ နေရတော့မယ်ဆိုတော့လည်း စိတ်ထဲမှာပျော်နေပါတယ်။ ကလေးတွေအတွက်တော့ လုံခြုံမှုရှိသွားတယ်။

**ကိုနိုင်လင်းဦး**

ဇနီးမောင်နှံ နှစ်ယောက်တည်းရှိပါတယ်။ မြေညီထပ်ထောင့်စွန်းမှာ မဲပေါက်တဲ့အတွက် ကံထူးသူလို့ ပြောနေကြပါတယ်။ အရင်က တဲနဲ့ဖြစ်သလိုနေရပြီး အခုလို တိုက်နဲ့နေရတော့မယ်ဆိုတော့ နည်းနည်းတော့ ဘဝင်မြင့်ချင်သွားပါတယ်။ မဲနှိုက်တဲ့စနစ်ကလည်း ပွင့်လင်းမြင်သာမှုရှိတဲ့အတွက် ကျေနပ်ပါတယ်။

**ဒေါ်ရီ**

ဒီမြစ်ဘေးက မရမ်းခြံဆိပ်ကမ်းမှာ တဲထိုးပြီးနေပါတယ်။ သားအမိနှစ်ယောက်တည်းရှိပါတယ်။ သားက ထင်းပေါက်ပြီး လုပ်ကျွေးနေတာပါ။ အခုလိုနေနိုင်အောင် လုပ်ပေးတဲ့အတွက် ဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ လခအတွက်တော့ ပိုက်ဆံတော့ စုရမယ်။ အသက်ကြီးလို့ အောက်ထပ်မှာ နေချင်ပေမယ့် မဲနှိုက်တာ သုံးထပ်မှာ ပေါက်တယ်လေ။ ဒါပေမယ့် အခုလို အသက်ကြီးတဲ့အချိန် လုံလုံခြုံခြုံနဲ့ နေခွင့်ရတဲ့အတွက် ဝမ်းသာလွန်းလို့ မျက်ရည်တောင် လည်မိပါတယ်။

**ဦးခင်မောင်တင်(မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး)**

အဓိက ရည်ရွယ်ချက်ကတော့ ဧရာဝတီ မြစ်ကမ်းတစ်လျှောက် သာယာလှပပြီး အခြေခံလူတန်းစားတွေ လူနေမှုဘဝမြင့်မားစေဖို့ စေတနာထား လုပ်ပေးတာဖြစ်ပါတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့က ငါးဘီလီယံနဲ့ မန္တလေးမြို့တော် စည်ပင်က ခြောက်ဘီလီယံ အကုန်အကျခံပြီး တည်ဆောက်ပေးထားတာဖြစ်ပါတယ်။ ဒီအငှားအိမ်ရာအတွက် အခန်းပေါင်း ၁၅၈၄ ခန်း ဆောက်လုပ်ထားပြီး နေထိုင်ခွင့်လျှောက်ဖို့ လျှောက်လွှာတွေ အခမဲ့ ဖြန့်ဝေပေးခဲ့တာ ဖြစ်ပါတယ်။ လျှောက်ထားသူတွေကိုယ်တိုင် မဲစနစ်နဲ့ အခန်းနေရာတွေကို ချထားပေးတာပါ။ လျှောက်ထားတဲ့အချိန်မှာ အိမ်ထောင်စုစာရင်းနဲ့ မှတ်ပုံတင် ပါရမယ်။ အဲ့ဒီလို မပြည့်စုံသေးတဲ့သူတွေနဲ့ နောက်ထပ်လျှောက်ထားလိုသူတွေအတွက် နောက်လမှာ ဒုတိယအသုတ်အနေနဲ့ လျှောက်ထားဖို့ကြေညာထားပါတယ်။ ငှားရမ်းခကိုတော့ ဘယ်အထပ်မှာနေနေ တစ်လကို တစ်ကြိမ် ငွေကျပ် ၃၀၀၀၀ သွင်းပြီး နေထိုင်ဖို့ သတ်မှတ်ထားပါတယ်။ နောက်အပတ်မှာ စာချုပ်ချုပ်ပြီး ငွေသွင်းတဲ့နေ့မှာ အခန်းအပ်မှာပါ။ ဧပြီ ၁ ရက်မှာ စတင်နေထိုင်ခွင့်ရတော့မှာ ဖြစ်ပါတယ်။ နောက်ထပ် လျှောက်ထားတဲ့သူတွေကလည်း ယခင်ထုတ်ပြန်သတ်မှတ်ထားတဲ့အတိုင်း ဧရာဝတီ မြစ်ကမ်းနံဘေးမှာ နေထိုင်ကြတဲ့သူတွေပဲ လျှောက်ထားလို့ရမှာဖြစ်ပါတယ်။

**ဦးဆန်းလွင်**

မိသားစုသုံးဦးနဲ့ မရမ်းခြံဆိပ်ကမ်းမှာနေပါတယ်။သဲ ထုတ်လုပ်ငန်းလုပ်ပါတယ်။ အရင်က တဲနဲ့ဖြစ်သလို မိုးမလုံလေမလုံနေရပြီး အခုလို တိုက်နဲ့နေရတော့ လုံခြုံစိတ်ချသွားလို့ ပျော်ပါတယ်။ ဘဝတူတွေ အခုလို တိုက်ခန်းတွေနဲ့ အဆင့်မြင့်မြင့် နေခွင့်ရတာ မြင်ရတော့ ဝမ်းသာရပါတယ်။ ဒီအစီအစဉ်ကို ဆောင်ရွက်ပေးတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။



ကိုယ်တိုင်နှိုက် မဲစနစ်ဖြင့် အငှားအိမ်ရာ လာရောက်လျှောက်ထားသူများကို တွေ့ရစဉ်။

# တောင်ကြီးမြို့၌ အဆင့်မြင့်ယာဉ်ရပ်နားစခန်းနှင့်စီးပွားရေးဇုန်ခြောက်ခု တည်ဆောက်




သတင်းဆောင်းပါး - မြင့်မြတ်သစ္စာ
ဓာတ်ပုံ - ဇွဲမာန်

မြန်မာပြည်တွင် တစ်ခုတည်းသာရှိသော နိုင်ငံတကာအဆင့်မီ စီးပွားရေးဇုန်ဖြစ်သည့် တောင်ကြီးစီးပွားရေးဇုန် (TBC)ကို စင်ကာပူနိုင်ငံတွင် တည်ဆောက်သောပုံစံအတိုင်း တောင်ကြီးမြို့ လေးမိုင်တောင်ကြီး-ဟိုပုံးကားလမ်းမနံဘေးတွင် တည်ဆောက်လျက်ရှိသည်။ အမှတ်(၂)အာရှလမ်းမကြီးဖြစ်လာမည့် ထိုလမ်းမကြီးနံဘေးတွင် အဆင့်မြင့်ယာဉ်ရပ်နားစခန်းကိုတည်ဆောက်နေခြင်းဖြစ်၍ တောင်ခြေရှိ အေးသာယာအဝေးပြေးယာဉ်ရပ်နားစခန်းထိ သွားရောက်စီးနင်းစရာမလိုတော့ဘဲ တောင်ပေါ်မှ တိုက်ရိုက်စီးနင်းနိုင်ပြီဖြစ်သည့်အပြင် ရုပ်ရှင်ရုံ၊ ဟိုတယ်၊ ဘဏ်အပါအဝင် စီးပွားရေးဇုန်ခြောက်ခုကို ပြည်နယ်အစိုးရအဖွဲ့နှင့်ပူးပေါင်းကာ တည်ဆောက်လျက်ရှိသည်။

မြေ ၄၅ ဒသမ ၉၈ ဧကအကျယ်တွင် ၆ ဒသမ ၆၆ ဧကအကျယ်ရှိသောမြေနေရာ၌ လူနေဈေးဆိုင်ခန်း ၇၁ လုံး၊ ၉ ဒသမ ၃၄ ဧကအကျယ်ရှိသောမြေတွင် လူနေတိုက်ခန်းများ၊ ရုပ်ရှင်ရုံ ၊ အများပြည်သူနားနေရန် နေရာ၊ ဟိုတယ်နှင့် ဘဏ် တို့ကို လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပခရီးသွားများအတွက် ၆ ဒသမ ၂၈ ဧကအကျယ်တွင် ယာဉ် ၂၄ စီး ရပ်နားရန်နေရာနှင့် အဆောက်အအုံများကို လည်းကောင်း၊ ၁၁ ဒသမ ၉၀ ဧကအကျယ်တွင် ကုန်သိုလှောင်ရုံ အလုံး ၅၀ ကို လည်းကောင်း၊ ၇ ဒသမ ၁၇ ဧက အကျယ်တွင် နှစ်ခန်းတွဲအိမ်ရာကို လည်းကောင်း၊ ၄ ဒသမ ၆၇ ဧကတွင် ကားပါကင်တို့ကို လည်းကောင်း တည်ဆောက်ထားရှိကာ စူပါမားကတ်နှင့် ကြယ်သုံးပွင့်အဆင့်ရှိ ဟိုတယ်ကိုလည်း ပြည်တွင်း၊ ပြည်ပခရီးသွားများ တည်းခိုနိုင်ရန် တည်ဆောက်လျက်ရှိသည်။ ယခု တည်ဆောက်နေသော တောင်ကြီးအဆင့်မြင့် ယာဉ်ရပ်နားစခန်းစီမံကိန်းသည် တောင်ကြီး-ဟိုပုံးကားလမ်းနံဘေးနှင့် တောင်ကြောဆင်ခြေလျှောတွင် တည်ဆောက်ခြင်းဖြစ်၍ အောက်ခံမြေသားသည် ကျောက်တုံးပေါ်များသောကြောင့် ရေရရှိရန် ပေ ၅၅၀ တွင် တူးဖော်ရရှိခဲ့ပြီ ဖြစ်သည်။ သုံးစွဲပြီးရေများကို သစ်ပင်ပန်းမန်နှင့် ယာဉ်များ ဆေးကြောရာတွင် အသုံးပြုနိုင်ရန် ရေဆိုးသန့်စင်စက်ကို ထားရှိပြီးဖြစ်သည်။ အဝေးပြေးဂိတ် ၂၄ ဂိတ်တွင် (၃၆×၃၃)ပေ နှစ်ထပ် အဆောက်အအုံများ တည်ဆောက်ထားပြီး ခရီးသည် ၅၀ စီနားခိုနိုင်ကာ ကုန်သိုလှောင်ရုံ အလုံး ၅၀၊ လူနေဈေးဆိုင်ခန်း ၂၁ လုံးနှင့် အများပြည်သူ နားနေနိုင်ရန် နေရာထားရှိလျက် ပေ (၂၆၀×၁၅၀)မြေနေရာတွင် ပြည်နယ်၏ အခမ်းအနားပွဲများ၊ ပရိုမိုးရှင်းပွဲများကျင်းပနိုင်ရန် အဆောက်အအုံတို့ကိုလည်း တည်ဆောက်လျက်ရှိသည်။ ဇုန်အလိုက်အားဖြင့် (A) မှ(F)အထိ တည်ဆောက်လျက်ရှိပြီး တောင်ကြီးအဆင့်မြင့်ယာဉ်ရပ်နားစခန်းစီမံကိန်း၏ မျက်နှာချင်းဆိုင်တွင် တောင်ကြီးမြို့၏ ပြည်သူ့ဝန်ထမ်းအငှားအိမ်ရာကို တည်ဆောက်နေသည့်အတွက် နိုင်ငံတကာအဆင့်မီ ယာဉ်ရပ်နားစခန်းနှင့် မားကတ်၊ ရုပ်ရှင်ရုံနှင့်ဘဏ် အဆင်သင့်ရှိသောကြောင့် ဝန်ထမ်းတို့အတွက်ခရီးသွားလာမှုနှင့် နေထိုင်မှုအတွက် အထူးအဆင်ပြေစေသည်။

ယခု တည်ဆောက်မှုမှာ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီး လျှပ်စစ်မီး၊ ရေနှင့်သပ်ရပ်လှပသော ဝင်လမ်းထွက်လမ်းများဖြင့် စင်ကာပူနိုင်ငံ၏ ကားဝင်းကဲ့သို့ တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ရေကို ဂါလန် ၁၅၀၀၀ မှ ၃၀၀၀၀ အထိ စီမံထားရှိကာ ရေကို ပြန်လည်အသုံးပြုနိုင်သောစနစ်ထားရှိသည့်အပြင် သဘာဝဝန်းကျင်ထိန်းသိမ်းရေးကိုလည်း ဆောင်ရွက်ထားရှိကြောင်း၊ တည်ဆောက်ရေးနေရာမှ ထင်းရှူးပင်များကို ယန္တရားစက်ဖြင့် စနစ်တကျ ရွှေ့ပြောင်း၍ အာရှအမှတ်(၂)လမ်းမကြီးနံဘေးတွင် ပြန်လည်စိုက်ပျိုး ထားသည့်အတွက် သစ်တောပြုန်းတီးမှုကို ထိန်းသိမ်းကာကွယ်ထားကြောင်း၊ ကားဝင်းအတွင်းခရီးသည်များ လုံခြုံစိတ်ချမှုရှိစေရန် ဝင်ပေါက်၊ ထွက်ပေါက် အပါအဝင် CCTV ၄၈ လုံး တပ်ဆင်မည့်အပြင် ခရီးသွားများ အရေးပေါ်ကိစ္စရပ် ကြုံတွေ့ပါက စုစည်းနားခိုနိုင်ရန် ပေ (၁၀၀×၂၀၀) အကျယ်ရှိရင်ပြင်တစ်ခုကို ထားရှိပေးထားကြောင်း စီမံကိန်းမန်နေဂျာက ပြောသည်။

တောင်ကြီးမြို့၏ စီးပွားရေးဇုန်ဖြစ်သော အဆိုပါစီမံကိန်းသည် ပြည်တွင်း ပြည်ပခရီးသွားတို့အတွက် တစ်နေရာတည်းတွင် ပြည့်စုံသော ဝန်ဆောင်မှုကိုရရှိစေမည့်အပြင် မြန်မာပြည်တွင် တစ်ခုတည်းသာရှိသော နိုင်ငံတကာအဆင့်မီ စီးပွားရေးစင်တာ (TBC) တစ်ခုအဖြစ် မကြာမီအချိန်တွင် တွေ့မြင်လာရတော့မည် ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



## သောက်သုံးရေပြတ်လပ်နေသော ကျေးရွာများသို့ ရေများပေးပို့လှူဒါန်း

**သာစည် မတ် ၇**

၂၀၁၆ ခုနှစ် အယ်နီညိုအကျိုးသက်ရောက်မှုဖြစ်စဉ်ကြောင့် ဖြစ်ပေါ် လာမည့် အပူဒဏ်ခံစားရရှိနိုင်မှုရှိသည့်အတွက် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ ရွာပုလဲကြီး၊ ကန်ရှည်၊ သဲပုတ်ကုန်း၊ ဘွဲ့ခြား၊ ကျီတိုင်ကုန်း(မြောက်)ရွာ၊ ကြာဘက်ကုန်း၊ အုတ်ဖို ၊ ဥသျှစ်ကုန်း(မြောက်)ရွာတို့တွင် အပူဒဏ်ကြောင့် ရွာတွင်းရှိ ရေတွင်းများမှ ရေများခန်းခြောက်လာမှုကြောင့် သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါကျေးရွာများသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏စီစဉ်မှုဖြင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကူညီမှုဖြင့် ဇေယျသုခ ရေလှူအသင်းကြီးက အသင်းပိုင် ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်ကြီးဖြင့် အဆိုပါကျေးရွာများသို့ မတ် ၁ ရက်မှ မတ် ၇ ရက်အထိ သွားရောက်၍ သောက်သုံးရေများကို စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**မောင်ကို (သာစည်)**

## မီးဘေးလုံခြုံရေးဆောင်ရွက်မှု ရှောင်တခင်စစ်ဆေး

**ရန်ကုန် မတ် ၇**

တာမွေမြို့နယ် မီးသတ်ဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်တပ်ဖွဲ့မှူးရုံးတို့ ပူးပေါင်းကာ မတ်လပထမပတ်က မြို့နယ်အတွင်းရှိ ဈေးဝယ်စင်တာကြီးများတွင် မီးဘေးလုံခြုံရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှု အနေဖြင့် ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

"အခုကကတော့ ဈေးဝယ်စင်တာကြီးတွေမှာ လျှပ်စစ်ဓာတ်အား ၂၄ နာရီသုံးစွဲမှုအပေါ်မှာ ခံနိုင်ဝန်မရှိတဲ့ လျှပ်စစ်ပစ္စည်းတွေကနေပြီး မီးလောင်မှုတွေ ကြုံတွေ့နိုင်ပါတယ်။ မီးလောင်ရင် ကြိုတင်သတိပေးကိရိယာတွေ ကောင်းမွန်စေရေး၊ လျှပ်စစ်ဖြတ်တောက်ပေးသည့်ကိရိယာတွေ တပ်ဆင်ထားရှိမှုတွေကို စစ်ဆေးပေးတာပါ"ဟု မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးကျော်စန်းက ပြောသည်။ မြို့နယ်အတွင်းရှိ ဈေးဝယ်စင်တာများဖြစ်သော တာမွေပုဏ္ဏားကုန်းရပ်ကွက် ကျိုက္ကဆံလမ်းမပေါ်ရှိ United Living Mall ၊ တာမွေလေးထောင့်ကန်လမ်းမကြီးရှိ Super 1 Shopping Center တို့တွင် မီးဘေးလုံခြုံရေးအတွက် မီးသတ်ကိရိယာများ အသင့်သုံးစွဲနိုင်မှု ရှိ မရှိ၊ ရေလှောင်ကန်များ ရေလှောင်ထားမှု အခြေအနေ၊ ကုန်ပစ္စည်းများ သိုလှောင်ထားမှုနှင့် လျှပ်စစ်ကြိုးများသွယ်တန်းထားမှု၊ သုံးစွဲမှုစနစ်တကျ ရှိစေရေး အသေးစိတ်စစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်**




**သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ဆွေးနွေး**

**ကော့ကရိတ် မတ် ၇**- ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အနေဖြင့် အယ်နီညိုရာသီဥတုအကျိုးသက်ရောက်မှုကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကြိုတင်ဆောင်ရွက်မည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၇ ရက်က ကော့ကရိတ်မြို့ ပြည်သူ့ဝန်ဆောင်မှုရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် အယ်နီညိုရာသီဥတုအကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူဒဏ်ခံစားရနိုင်မှု၊ သောက်သုံးရေရှားပါးနိုင်မှု၊ လူနှင့်တိရိစ္ဆာန်များအတွက် အစားအစာရှားပါးနိုင်မှုအခြေအနေများအား ကြိုတင်စီမံဆောင်ရွက်မည့် အစီအမံများကို တာဝန်ရှိသူတို့က ရှင်းလင်းပြောကြားခဲ့သည်။ ကော့ကရိတ်မြို့နယ်အနေဖြင့် နွေရာသီတွင် အယ်နီညိုရာသီဥတုအကျိုးသက်ရောက်မှုကြောင့် သောက်သုံးရေရှားပါးနိုင်သည့်ကျေးရွာ ၅၀ ရှိကြောင်း သိရသည်။

**စိုးထက်အောင်(ကော့ကရိတ်)**

# သတိပြုဆောင်ရွက်ကြရမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

**ဝေယံ**

***ဒီမိုကရေစီအစိုးရလက်ထက်တွင် တံခါးဖွင့်စီးပွားရေးမူဝါဒ ကျင့်သုံးဆောင်ရွက်ခဲ့ရာ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများ၊ ပြည်ပအကူအညီနှင့် ချေးငွေများ ဝင်ရောက်လာခဲ့ပါသည်။ တံခါးဖွင့်ရင် လေကောင်းလေသန့်ဝင်လာသလို အမှိုက်တွေဖုန်တွေလည်း ဝင်လာတတ်သည်ကို သတိပြုဖို့လိုပါသည်။ ယခင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှသာ ရင်းနှီးမြှုပ်နှံမှုများရှိခဲ့ရာမှ ယခုအချိန်တွင် အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားနှင့် အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ နော်ဝေ စသည့် အနောက်နိုင်ငံများမှ ချေးငွေနှင့်ရင်းနှီးမြှုပ်နှံမှုများလည်း ဝင်ရောက်လာပြီဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများဖြစ်သည့် JICA၊ ADB၊ World Bank၊ Paris Club စသည့်အဖွဲ့အစည်းများသည်လည်း အစိုးရဝန်ကြီးဌာနများ၏ လုပ်ငန်းများတွင် ချေးငွေထုတ်ချေးခြင်း၊ ဝန်ကြီးဌာနများနှင့် စီးပွားရေး အကျိုးတူဆောင်ရွက်ရန် (Joint Venture) ဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီများ ရောက်ရှိလာခဲ့ကြပါသည်။***

နိုင်ငံတကာမှရောက်ရှိလာသော အကူအညီများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှု (Joint Venture) ချေးငွေများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါဝင်မှုရှိပါသည်။ သို့ရာတွင် မိမိနိုင်ငံအတွက် ရေရှည်အကျိုးရှိမှု၊ ထိရောက်စွာသုံးစွဲနိုင်မှု၊ နှစ်ဖက်အကျိုးစီးပွားမျှတစွာ Win -Win ဆောင်ရွက်နိုင်ရေးအတွက် ၄င်းတို့၏ နှောင်ကြိုးများကို သတိထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အချို့အကူအညီအဖြစ်ပေးအပ်သော (Grant) ငွေများသည် ကန့်သတ်ချက်များစွာဖြင့် ပေးအပ်ခြင်းဖြစ်ပါသည်။

ဥပမာအားဖြင့် အကူအညီပေးအပ်သောချေးငွေများသည် အတိုးနှုန်းသက်သာခြင်း၊ ရေရှည်ပြန်ဆပ်ရခြင်းဟူသော အကျိုးကျေးဇူးများရှိသော်လည်း ဝယ်ယူမည့် စက်ပစ္စည်းများကို ယင်းတို့၏ နိုင်ငံမှကုမ္ပဏီများက ထုတ်လုပ်သောစက်ပစ္စည်းများကိုသာ ဝယ်ယူရပြီး၊ ပစ္စည်းတန်ဖိုးတွင်လည်း ကာလတန်ဖိုးထက်ဈေးမြင့်စွာဖြင့် ဝယ်ယူရပါသည်။ ဈေးသက်သာသော အခြားနိုင်ငံများမှ ဝယ်ယူခွင့်မရသောကြောင့် ပေးအပ်သော အကူအညီ (Grant) တန်ဖိုးနှင့်ညီမျှသော ပစ္စည်းများ မရရှိနိုင်ခြင်း၊ အကျိုးဖြစ်ထွန်းမှုရသင့်သည်ထက် လျော့နည်းသည်ကို တွေ့ရပါသည်။

နိုင်ငံတကာ ချေးငွေအဖွဲ့အစည်းများဖြစ်သည့် JICA၊ ADB၊ World Bank၊ Paris Club အဖွဲ့အစည်းများသည် ကမ္ဘာကိုလှည့်၍ ငွေချေးသည့် စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများ ဖြစ်ပါသည်။ချေးငွေဆိုင်ရာ မူဝါဒများသည်လည်း လက်ရှိစီးပွားရေး တံခါးဖွင့်ဆောင်ရွက်စဖြစ်သော မြန်မာနိုင်ငံ၏ အခြေအနေနှင့်ကိုက်ညီမှုမရှိသော အချက်များရှိသည်ကိုလည်း တွေ့ရှိရပါသည်။

JICA သည် ဂျပန်နိုင်ငံအစိုးရ၏ ထောက်ပံ့ငွေနှင့်ချေးငွေပေးသောအဖွဲ့အစည်းဖြစ်ပါသည်။ JICA ထောက်ပံ့ငွေဖြင့် ဘီလူးချောင်း(၂)ရေအားလျှပ်စစ်စက်ရုံ ပြန်လည်ပြင်ဆင်မှုဆောင်ရွက်ခြင်းအတွက် ဝမ်းမြောက်မိပါသည်။ ထောက်ပံ့ငွေများနှင့်အတူ ဆက်လက်ဆောင်ရွက်သည့် ရေရှည်ချေးငွေ(ODA Loan) များသည် သက်သာမှုရှိသော်လည်း ဆောင်ရွက်သည့် လုပ်ငန်းများအတွက် စက်ပစ္စည်းများဝယ်ယူရာတွင် ၎င်းတို့နိုင်ငံမှ ကုမ္ပဏီများဖြင့်သာ လုပ်ငန်းအကောင်အထည်ဖော်ရခြင်းများ ပါဝင်လာပါသည်။ တစ်နည်းအားဖြင့် ဂျပန်ကုမ္ပဏီများသည် JICA ချေးငွေဖြင့် နိုင်ငံတကာတွင် စီးပွားဆောင်ရွက်နိုင်မှုကို ရရှိစေခြင်းလည်းဖြစ်ပါသည်။

ချေးငွေရရှိမှုသည် အနှစ် ၃၀ မှ ပြန်လည်ပေးဆပ်ရမှု၊ အတိုးနှုန်းနည်းမှုတို့ကြောင့် တွက်ချေကိုက်သည်ဟု အပြင်ပန်းအားဖြင့် ယူဆနိုင်သော်လည်း ၄င်းတို့နိုင်ငံ ကုမ္ပဏီ၏ပစ္စည်းများကို ဈေးနှုန်းမြင့်စွာဖြင့် ဦးစားပေးဝယ်ယူရခြင်းကြောင့် ချေးငွေရရှိသောနိုင်ငံအနေဖြင့် သက်သာမှုမရရှိဘဲ ယင်းတို့နိုင်ငံနှင့် ယင်းတို့ကုမ္ပဏီများ၏ အကျိုးဖြစ်ထွန်းမှုကိုသာ ပိုမိုရရှိမှုရှိသော လုပ်ငန်းများလည်း ရှိကြပါသည်။ ချေးငွေများဖြင့် ပစ္စည်းဝယ်ယူရာတွင် ချေးငွေရယူသည့် အဖွဲ့အစည်းများနှင့်ပတ်သက်သော ကုမ္ပဏီများထံမှ ဝယ်ယူရပြီး အတိုးနှုန်းနည်းမှုကို ပြန်လည်ကာမိစေရန်အတွက် US$ 100 တန်သော ပစ္စည်းကို US$ 150 ခန့်ပေး၍ ဝယ်ယူရခြင်းကြောင့် အတိုးနှုန်းသက်သာမှုထက် ပစ္စည်းဝယ်ယူမှုအတွက် ပိုမိုသောကုန်ကျမှုကို ဖြစ်စေပါသည်။ အခြားနိုင်ငံကုမ္ပဏီများပါဝင်သော နိုင်ငံတကာတင်ဒါ (International Tender) ခေါ်ယူ၍ ဝယ်ယူဆောင်ရွက်ပါက ဈေးနှုန်းအရ သက်သာမှုရရှိနိုင်မည်ဖြစ်ပါသည်။

ADB နှင့်World Bank အဖွဲ့အစည်းများ၏ ချေးငွေဖြင့်ဆောင်ရွက်သောလုပ်ငန်းများအတွက် ဝယ်ယူသော ပစ္စည်းများကို မြန်မာနိုင်ငံအတွင်းရှိ စက်ရုံများမှထွက်ရှိသော ပစ္စည်းများအသုံးပြုနိုင်ရေးအတွက် အထူးသတိထားညှိနှိုင်းဆောင်ရွက်ပေးရပါသည်။ ချေးငွေများဖြင့် မြန်မာနိုင်ငံပြည်တွင်းစက်မှုလုပ်ငန်းမှထုတ်လုပ်သော ထရန်စဖော်မာများ၊ ကျောက်တိုင်များ၊ ဓာတ်

> **နိုင်ငံတကာမှရောက်ရှိလာသော အကူအညီများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှု (Joint Venture) ချေးငွေများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါဝင်မှုရှိပါသည်။ သို့ရာတွင် မိမိနိုင်ငံအတွက် ရေရှည်အကျိုးရှိမှု၊ ထိရောက်စွာသုံးစွဲနိုင်မှု၊ နှစ်ဖက်အကျိုးစီးပွားမျှတစွာ Win -Win ဆောင်ရွက်နိုင်ရေးအတွက် ၄င်းတို့၏ နှောင်ကြိုးများကို သတိထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်. . .**

အားလိုင်းကြိုးများ ဝယ်ယူအသုံးပြုနိုင်ခြင်းဖြင့် ချေးငွေအမေရိကန် ဒေါ်လာငွေများ ပြည်တွင်းသုံးဝင်ငွေအဖြစ်ရရှိမှု၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးမှုနှင့် ပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် အကျိုးပြုနိုင်မည်ဖြစ်ပေရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုလာမည်ဖြစ်ပါသည်။ ချေးငွေများသည် မြန်မာနိုင်ငံက ပြန်လည်ပေးဆပ်ရမည်ဖြစ်ရာ နိုင်ငံခြားကုမ္ပဏီများအတွက် အရေးသာစေသည့် ချေးငွေဆိုင်ရာမူဝါဒနှင့် သတ်မှတ်ချက်အချို့ကို သတိပြုဆွေးနွေးပြီး ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ပေသည်။

စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်သော (Joint Venture)ကုမ္ပဏီများ၏ မူဝါဒလုပ်ထုံးလုပ်နည်းများတွင် ၎င်းတို့အဖွဲ့အစည်း အကျိုးအမြတ်ရရှိရေး၊ အခွင့်အရေးပိုမိုရရှိရေးများ ပါဝင်နေခြင်းကြောင့် နှစ်ဖက်သဘောတူညီမှုရရှိရေး ကြန့်ကြာမှုများရှိနေပေသည်။

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနှင့် (Joint Venture)ဆောင်ရွက်ရန်အတွက် ညှိနှိုင်းဆွေးနွေးလျက်ရှိသော IFC အဖွဲ့အစည်း၏ အောက်ဖော်ပြပါ စည်းကမ်းသတ်မှတ်ချက်များသည် နှစ်ဖက်သဘောတူညီမှုရရှိရန် ခက်ခဲမှုများ ဖြစ်စေပါသည်-

- ၎င်းတို့၏ ပိုင်ဆိုင်မှုကို အများဆုံး ၃၅ ရာခိုင်နှုန်းအထိ ထည့်ဝင်ခွင့်အားအဆိုပြုခဲ့ခြင်း။
- ရင်းနှီးမြှုပ်နှံမှုရှယ်ယာထည့်ပြီး ငါးနှစ်အတွင်း IFC က လက်ခံနိုင်သော စတော့အိတ်ချိန်းသို့ ဈေးကွက်တင်နိုင်သည်အထိ အစိုးရနှင့် ကော်ပိုရေးရှင်းမှဆောင်ရွက်ရမည်ဖြစ်ပြီး ငါးနှစ်ကာလပြည့်သည့် အချိန်တွင် ရှယ်ယာဈေးကွက်မတင်နိုင်လျှင် IFC ၏ ရှယ်ယာတစ်ခုချင်းစီ၏ တန်ဖိုးမှာ EBITDA (Earning Before Interest, Taxes, Depreciation and Amortiztion) ရှစ်ဆဖြင့် တွက်ချက်၍ ပြန်လည်ပေးဆပ်ရမည်ဖြစ်ခြင်း။
- ထုတ်လုပ်မှုကုန်ကျစရိတ်ကို ကာမိစေသော ဓာတ်အားခနှုန်းထားသတ်မှတ်ကောက်ခံခြင်း မပြုနိုင်လျှင် IFC ၏ ရှယ်ယာများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ကော်ပိုရေးရှင်းတို့မှ ပြန်လည်ဝယ်ယူရမည်ဖြစ်ခြင်း။
- IFCထံမှ ပြန်လည်ဝယ်ယူရမည့် ရှယ်ယာတန်ဖိုးမှာ တိုးရင်းပေါင်း၏ ၁၈ ရာခိုင်နှုန်းအတိုးဖြင့် (သို့မဟုတ်)EBITDA၏ ရှစ်ဆ (သို့မဟုတ်) IFC ၏ အရင်းအနှီး၏ နှစ်ဆတို့အနက် များရာတန်ဖိုးဖြင့် သတ်မှတ်ပေးရမည်ဖြစ်ခြင်း။

ရေအားလျှပ်စစ်စီမံကိန်း တစ်ခုဖြစ်သော ၅၂၀ မဂ္ဂါဝပ် ထွက်ရှိမည့် ရွှေလီ(၂)ရေအားလျှပ်စစ်စက်ရုံစီမံကိန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်တရုတ်နိုင်ငံ HUANENG LUNCHANG၊ HIE (River Hydro Power Company)တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် MOU ကို ၁၂. ၁၁. ၂၀၀၉ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ စီမံကိန်းအားဆက်လက်အကောင်အထည်ဖော်ရန်အတွက် MOA ရေးထိုးရန် အောက်ဖော်ပြပါ အချက်များကို နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးနေရသဖြင့် စာချုပ်ချုပ်ဆိုမှုအတွက် နှောင့်နှေးကြန့်ကြာမှုများ ရှိနေခဲ့ပါသည်-

- တစ်ယူနစ်ရောင်းဈေး US $ 7 Cent (၉၁ ကျပ်ခန့်) ကျသင့်နေသဖြင့် အခြားရေအားစက်ရုံများ၏ တစ်ယူနစ်ရောင်းချဈေး ရောက်ရှိရေးညှိနှိုင်းရခြင်း။
- စက်ရုံမှ ပို့လွှတ်မည့်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုစရိတ်တွင် မထည့်လိုဘဲအစိုးရဘက်က ဆောင်ရွက်ပေးရန် တောင်းဆိုခြင်း။

ယင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်နိုင်ခြင်းမရှိသေး၍ နိုင်ငံတော်အနေဖြင့် ၅၂၀ မဂ္ဂါဝပ် ရရှိမည့်အချိန်တွင် မရနိုင်ဘဲ လွန်စွာနစ်နာလျက်ရှိပါသည်။ အလားတူ နိုင်ငံတော်နှင့်ဖက်စပ်ကုမ္ပဏီတို့ နှစ်ဖက် Win-Win မဖြစ်သော စီမံကိန်းများကို အထူးသတိပြုဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အထက်ဖော်ပြပါအချက်များအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ ချေးငွေများရယူရာတွင် နိုင်ငံတော်ဘက်က မနစ်နာစေရေးအတွက် ဥပဒေအရ တတ်ကျွမ်းနားလည်သော ပြည်တွင်းပြည်ပရှေ့နေများဖြင့် စိစစ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အချုပ်အားဖြင့် ရင်းနှီးမြှုပ်နှံသူများဘက်က အကျိုးအမြတ်ပိုမိုရရှိပြီး နိုင်ငံတော်ဘက်က နစ်နာမှုရှိသော သဘောတူညီချက်စာချုပ်များ မဖြစ်စေရေးအတွက် သတိပြုဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအဆက်ဆက် တာဝန်ယူဆောင်ရွက်သွားသည့် သူများအနေဖြင့်လည်း ဆက်လက်ဝင်ရောက်လာမည့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများတွင် ၎င်းတို့၏ ကိုယ်ကျိုးစီးပွား နှောင်ကြိုးများပါဝင်သော ရင်းနှီးမြှုပ်နှံမှုများကို သတိထားဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

## ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် မတ် ၇**

၂၀၁၅-၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၄၆ ဒသမ ၇၅သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၁၂ ဒသမ ၆၄ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၅၉ ဒသမ ၃၉ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၉၈ ဒသမ ၄၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၁ ဒသမ ၇၉ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၁၀ ဒသမ ၂၆ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၅၀ ဒသမ ၈၇ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၁၆၃ ဒသမ ၉၃ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၇၆၀ ဒသမ ၇၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၉၂၄ ဒသမ ၇၂ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၅၀၉ ဒသမ ၀၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၂၂၈ ဒသမ ၈၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၇၃၇ ဒသမ ၈၂ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၂၆၆၂ ဒသမ ၅၄ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၄၈၁၃ ဒသမ ၁၀ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေအစီရင်ခံစာအရ သိရှိရသည်။ **(သတင်းစဉ်)**



အထက (၁) ဗဟန်း မိုးဦးပန်းခန်းမ၌ ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ၂၀၁၅ ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆရာ ဆရာမများအား ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ခဲ့ရာ ဗဟန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းနိုင် အမှာစကားပြောကြားစဉ်။ သန္တာမေ (ပြန်/ဆက်)

## ဗြိတိသျှကောင်စီစာကြည့်တိုက်တွင် ဟောပြောပွဲကျင်းပမည်

**ရန်ကုန် မတ် ၇**

ဗြိတိသျှကောင်စီစာကြည့်တိုက်တွင် မတ် ၁၅ ရက် ည ၆ နာရီတွင် The Economic ဂျာနယ်မှ အကြီးတန်းသတင်းထောက်ဖြစ်သူ Dr.Richard Cockett က The Meaning of Rangoon - the First City of Globalisation ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဟောပြောပွဲတွင် ကိုလိုနီခေတ်ကရန်ကုန်မြို့၏ အနေအထားအကြောင်းကို စိတ်ဝင်စားဖွယ် ဟောပြောသွားမည်ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသူ မည်သူမဆို http:// www.surveymonkey.com/r/meaning-of-ygn တွင် စာရင်းပေးသွင်းကာ တက်ရောက်နိုင်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

# ကျေးရွာပေါင်း ၃၀ ကို ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်တော့မည်

**နတ်တလင်း မတ် ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန လက်အောက်ရှိ ပဲမခမ်းရွာကျန်းမာရေးဌာနအဆောက်အအုံကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် Autumn Dream Co.,Ltd. က တာဝန်ယူဆောက်လုပ်လျက်ရှိရာ မတ်လအတွင်း အပြီးအပ်နှံနိုင်ပြီဖြစ်ရာ မတ် ၇ ရက်တွင် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်ဆေးရုံမှ တာဝန်ရှိသူ ဦးစိုးလွင်က အဆောက်အအုံအနေဖြင့် ပင်မဆေးခန်း RC တစ်ထပ် အလျား ၄၆ ပေ၊ အနံ ၄၂ ပေ၊ အမြင့် ၁၁ ပေ ဝန်ထမ်းများနေထိုင်ရန် နှစ်ခန်းတွဲ အလျား ၃၆ ပေ၊ အနံ ၃၂ ပေ၊ အမြင့် ၁၁ ပေ တစ်လုံးနှင့် သုံးခန်းတွဲ အလျား ၃၇ ဒသမ ၆ ပေ၊ အနံ ၃၈ပေ၊ အမြင့် ၁၁ ပေတစ်လုံး တည်ဆောက်ထားပြီးဖြစ်ကြောင်း ယင်းကျေးလက် ကျန်းမာရေးဌာနတွင် ကျန်းမာရေးမှူးတစ်ဦး၊ ကျန်းမာရေးဆရာမတစ်ဦး၊ သားဖွားဆရာမတစ်ဦး၊ ကျန်းမာရေးကြီးကြပ်-၂ နှစ်ဦးနှင့် ညစောင့်တစ်ဦးတို့ရှိကြောင်း၊ ပဲမခမ်းကျေးလက်ကျန်းမာရေးဌာနတွင် ဌာနခွဲလေးခုရှိပြီး ကျေးရွာပေါင်း ၃၀၊ လူဦးရေ ၁၉၅၇၆ ဦးတို့၏ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်တော့မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်က ၁၁၄ ဒသမ ၀၄ သန်း ကုန်ကျခံကာ တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။ **(ဝ၆၂)**

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့

" ကျား၊မတန်းတူ ကမ္ဘာတစ်ဝန်း ၂၀၃၀ ရည်ကာမှန်း"

"Planet 50-50 by 2030: Step It Up for Gender Equality"

နေပြည်တော် ၈.၃.၂၀၁၆



# အယ်နီညိုရာသီကျရောက်ပါက သောက်သုံးရေပြတ်လပ်မှုမရှိစေရေးဆောင်ရွက်

**ရမ်းဗြဲ မတ် ၇**

ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် စကုကျွန်းပေါ်ရှိ ကျေးရွာအုပ်စု နှစ်အုပ်စု၊ ကျေးရွာ ရှစ်ရွာ၊ အိမ်ခြေ ၅၈၅ အိမ်၊ လူဦးရေ ၂၄၀၃ ဦးတို့အား အယ်နီညိုရာသီဥတုကြောင့် နွေရာသီတွင် သောက်သုံးရေလိုအပ်မှုဖြစ်ပေါ်လာပါက အနီးဆုံးရေဖြန့်ဝေပေးနိုင်မည့် ရမ်းဗြဲကျွန်းပေါ်ရှိ ဟုံးဝကျေးရွာအုပ်စု၊ ပုလဲနှင့်ငါးလုပ်ငန်းရေကန်ကြီးမှ ရေကို မော်တော်စက်လှေများဖြင့် သယ်ယူဖြန့်ဝေပေးနိုင်ရေးအတွက် ယင်းရေကန်ကြီး၏ ရေသိုလှောင်ထားရှိမှုအခြေအနေကို ကျေးလက်ဦးစီးမှူး ဦးအောင်ထွန်းနှင့် ဝန်ထမ်းများက မတ်လပထမပတ်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး ယင်းရေကန်ကြီး၏ ရေသိုလှောင်ထားရှိမှုအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ **(၁၅၇)**

# မိုးညိုမြို့နယ်တွင် ရေဘေးကာကွယ်ရေးတာများဆောင်ရွက်မှု ၇၅ရာခိုင်နှုန်းပြီးစီး

**မိုးညို မတ် ၇**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်တွင် ဧရာဝတီမြစ်ရေနှင့် နှစ်စဉ် ထိတွေ့နေရသည်ဖြစ်၍ ဆည်မြောင်းဦးစီးဌာနက ရေဘေးကာကွယ်ရေးတာများ ရေလွတ်အမြင့် မြှင့်တင်အထူးပြင်ဆင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၉ ရက်က စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မိုးညိုမြို့နယ် အတွင်းရှိ ရေကာတာများသည် ယခင်က ခေါင်းဖြင့်ရွက်၍ သော်လည်းကောင်း၊ နွားလှည်းဖြင့်သယ်၍ သော်လည်းကောင်း တည်ဆောက်ခဲ့သည့် ရေကာတာများလည်းရှိခဲ့သည်။ မိုးရာသီရောက်လျှင် ဧရာဝတီမြစ်ရေကြီးခြင်း၊ ရေလျှံခြင်းများကို မြို့သူ မြို့သားများအနေဖြင့် စိုးရိမ်နေလျက်ရှိသည်။ ရေကြီးသည့်နှစ်များတွင် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၏ စီမံညွှန်ကြားမှုနှင့်အညီ ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် ဌာနဝန်ထမ်းများ ပူးပေါင်း၍ ရေကာတာမကျိုးပေါက်ရေး ကာကွယ်မှုများ ပြုလုပ်ခဲ့ကြရသည်။

ယခုအချိန်တွင် ဆည်မြောင်းဦးစီးဌာနက ၂၀၁၅ ခုနှစ် စက်တင်ဘာလနှင့် ဩဂုတ်လအတွင်း ဧရာဝတီမြစ်ရေမြင့်တက်မှုရေမှတ်အပေါ်အထက်ရေကာတာများကို ငါးပေမြှင့်ရာတွင် ဘုရားကြီးကုန်း-ခအောင်ပင်တာ၊ ပေါက်ကုန်းဆပဂံတာ၊ ဧရာဝတီအရှေ့ဘက်ကမ်းတာတို့တွင် ရေကာတာ အမြင့် ငါးပေစီ မြှင့်တင်လျက်ရှိသည်။ တာ၏မျက်နှာပြင်မှာ ၁၂ ပေ ကျယ်ဝန်းကြောင်းနှင့် နောင်လာမည့်နှစ်များတွင် မိုးညိုမြို့နယ်အနေဖြင့် ရေကြီးသည့်နှစ်များတွင် တာကျိုးပေါက်ခြင်းများ၊ ရေလျှံခြင်းများဖြစ်မည်ကို စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို ဇန်နဝါရီ ၁၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ မတ် ၂၅ ရက်တွင် အပြီးဆောင်ရွက်မည်ဖြစ်ပြီး ယခုအခါ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**



# မြန်မာ့စီးပွားရေးဘဏ်(မြောင်းမြဘဏ်ခွဲ) အဆောက်အအုံသစ်ဖွင့်

**မြောင်းမြ မတ် ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြန်မာ့စီးပွားရေးဘဏ် (မြောင်းမြဘဏ်ခွဲ) အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၇ ရက်က အဆိုပါဘဏ်ခွဲ အဆောက်အအုံသစ်ရှေ့၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

မြန်မာ့စီးပွားရေးဘဏ်(မြောင်းမြဘဏ်ခွဲ) အဆောက်အအုံမှာ ဦးဘချိုလမ်းနှင့် (၆)လမ်းထောင့်ရှိ မူလနေရာတွင် ပေ(၆၀ × ၄၀)၊ နှစ်ထပ် RC အဆောက်အအုံ ဆောက်လုပ်ထားပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ဘတ်ဂျက် ငွေလုံးငွေရင်း မူလရန်ပုံငွေမှ ငွေကျပ်သန်း ၁၃၀ ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

# ဧရာဝတီမြစ်ကြောင်းအတွင်း လုယက်မှုများဖော်ထုတ်ရာတွင် ပူးပေါင်းကူညီသည့် ကျေးရွာနှစ်ရွာအား ဂုဏ်ပြု

**မန္တလေး မတ် ၇**

ဧရာဝတီမြစ်ကြောင်းအတွင်း လုယက်မှုများ ဖော်ထုတ်ရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းပါဝင်ကူညီပေးခဲ့သည့် မတ္တရာမြို့နယ်အတွင်းမှ ရောက်မဆုတ်ကျေးရွာနှင့် ဒေါင်းကျွန်းကျေးရွာနှစ်ရွာမှ ရွာသူရွာသားများအား မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဂုဏ်ပြုပစ္စည်းပေးအပ်သည့် အခမ်းအနားကို အဆိုပါရုံး ရဲသူရိန်ခန်းမ၌ မတ် ၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ်က မှတ်တမ်းတင် ဂုဏ်ပြုသည့်အနေဖြင့် ကျေးရွာနှစ်ရွာတွင် အသုံးပြုရန် SKYNET (ခြောက်လစာငွေသွင်းပြီး) နှစ်စုံနှင့် ဖလက်တီဗွီနှစ်လုံး၊ မီးစက်နှစ်လုံးတို့ကို ကျေးရွာကိုယ်စားလှယ်များထံ ပေးအပ်ချီးမြှင့်ပြီး မန္တလေးကုန်တင်ရေ ယာဉ်ပိုင်ရှင်ကြီးများအသင်းကလည်း မီးစက်နှစ်လုံးအတွက် စက်သုံးဆီ ဂါလန် ၅၀ နှင့်ညီမျှသော တန်ဖိုးငွေများကို ကျေးရွာတာဝန်ရှိသူတို့ထံ ပေးအပ်သည်။

အဆိုပါဂုဏ်ပြုပွဲ ကျင်းပရခြင်းမှာ ဇန်နဝါရီ ၉ ရက် သန်းခေါင်အချိန်ခန့်တွင် မတ္တရာမြို့ အနောက်ဘက် ရှစ်မိုင်အကွာရှိ သူဌေးကုန်းရွာအနီး ဧရာဝတီမြစ်ရေပြင်တွင် ညအိပ်ရပ်နားနေသော စိန်စွန်ညိုကုန်တင်သင်္ဘောနှင့် အေးချမ်းမြန်မာသင်္ဘောပေါ်သို့ စက်လှေနှစ်စင်းဖြင့် လူ ၁၂ ဦးတို့ တက်ရောက်လုယက်မှုဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး၊ လုယက်သွားသည့်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရေး ဆောင်ရွက်ရာတွင် အဆိုပါရွာနှစ်ရွာမှ ဒေသခံရွာသူရွာသားများက ရဲတပ်ဖွဲ့ဝင်များနှင့်အတူ နေ့ရောညပါ အားတက်သရော ပူးပေါင်းဆောင်ရွက်မှုအပေါ် ရဲတပ်ဖွဲ့က မှတ်တမ်းတင် ဂုဏ်ပြုခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



ပေါက်ခေါင်းမြို့နယ် အမှတ်(၄) ရပ်ကွက် ဗိုလ်ချုပ်ကျောက်ရုပ် လမ်းဆုံ၌မတ် ၇ ရက်က မြို့နယ် ထွေအုပ်ဦးစီးဌာနနှင့် မြို့နယ် ကျေးလက်ဦးစီးဌာနဦးစီးမှူးနှင့် မီးသတ် တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ် သရုပ်ပြလေ့ကျင့်စဉ်။

(ခရိုင် ပြန်/ဆက်)

# ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် မြန်မာအသင်းအပြီးသတ်လူရွေးချယ်

**ရန်ကုန် မတ် ၇**

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလနောက်ဆုံးပတ်တွင် ယှဉ်ပြိုင်ရမည့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ နောက်ဆုံးပွဲနှင့် စင်ကာပူအသင်းနှင့် ခြေစမ်းပွဲတို့အတွက် အပြီးသတ် ၂၅ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၁၄ ရက်တွင် စခန်းဝင်လေ့ကျင့်မည်ဖြစ်ပြီး စင်ကာပူနိုင်ငံ၌ လေ့ကျင့်ရန် မတ် ၂၁ ရက်တွင် ထွက်ခွာမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၂၄ ရက်တွင် စင်ကာပူလက်ရွေးစင်အသင်းနှင့် စင်ကာပူနိုင်ငံ၌ ခြေစမ်းမည်ဖြစ်ပြီး မတ် ၂၉ ရက်တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ် လက်ဘနွန်အသင်းနှင့် အဝေးကွင်းပွဲစဉ် ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း၏ အပြီးသတ်လူစာရင်းတွင် ဂိုး-ကျော်ဇင်ဖြိုး(မကွေး)၊ ရန်အောင်လင်း(ရတနာပုံ)၊ ပြည့်ဖြိုးအောင် (Southern)၊ နောက်တန်း ကျော်ဇင်လွင်၊ နန္ဒကျော်(မကွေး)၊ ဖြိုးကိုကိုသိန်း(ဧရာဝတီ)၊ ဟိန်းသီဟဇော် (ရှမ်းယူနိုက်တက်)၊ အောင်ဇော်(ဟံသာဝတီ)၊ ဇော်မင်းထွန်း၊ သီဟထက်အောင်၊ ဒေးဗစ်ဒန်း(ရန်ကုန်)၊ အလယ်တန်း ရဲကိုဦး၊ လှိုင်းဘိုဘို၊ မျိုးကိုထွန်း၊ သက်နိုင်(ရတနာပုံ)၊ နိုင်နိုင်ကျော်(မကွေး)၊ ရန်အောင်ကျော်၊ ကြည်လင်း(ရန်ကုန်)၊ ရန်နိုင်ဦး(ဇေယျာရွှေမြေ)၊ မောင်မောင်လွင်(ဟံသာဝတီ)၊ ရှေ့တန်း အောင်သူ၊ ဝင်းနိုင်စိုး(ရတနာပုံ)၊ ကျော်ကိုကို ၊ သန်းပိုင်(ရန်ကုန်)နှင့် ဆောင်လမန်(ချင်းယူနိုက်တက်) တို့ပါဝင်ကြသည်။ **ရဲရင့်ရှိုင်း**

## လျှင်လှုပ်၍ပြိုကျထားသည့် စေတီပျက်အုတ်နံရံအနီး သွားရောက်ဆော့ကစားသောကလေးငယ် နံရံပြို၍သေဆုံး

**မြို့သစ် မတ် ၇**

မြို့သစ်မြို့နယ် ရွှေညောင်ပင်ကျေးရွာ၌ ကလေးငယ်တစ်ဦး အုတ်နံရံပိ၍ သေဆုံးခဲ့မှု မတ် ၆ ရက် နံနက်က ဖြစ်ပွားခဲ့ကြောင်း နယ်မြေခံရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၉ နာရီခွဲခန့်က ခိုင်ဝင်းအောင် (၁၁နှစ်) ရွှေညောင်ပင်ကျေးရွာ မြို့သစ်မြို့နယ်နေသူသည် ယင်းကျေးရွာ၏ အရှေ့ဘက်ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ယခင်ကလျှင်လှုပ်၍ ပြိုကျထားသည့် စေတီပျက်မှကျန်ရှိသည့် အုတ်နံရံမှ သဲများကို လက်ဖြင့်ထိုးယက်၍ တစ်ဦးတည်းဆော့ကစားနေစဉ် အုတ်နံရံမှာ ခိုင်ဝင်းအောင်အပေါ် ပြိုကျသွားသည်ကို အနီးတွင် ဘုရားတန်ဆောင်းပြုလုပ်ရန် မြေသယ်နေသည့် တစ်ရွာတည်းနေ မန္တယ်နွယ်လင်း၊ ဦးရန်နိုင်နှင့် ဦးတင်ဝိုင်းတို့က တွေ့မြင်သဖြင့် ရွာသူ ရွာသားများနှင့်အတူ ကလေးငယ်အား ပိနေသည့် အုတ်ခဲနှင့်မြေများကို ဝိုင်းဝန်းတူးဖော်၍ဆွဲထုတ်ရာ ခိုင်ဝင်းအောင်မှာ ဦးခေါင်းပေါက်ပြဲဒဏ်ရာ၊ ယာဘက်လက်ဖျံရိုးကျိုးသည့်ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ရဲအုပ်ကျားမောင်က တိုင်ကြားခဲ့သောကြောင့် မြို့သစ်မြို့နယ် ဒန့်ဒလွန်ပင်နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## တရားမဝင်ဆိုင်ကယ် ၂၄ စီး သယ်ဆောင်သောယာဉ် ဖမ်းဆီးရမိ

**ကွန်းလှ မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကွန်းလှမြို့နယ်၌ မတ် ၆ ရက် ည ၁၁ နာရီခွဲက တရားမဝင်သယ်ဆောင်လာသော မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိကြောင်း သိရသည်။ ကွန်းလှမြို့မရဲစခန်းမှ ရဲအုပ် ကျော်ထွန်းဦးနှင့်အဖွဲ့သည် လှည့်ကင်းဆောင်ရွက်နေစဉ် သစ်ရာမြိုင်ရပ်ကွက် အထက ကျောင်းတောင်ဘက်လမ်းမပေါ် မောင်းနှင်လာသည့် Fuso အမျိုးအစား 3G/-----၁၂ ဘီးယာဉ်ကို စစ်ဆေးရာ မင်းမင်းစိုး (ယာဉ်မောင်း)နှင့်ဇင်မျိုးနောင် (ယာဉ်နောက်လိုက်)တို့ ယာဉ်နောက်ခန်း၌ တရားမဝင် သယ်ဆောင်လာသော မိုးကာအုပ်လျက်ယာဉ်လိုင်စင်၊ ယာဉ်သက်သေခံလက်မှတ်မပါ လေ့ဂျာဆိုင်ကယ် ၂၄ စီးကို တွေ့ရှိရကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါ တရားမဝင်ဆိုင်ကယ်များ သယ်ဆောင်လာသော မင်းမင်းစိုး (၂၈နှစ်) မြေမွန်ကျေးရွာနှင့် ဇင်မျိုးနောင်(၁၇နှစ်) ထနောင်းကိုင်းရွာ ကန့်ဘလူမြို့နယ်နေသူတို့အား ကွန်းလှမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မျိုးဝင်းညို (ကွန်းလှ)**

## နေပြည်တော်မြို့မဈေး ခရီးသည်နားနေဆောင်အတွင်း အဘွားတစ်ဦး သေဆုံး

**နေပြည်တော် မတ် ၇**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မြို့မဈေးတောင်ဘက်ရှိ ကားဂိတ် ခရီးသည်နားနေဆောင်အတွင်း အသက်အရွယ်ကြီး အမျိုးသမီးတစ်ဦး ပက်လက်ကုလားထိုင်၌ ထိုင်လျက်သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၆ ရက် နံနက် ၈ နာရီက နေပြည်တော်မြို့မဈေးတောင်ဘက် ကားဂိတ်နားနေဆောင်၌ အဘွားအိုတစ်ဦး ဝါးကုလားထိုင်တွင် ထိုင်လျက်သေဆုံးနေကြောင်း သတင်းအရ သက်ဆိုင်ရာနယ်မြေရဲစခန်းမှ ရဲအုပ်ဝင်းဆန်းနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ယခင်က မြို့မဈေးကားဂိတ်နားနေဆောင်သို့ မကြာခဏလာရောက်တတ်ပြီး ဒေါ်ခင်အေး (၆၉ နှစ်) မှီခို အမှတ် (၂) ရပ်ကွက် ထီးချိုင့်မြို့နေသူသည် ပြင်ပ ဒဏ်ရာမတွေ့ရှိရဘဲ သေဆုံးနေကြောင်းသိရသဖြင့် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးသို့ သွားရောက်ပို့အပ်ခဲ့ရာ သေမှုသေခင်းဖြင့် ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ သိရသလောက်တော့ ဒီကိုရောက်နေတာ ကိုးလလောက်ရှိပြီ။ အခြေအနေမဲ့တစ်ယောက်တော့ မဟုတ်ဘူးလို့ထင်တယ်။ ဒီနေရာမှာပဲ ချက်ပြုတ်စားသောက်ပြီး တစ်ခါတစ်ရံမှာတော့ ဝယ်စားတာတွေ့ရတယ်။ စိတ်ကတော့ မှန်တဲ့အခါလည်းမှန်တယ်၊ မမှန်တဲ့အခါလည်း မမှန်ဘူး။ မနက် ၃ နာရီလောက်က အိပ်နေတာတွေ့ရလို့ မနက်မိုးလင်းလို့ယင်ကောင်တွေ အုံကာ သေနေတာတွေ့ရလို့ သက်ဆိုင်ရာကို အကြောင်းကြားခဲ့တယ်။ ဒီအဖွားက ဝါးပက်လက်ကုလားထိုင်ပေါ်မှာပဲ အမြဲအိပ်လေ့ရှိတယ်။ အခုလည်း ဒီပေါ်မှာပဲသေနေတာတွေ့ရတယ်" ဟု မြို့မဈေးတောင်ဘက်ကားဂိတ် သန့်စင်ခန်းတာဝန်ရှိသူ အမျိုးသမီးတစ်ဦးက ပြောပြသည်။

ထို့နောက် မျက်မြင်သက်သေများအား စစ်ဆေးမေးမြန်းရာ ၎င်းသေဆုံးသူ အဖွားအို၏ အတွင်းခံအင်္ကျီအတွင်းမှ ငွေကျပ်တစ်သိန်းကျော်ခန့်၊ သံသေတ္တာအတွင်းမှ မသွေးရသေးသော ကျောက်ဟု ယူဆရသည့် အနီရောင်ကျောက်ဆယ်လုံးကျော်ခန့်၊ ပလတ်စတစ်ဘူးအဝိုင်းအတွင်းမှ သွေးပြီးသားအဖြူရောင်ကျောက်**(အောက်ပုံ)**ဟု ယူဆရသော ကျောက်ငါးလုံး၊ သွေးပြီးသားကျောက် အနီရောင်တစ်လုံး၊ ဓာတ်လုံးဟုယူဆရသော သတ္တု အစိုင်အခဲများ၊ ရွှေရောင်သွားများပါသော အံကပ်အပေါ်/အောက်တစ်စုံ၊ ရွှေနားကပ်တစ်ရန် တွေ့ရှိရပြီး အဆိုပါပစ္စည်းများကို သက်ဆိုင်ရာသို့ အပ်နှံခဲ့ကြောင်း ပြောသည်။

**သတင်း-ကိုပေါက်(ဥတ္တရမြေ)၊ဓာတ်ပုံ-သန်းနိုင်(ဇမ္ဗူသီရိ)**



## ထော်လာဂျီနှင့် သုံးဘီးဆိုင်ကယ်တို့ ချိတ်မိပြီး သုံးဘီးဆိုင်ကယ် တိမ်းမှောက်

**ကျောင်းကုန်း မတ် ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် သုံးခွ-အသုတ်လမ်း မိုင်တိုင်အမှတ် (၅/၃) နှင့် (၅/၄) ကြား တာကောက်ကျေးရွာအနီး၌ မတ် ၆ ရက် ညနေ ၄ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ လှမျိုး မောင်းနှင်သည့် လယ်ယာသုံး ထော်လာဂျီယာဉ်သည် ညောင်ပင်သာရွာဘက်မှ ကျုံပျော်မြို့နယ်သို့ စပါးခြွေစက်ကို တင်ဆောင်မောင်းနှင်လာရာ ရွှေ့မှုသံချောင်း(ခ) သန်းစိုး မောင်းနှင်သည့် ၈ဟ/---- ကန်ဒါဘို သုံးဘီးဆိုင်ကယ်ကို ကျော်တက်စဉ် ထော်လာဂျီယာဉ်ပေါ် တင်ဆောင်လာသည့် စပါးခြွေစက် အစွန်းနှင့် ချိတ်မိပြီး သုံးဘီးဆိုင်ကယ် တိမ်းမှောက်ကာ ဆိုင်ကယ်ပေါ်စီးနင်းလာသူ ဒေါ်မိုးဆွေတွင် ဒဏ်ရာများပြင်းထန်စွာရရှိခဲ့သည်။

အဆိုပါယာဉ်တိုက်မှုနှင့် ပတ်သက်၍ လှမျိုးကို ကျောင်းကုန်းမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## မသင်္ကာသူများအား စစ်ဆေးရာက ငွေခိုးမှုပေါ်

**နေပြည်တော် မတ် ၇**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၆)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၆ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က မန်းမြန်မာပလာဇာမြေညီထပ်တွင် မသင်္ကာဖွယ် အမျိုးသမီးနှစ်ဦးအားတွေ့ရှိ၍ စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ပျော်ဘွယ်မြို့နယ် ရန်အောင်ရွာနေ မစန်းအေး(၄၂နှစ်)နှင့် တစ်ရွာတည်းနေ မရှင်နှောင်း(၂၃နှစ်)တို့ဖြစ်ပြီး ၎င်းတို့နှစ်ဦးသည် မတ် ၄ ရက်က ဈေးဝယ်နေသည့် အမျိုးသမီးတစ်ဦး၏ ပိုက်ဆံအိတ်အတွင်းမှ ငွေကျပ် ၁၀ သိန်း ခိုးယူခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် သက်သေခံငွေများကို သိမ်းဆည်းကာ မစန်းအေးနှင့် မရှင်နှောင်းတို့နှစ်ဦးအား အမှတ်(၆)နယ်မြေရဲစခန်း၌ ခိုးမှုမသင်္ကာဖြင့် အမှုဖွင့်အရေးယူထားသည်။ **ကိုရဲ**

## စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဆီခဲများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၇**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၅ ရက်က လားရှိုးမြို့နယ် နားဖကျေးရွာအဝင်ဆိုင်းဘုတ်အနီး လားရှိုး-မိုင်းယော်သွား ကားလမ်း၌ အိုက်ဆိုင်းလူ မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့က ဖားကန့်မြို့နယ် တာမခံကျေးရွာအနီးတွင် သက်ထွန်းဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဆီခဲ ၁ ဒသမ ၂၉ ကီလို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## ပန်ကာဖွင့်ထားစဉ် အပူရှိန်လွန်ကဲပြီး ဝိုင်ယာရှော့ခ်ဖြစ်ရာကတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မတ် ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ (၂၃)ရပ်ကွက်၌ မတ် ၇ ရက် နံနက် ၅ နာရီ ၂၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ တောင်ငူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၃)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်လေးစီး၊ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

စစ်ဆေးချက်အရ အဆိုပါရပ်ကွက်နေ ဒေါ်ဇမ်ဘီ (၅၀နှစ်)၏ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနှစ်ထပ်နေအိမ် အိပ်ခန်းအတွင်း ပန်ကာဖွင့်ထားစဉ် အပူရှိန်လွန်ကဲပြီး ဝိုင်ယာရှော့ခ်ဖြစ်ရာကတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။ မီးလောင်မှုကြောင့် လူနေအိမ်နှစ်လုံး ဆုံးရှုံးခဲ့သဖြင့် ၎င်းအား တောင်ငူမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

**ကိုရဲ**

## ဆင်ဆာမဲ့ဗီဒီယိုခွေရောင်းချသူ အရေးယူ

**နေပြည်တော် မတ် ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အမှတ်(၂)ရပ်ကွက်နေ မနှင်းနှင်းသက်(၃၀နှစ်)၏ ပြည့်ဝ ခွေအရောင်းဆိုင်၌ ဆင်ဆာမဲ့ဗီဒီယိုဇာတ်လမ်းခွေများ ရောင်းချနေကြောင်း သတင်းအရ မြောင်းမြမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မတ် ၆ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ က သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ မနှင်းနှင်းသက်အား ဆင်ဆာမဲ့ နိုင်ငံခြားဗီဒီယိုဇာတ်လမ်းခွေ၊ ကာတွန်း ၉၅ ခွေတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား မြောင်းမြမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **ကိုရဲ**

## နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **(မြန်မာ့အလင်း)**

# မြို့မဈေးကြီးများနှင့် မီးဘေးအန္တရာယ်

ယခုအခါ ပူပြင်းခြောက်သွေ့သောနွေရာသီသို့ ရောက်ရှိလာပေပြီ။ မီးလောင်မှုများလည်း မကြာခဏ ဖြစ်ပွားလာပြီဖြစ်သည်။ ထိုအထဲတွင် မြို့မဈေးကြီးများလည်း နှစ်စဉ်မီးလောင်မှုများ ဖြစ်ပွားလျက်ရှိသည်။ ယခုနှစ်ဦးပိုင်းမှာပင် ဈေးကြီးများ မီးလောင်မှုဖြစ်ပွားလျက်ရှိပြီး ဆုံးရှုံးမှုတန်ဖိုးအလွန်များပြားသည်ကို တွေ့ရသည်။ ဈေးကြီးများမီးလောင်မှုဖြစ်စဉ်များသည် ဈေးပိတ်ထားသော ညအချိန်များနှင့် နံနက်အစောပိုင်းအချိန်များတွင် အများဆုံးဖြစ်ပေါ်ခဲ့ကြောင်း သတိပြုစရာဖြစ်နေပါသည်။ မီးလောင်မှုများသည် လျှပ်စစ်ပစ္စည်းများ အပူလွန်ကဲရာမှ ဝိုင်ယာရှော့ကြောင့်အဖြစ်များကြောင်း တွေ့ရသည်။ အချို့သောဆိုင်ပိုင်ရှင်များသည် မီးချောင်း၊ ပန်ကာ၊ မီးပူနှင့် လျှပ်စစ်ပစ္စည်းများကိုဖွင့်ထားပြီး ဆိုင်ပိတ်သော်လည်း မပိတ်မိဖြစ်တတ်ပါသည်။ ထိုအခါ ညဥ့်နက်သန်းခေါင်ယံတွင် မပိတ်မိသော လျှပ်စစ်ပစ္စည်းများအပူလွန်ကဲလာပြီး မီးလောင်မှုများ ဖြစ်ပွားရခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ မြို့မဈေးများ၏ လျှပ်စစ်မီးသုံးစွဲမှုကို အထူးဂရုပြုကြီးကြပ်ဆောင်ရွက်သင့်ပေသည်။ ဈေးအတွင်းသွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးများ၊ အသုံးပြုသော လျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်များ၊ ပလပ်ပေါက် (Socket)၊ ပလပ်တံ (Plug) မီးခေါင်းများကို အရည်အသွေးကောင်း-မကောင်းစစ်ဆေးရမည်။ ပလပ်တံနှင့် ပလပ်ပေါက်ချောင်နေခြင်း၊ မထိတထိဖြစ်နေခြင်းက မီးလောင်မှုကို ဖြစ်ပွားစေပါသည်။ ဈေးဆိုင်ခန်းမီးများကို ပင်မမိန်းခလုတ်များ သီးခြားထားသင့်သည်။ ဈေးဆိုင်ခန်းပိတ်ချိန်တွင် ဈေးတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဈေးမီးဘေးလုံခြုံရေးအဖွဲ့များက ဆိုင်ခန်းမီးများကို ပင်မမိန်းခလုတ်များမှတစ်ဆင့် ပိတ်ထားလျက်လုံခြုံရေးဈေးလမ်းမီး များကိုသာ ဖွင့်ထားသင့်သည်။

**အထူးသတိပြုသင့်သည့်အချက်များမှာ -**

- ✳ လျှပ်စစ်ဝိုင်ယာကြိုးများ၊ လျှပ်စစ်ပစ္စည်းအရည်အသွေးကောင်းမွန်စွာ စနစ်တကျတပ်ဆင်ထားရှိမှု ရှိ မရှိမျက်ခြည်မပြတ်စစ်ဆေး၍ ဟောင်းနွမ်း ချို့ယွင်းမှုများကို ပြုပြင်ရန်၊
- ✳ နေ့အခါ မီးများဖွင့်ထားခြင်းမှာ အပူလွန်ကဲမှုကိုဖြစ်ပေါ်စေသဖြင့် မလိုအပ်ပါက မီးပိတ်ထားရန်။
- ✳ ပလပ်ပေါက်-ပလပ်တံချောင်နေလျှင် သုံးစွဲမှုမပြုရန်၊
- ✳ ဆိုင်ရှင်များအနေဖြင့် ဆိုင်ပိတ်လျှင် မီးနှင့်လျှပ်စစ်ပစ္စည်းများကို စစ်ဆေးပိတ်သည့် အလေ့အကျင့်ပြုလုပ်ကြရန်၊
- ✳ ညအခါ တာဝန်ရှိသူက ဈေးဆိုင်ခန်းမီးများကို ပင်မမိန်းခလုတ်များမှ ပိတ်၍ဈေးလုံခြုံရေးမီးများသာ ထွန်းထားရန်၊
- ✳ လျှပ်စစ်ဂဟေဆော်ခြင်းဖြင့် မီးပွားလွင့်စဉ်က မီးလောင်လွယ်စေပါသည်။ လျှပ်စစ်ဝိုင်ယာကြိုးများအား မိမိသဘောဖြင့်စည်းကမ်းမဲ့စွာ တပ်ဆင်ခြင်းများ မပြုလုပ်ရန်။
- ✳ နွေအခါ ဈေးအတွင်းမီးလောင်လွယ်သော ဒီဇယ်၊ ဓာတ်ဆီများရောင်းချခြင်း၊ အမှိုက်ပုံများရှိနေခြင်း၊ အိမ်သဖွယ်ထမင်း၊ ဟင်းများချက်ပြုတ်ကြခြင်းတို့မှာ မီးဘေးအန္တရာယ်ကိုဖိတ်ခေါ်နေပါသည်။ အရေးပေါ်မီးသတ်ကား သွားလာနိုင်ရန် ဈေးဆိုင်များကိုလည်း စနစ်တကျထားရှိရန်တို့ဖြစ်သည်။

မြို့မဈေးကြီးများ မီးလောင်မှုဖြစ်စဉ်အများစုသည် မီးဘေးလုံခြုံမှုအားနည်းမှု၊ ပေါ့ဆမှုများကြောင့် အများဆုံးဖြစ်ပွားရကြောင်း မီးသတ်ဦးစီးဌာန ထုတ်ပြန်ချက်များအရသိရသည်။ ဈေးမီးလောင်မှုဖြစ်စဉ်များက ဈေးသူဈေးသားများနှင့် ဈေးတာဝန်ရှိပုဂ္ဂိုလ်များပါ မီးဘေးလုံခြုံရေးကို အထူးဂရုပြုသင့်ကြောင်း မီးမောင်းထိုးပြလျက်ရှိသည်။

သို့ဖြစ်၍ ဈေးအတွင်းမီးသတ်ဆေးဘူးများနှင့် မီးသတ်ပစ္စည်းများ၊ မီးသတ်ရေကန်၊ အပေါ့စားမီးသတ်စက်များ အပြည့်အစုံထားရှိသင့်သည်။ ဈေးသူဈေးသားများ၊ တာဝန်ရှိသူများနှင့် အနီးဝန်းကျင်နေသူများကို မီးဘေးကာကွယ်ရေးပညာပေးသင်တန်းများ၊ သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ထားခြင်းတို့ဖြင့် ဈေးကြီးများမီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ် ပြင်ဆင်ထားသင့်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။

**ကိုရွှေသိမ်းအေး(ငါးသိုင်းချောင်း)**

# နမ့်ခမ်းမြို့မဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်



**နမ့်ခမ်း မတ် ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မတ်လပထမပတ်က မြို့မဈေးအနီး၌ ကျင်းပရာမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်နှစ်စီး၊ ဈေးအရန်မီးသတ်ကန်မှ အပေါ့စားမီးသတ်စက် နှစ်လုံးဖြင့် ရေစုပ်တင်၍ မီးငြိမ်းသတ်ခြင်းကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများက လက်တွေ့ သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမျိုးမင်းသန့်ပါဝင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လျှပ်စစ်ဝန်ထမ်းများက မီးဘေးလုံခြုံမှုရှိစေရေးအတွက်ဈေးအတွင်းရှိ ဆိုင်ခန်းများ၌ မီးသတ်ဆေးဘူးများထားရှိမှုရှိမရှိ၊ လျှပ်စစ်မီးကြိုးများစနစ်တကျသွယ်တန်းထားရှိမှုအခြေအနေနှင့် ဈေးဆိုင်များနှင့် စားသောက်ဆိုင်များ စနစ်တကျသုံးစွဲမှုရှိ မရှိ၊ ဈေးအတွင်း မီးသတ်ယာဉ်ဝင်ထွက်သွားလာနိုင်ခြင်းရှိမရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ညဏ်မင်း(နမ့်ခမ်း)**



တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သန်းလွင်၊ မြို့နယ်ဦးစီးမှူး ဦးကိုမောင်နှင့် ဝန်ထမ်းများ၊ တောင်ငူမြို့နယ် မြို့နယ်မီးသတ်တပ်ဖွဲ့ မြို့နယ်ဦးစီးမှူး ဦးဖြူဝင်းနှင့် တပ်ဖွဲ့ဝင်များပူးပေါင်း၍ မတ်လပထမပတ်က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်စဉ်။
သူရ(တောင်ငူ)

သတင်းတိုများ

## လေယာဉ်ကွင်းတိုးချဲ့ခြင်းအတွက်လျော်ကြေး၊ နစ်နာကြေးငွေပေးအပ်

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်(စမုံတဲ)လေယာဉ်ကွင်းတိုးချဲ့ရာတွင်ပါဝင်သော မြေယာ၊ အဆောက်အအုံနှင့်သီးနှံလျော်ကြေး၊ နစ်နာကြေးပေးအပ်ပွဲကို မတ်လပထမပတ်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာခရိုင်အုပ်ချုပ်ရေး မှူးဦးစိုးသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ကျော်နှင့် တာဝန်ရှိသူတို့က နစ်နာသူ ၃၅ ဦးအား လျော်ကြေး၊ နစ်နာကြေးငွေကျပ် ၁၄၀၃၆၄၈၅၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## သွေးလှူဘဏ်တွင် အအေးခန်း၊ ရေခဲသေတ္တာ လိုအပ်

မကွေးမြို့ ပြည်သူ့ဆေးရုံကြီးသည် တိုင်းဒေသကြီးဆေးရုံတစ်ရုံဖြစ်သည့်အတွက် လူနာများအားထားရာ ဆေးရုံဖြစ်သည်။ သွေးလှူဘဏ်တွင် သွေးသိုလှောင်ထားရှိသည့် အအေးခန်း၊ ရေခဲသေတ္တာအရေအတွက် နည်းသည့်အတွက် စုပေါင်းသွေးလှူဒါန်းပွဲများ လာရောက်ပါက သွေးသိုလှောင်ရန် အနည်းငယ်အခက်အခဲရှိသဖြင့် သွေးသိုလှောင်မှုပမာဏပြည့်သွားပါက နောက်ရက်များသို့ ပြန်လည်ချိန်း ဆိုရကြောင်းသိရသည်။

မကွေးမြို့ တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး၌ သွေးလှူဘဏ်တွင် လိုအပ်လျက်ရှိသည့် အအေးခန်း၊ရေခဲသေတ္တာလှူဒါန်းလိုပါက ဒေါက်တာမြတ်မြတ်မိုး မကွေးသွေးလှူဘဏ်၊ ဖုန်း ၀၉-၅၃၃၇၂၄၃ မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ခင်မာလာ(မကွေး)**

## ကျောက်ထုတွင် စာပေဟောပြောပွဲကျင်းပ

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ သာသနာ့ရက္ခိတ ဘုန်းတော်ကြီးကျောင်း၌ ဒေသ လူမှုရေးအဖွဲ့အစည်း တစ်ခုဖြစ်သည့် ယောလူငယ်အသင်းက ကြီးမှူး၍ မတ်လပထမပတ်က စာပေဟောပြောပွဲကျင်းပပြီး ဆောမြို့နယ် သီးကုန်းကျေးရွာ မီးဘေးသင့်ပြည်သူများအတွက် ငွေကျပ် ရှစ်သိန်းကို ပေးအပ်ထောက်ပံ့လှူဒါန်းသည်။

အဆိုပါစာပေဟောပြောပွဲတွင် ယောလူငယ်အသင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လက်ကမ်းစာစောင်များဖြန့်ဝေပေးကြောင်းနှင့် စာပေဟောပြောပွဲတွင် ဆရာမ ခင်ခင်ထူးက ခြေလှမ်းတိုင်းမှာ ပန်းပွင့်၊ နေဝင်းမြင့်က မေတ္တာနှင့်ပညာ၊ ညိုထွန်းလူ က ပညာဖြင့်မင်္ဂလာ ခေါင်းစဉ်များဖြင့် ဟောပြောကြကြောင်း သိရသည်။ **(၁၀၁)**

## မီးဘေးကြိုတင်ကာကွယ်တားဆီးရေး အသိပေးနှိုးဆော်

ယခုရာသီသည် ပူပြင်းခြောက်သွေ့သည့် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးလောင်မှုမဖြစ်စေရေးနှင့် မီးဘေးအန္တရာယ် ကင်းဝေးစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မတ်လပထမပတ်က ပြည်ကြီးမဏ္ဍိုင်မြို့မီးသတ် ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များသည် မြို့ပေါ်ရပ်ကွက်များသို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်မှုလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

ထို့အပြင် မြို့နေပြည်သူများ မီးအသုံးပြုရာတွင် စနစ်တကျအသုံးပြုရေး ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး၊ နေအိမ်များတွင် မီးချိတ် ၊ မီးကပ် ၊ သဲပုံး ၊ ရေပုံးများနှင့် မီးသတ်ဆေးဘူးများ အသင့်ထားရှိရေးတို့ကို ပြည်သူများသို့ တွေ့ဆုံပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## စလင်းမြို့၌ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲများဖြေဆိုရန် ကြိုတင်ပြင်ဆင်

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အထက်တန်းကျောင်းများမှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၉ ရက်တွင် စတင်ဖြေဆိုကြမည်ဖြစ်သည်။

အဆိုပါတက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန်အတွက် စလင်းစင်တာ(၁)တွင် ၈၀၆ ဦး၊ စင်တာ(၂)တွင် ၆၇၆ ဦး၊ ဆင်ဖြူကျွန်း အထကတွင် ၉၅၅ ဦး၊ ဇီးဖြူပင် အထကတွင် ၃၂၀၊ ပြည်စိုးကုန်း အထကတွင် ၁၂၁ ဦး၊ တညောင် အထကတွင် ၅၀၇ ဦးဖြစ်ပြီး စုစုပေါင်း ကျောင်းသားကျောင်းသူ ၃၃၈၅ ဦး ဖြေဆိုကြမည်ဖြစ်ကြောင်းသိရသည်။

**စစ်ကြည်(စလင်း)**

## ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်း ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ချီးမြှင့်ငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၅ နံနက် ၉ နာရီခွဲက အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **ခင်မောင်ဆွေ(မော်လူး)**

# ရွှေဂူမြင့်စေတီတော်ဘုရားပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာကျင်းပမည်



**ကန့်ဘလူ မတ် ၇**

အထက်အညာဒေသ မူးမြစ်ဝှမ်းတွင် ဈေးပွဲတော်အဖြစ် ကျော်ကြားထင်ရှားသော ကန့်ဘလူမြို့နယ် မြေထူး(မြို့ဟောင်း)ရှိ ရှေးနှစ်ပေါင်းများစွာက တည်ထားကိုးကွယ်ခဲ့သော ရွှေဂူမြင့်စေတီတော်ဘုရားပွဲတော်ကြီးကို ၁၃၇၇ ခုနှစ် တပေါင်းလဆန်း ၈ ရက်နေ့မှ လပြည့်နေ့အထိ အစဉ်အလာမပျက် စည်ကားစွာကျင်းပသွားရန် ဂေါပကအဖွဲ့က စီစဉ်လျက်ရှိကြောင်း သိရသည်။

မြေထူးဘုရားပွဲတွင် အညာဒေသထွက်ကုန် ကောက်ပဲသီးနှံ၊ ပဲမျိုးစုံနှင့် တောင်သူလယ်သမားသုံး ထွန်တုံး၊ ထွန်တံ၊ လှည်းဘီး၊ လှည်းအိမ်များ၊ အိမ်သုံးနှင့် မီးဖိုချောင်သုံး သံထည်ပစ္စည်းအမျိုးမျိုးနှင့် နှီးဖျာ၊ တင်းတောင်း၊ ဆန်ကော၊ ဆန်ခါ၊ ပုတ်၊ သစ်တောထည်ပစ္စည်းများ၊ အဝတ်အထည်၊ ချည်ထည်၊ ပုဆိုး၊ ပဝါစသည့် ရက်ကန်းထွက်ပစ္စည်းများ၊ အစိတ်ဝင်၊ ငါးဆယ်ဝင်၊ ရာဝင်စဉ့်အိုးများ၊ ပန်းအိုး၊ အင်တုံ၊ ငရုတ်ဆုံစသည့် စဉ့်ထည်များ၊ မြေထည်ပစ္စည်းများ၊ ကျောက်ဖြင့် ပြုလုပ်သောကျောက်ပျဉ်၊ ငရုတ်ဆုံစသည်များ၊ စေတီတော်နှင့် ရုပ်ပွားများ ရွှေသက်န်းကပ်လှူရန် ရွှေဆိုင်များကို အရပ်ရပ်က ဈေးရောင်းဈေးဝယ်တို့သည် လာရောက်ကြကာ ရောင်းဝယ်ကြရာ ရှေးအစဉ်အလာမပျက် စည်ကားလျက်ရှိကြောင်း သိရသည်။

ဘုရားပွဲတော်၌ တပေါင်းလဆန်း ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် မုံရွာပန်တျာဟိန်းဇော်ဇာတ်ဖြင့် ဖျော်ဖြေ၍ လပြည့်နေ့နံနက်တွင် ပင့်သံဃာ ၄၅ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူကာ နေ့ဆွမ်းဆက်ကပ်မည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# သမိုင်းဝင်ရွှေမာလဲဘုရား အာရုံခံတန်ဆောင်းတော်ကြီးပြုပြင်ရန် အလှူငွေများလိုအပ်



**စဉ့်ကူး မတ် ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် မာလဲကျေးရွာရှိ သုဒ္ဓိဂန္ဓတောင်တော်ပေါ်တွင် ရှင်မာလဲရဟန္တာမထေရ်မြတ်ကြီးက ဗုဒ္ဓမွေတော်များအား ဌာပနာ၍ တည်ထားကိုးကွယ်တော်မူခဲ့သော ရှေးဟောင်းသမိုင်းဝင် ဂေဇက်ရရွှေမာလဲ စေတီတော်မြတ်ကြီးကို ရှေးနှစ်ပေါင်း ၂၀၀ ကျော်က တည်ထားကိုးကွယ်ခဲ့သည်။

ရှေးဟောင်းသမိုင်းဝင် ရွှေမာလဲဘုရားကြီးနှင့် ရှေးဟောင်းအာရုံခံတန်ဆောင်းတော်ကြီးကို ရွှေမာလဲကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘဏနှင့် ဘုရားဂေါပကအဖွဲ့တို့က ရှေးမူမပျက်ထိန်းသိမ်းစောင့်ရှောက် ပြန်လည်မွမ်းမံပြီး ရွှေထီးတော် တင်လှူပူဇော်ခြင်း၊ လုံးတော်ပြည့် ရွှေသက်န်းကပ်လှူခြင်းများဆောင်ရွက်ခဲ့ပြီး စေတီတော်မြတ်ကြီးရှိ လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ ကျော်က တည်ဆောက်ထားခဲ့သော ဘုရားအာရုံခံ တန်ဆောင်းတော်ကြီးမှာ ယိုယွင်းပျက်စီးလျက်ရှိရာ သံကူကွန်ကရစ်တိုင်ကြီးများဖြင့် ရှေးမူမပျက် အသစ်ပြန်လည်မွမ်းမံတည်ဆောက်နိုင်ရန်အတွက် သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်းတို့က ပါဝင်လှူဒါန်း ကုသိုလ်ယူနိုင်ကြရန် ဖုန်း ၀၉-၄၄၄၀၀၂၀၉၄နှင့် ရွှေမာလဲဘုရားဂေါပက အဖွဲ့ဥက္ကဋ္ဌတို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဝင်းမောင်(စဉ့်ကူး)**

# သုဝဏ္ဏဘူမိ ပရိယတ္တိစာမေးပွဲ မဟာဓမ္မပူဇာဘွဲ့နှင်းသဘင်ကျင်းပ

**သထုံ မတ် ၇**

မွန်ပြည်နယ် သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိသာသနာ့ဟိတအသင်းကြီးက ဦးဆောင်ကာ (၈၉)ကြိမ်မြောက် သုဝဏ္ဏဘူမိပရိယတ္တိ စာမေးပွဲစာအောင်ဆုဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၄ ရက် မွန်းလွဲ ၁ နာရီက သထုံမြို့ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက်အတွင်းရှိ သုဝဏ္ဏဘူမိပရိယတ္တိသာသနာ့ဟိတအသင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အသင်းကြီး၏နာယက သထုံမြို့ ဓမ္မမေဒနီကျောင်းဆရာတော် ဘဒ္ဒန္တဉာဏောသူရိယက ဩဝါဒစကားမြွက်ကြားပြီး အသင်းဥက္ကဋ္ဌ ဦးကျော်လှိုင်က စာမေးပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့် အတွင်းရေးမှူး ဦးခင်အောင်က အသင်း၏တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာအောင်ဆုရ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၄၅ ပါးတို့အား တာဝန်ရှိသူတို့က စာအောင်ဘွဲ့လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကာ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းပေးခဲ့သည်။

အဆိုပါစာမေးပွဲကြီးကို ၁၃၇၇ ခုနှစ် နယုန်လပြည့်ကျော် ၈ ရက်နေ့မှ လကွယ်နေ့အထိ ကျင်းပခဲ့ပြီး ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၃၀၀ နီးပါးတို့ ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ရခိုင်ပြည်နယ်၌ ဗုဒ္ဓတက္ကသိုလ်ဖြစ်မြောက်ရေး အကြိုညှိနှိုင်းစည်းဝေး

**စစ်တွေ မတ် ၇**

ရခိုင်ပြည်နယ် ဗုဒ္ဓတက္ကသိုလ်ဖြစ်မြောက်ရေးအကြို ညှိနှိုင်းအစည်းအဝေးကို စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ မတ် ၅ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ပြည်နယ်ဩဝါဒဆရာတော်ကြီးများ၊ ပြည်နယ်သံဃနာယကဆရာတော်ကြီးများ၊ ပြည်တွင်းပြည်ပသာသနာပြု အလိုတော်ပြည့်ဆရာတော်ကြီးနှင့် စစ်တွေမြို့ ကျောင်းတိုက်များမှ ကျောင်းထိုင်ဆရာတော်ကြီးများ၊ မြို့နယ်များမှ သံဃနာယကဆရာတော်ကြီးများ၊ ရခိုင်ပြည်နယ်ခေတ္တဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်တွင်းပြည်ပ သာသနာပြုအလိုတော်ပြည့် ဆရာတော်ကြီးက ရခိုင်ပြည်နယ် ဗုဒ္ဓတက္ကသိုလ် ဖြစ်မြောက်ရေးနှင့် စပ်လျဉ်း၍ ဩဝါဒမိန့်ကြားခဲ့သည်။

ထို့နောက် သီရိလင်္ကာနိုင်ငံ ကေလနိယတက္ကသိုလ်မှ ဒေါက်တာ ဉာဏုတ္တရက တက္ကသိုလ်များနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြပြီး ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ်က ဗုဒ္ဓတက္ကသိုလ်ဖြစ်မြောက်ရေးနှင့် ပတ်သက်၍ အကြံပြုလျှောက်ထားခဲ့ရာ ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်များက ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး ဆွေးနွေးပွဲများကျင်းပ

**မိုးမောက်**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ဗန်းမော်ခရိုင် ပြန်/ဆက်ဦးစီးမှူး ဦးအောင်ကျော်ထွန်းက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် မိုးမောက်မြို့နယ်အတွင်း ကျေးရွာများရှိ စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ၊ အဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များကို ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ဦးဆောင်ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ရှားငံ**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှားငံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက် ဝန်ဆောင်မှုမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို မတ် ၅ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းသိန်းလွင်က စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆွေးနွေးပွဲတွင် ဓနုစာပေယဉ်ကျေးမှုအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ကျေးရွာစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများက ကျေးရွာစာကြည့်တိုက်များကိုအသုံးပြု၍ စာပေ၏အကျိုးကျေးဇူးကို ပြည်သူများသိရှိအောင်၊ စာကြည့်တိုက်များ အမြဲဖွင့်လှစ်နိုင်အောင် တာဝန်ခံစာကြည့်တိုက်မှူးကို မည်သည့်ပုံစံဖြင့် ဆောင်ရွက်ထားရှိရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရှားငံ)**

# အောင်ချမ်းသာ ပရဟိတကျောင်းသို့ ပညာရေးအတွက် ထောက်ပံ့လှူဒါန်း

**နေပြည်တော် မတ် ၇**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နိုင်ငံ့ဝန်ထမ်းများမိသားစု (ခရီးသည်ပရဟိတ) ဦးတင်နိုင်ထွန်းဦးဆောင်သောအဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ရွှေအင်ကြင်းရပ်ကွက်ရှိ အောင်ချမ်းသာပရဟိတသီလရှင် ဆင်းရဲနွမ်းပါးကလေးများစာသင်ကျောင်းသို့ မတ် ၆ ရက် နံနက် ၉ နာရီက သွားရောက်၍ အဆိုပါကျောင်း၌ ပညာသင်ကြားနေသော သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား/ ကျောင်းသူ ကလေးငယ် ၂၅၀ နှင့် သီလရှင်အပါး ၈၀ တို့ကို အဝတ်အထည်၊ စာအုပ်၊ ဘောလ်ပင်နှင့် စားသောက်ကုန်ပစ္စည်းများ အပါအဝင် ငွေကျပ်ခြောက်သိန်းတန်ဖိုးရှိ ပစ္စည်းများနှင့် ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# ဆရာတော်ဦးဥတ္တမ ကြေးသွန်းရုပ်တု တောင်ကုတ်မြို့ပေါ်၌ အပူဇော်ခံ

**တောင်ကုတ် မတ် ၇**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ကူညီထောက်ပံ့မှု၊ စေတနာရှင်၊ အလှူရှင်များ၏ ထည့်ဝင်မှုဖြင့် သွန်းလုပ်ခဲ့သည့် အာရှအလင်းရောင် မြန်မာ့လွတ်လပ်ရေး ရှေ့ဆောင် ရခိုင်အာဇာနည်ဆရာတော် ဦးဥတ္တမ ကြေးသွန်းရုပ်တုအား မတ် ၄ ရက် နံနက် ၈ နာရီတွင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့ပေါ်အတွင်း လှည့်လည်အပူဇော်ခံပြီး အပူဇော်ခံထားရှိမည့် ဦးဥတ္တမမင်္ဂလာကန်တော်ပလ္လင်ပေါ်သို့ ပင့်ဆောင်နိုင်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ ကြေးသွန်းရုပ်တုမှာ ကြေးပိဿာချိန် ၂၀၀၊ ရုပ်တုတန်ဖိုး ငွေကျပ် သိန်း ၉၀၊ အဆောင်အယောင် ပလ္လင်တန်ဖိုးငွေကျပ်သိန်း ၃၂၀ စုစုပေါင်းငွေကျပ်သိန်း ၄၁၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# ရူပဗေဒပညာရပ် လက်တွေ့လုပ်ငန်းဆိုင်ရာ အဆင့်မြှင့်တင်ရေးညှိနှိုင်းစည်းဝေး

**လားရှိုး မတ် ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးတက္ကသိုလ် အစည်းအဝေးခန်းမ၌ မတ် ၆ ရက် နံနက် ၉ နာရီခွဲက ရူပဗေဒပညာရပ်ဆိုင်ရာ လေ့လာဆန်းစစ်မှု လက်တွေ့လုပ်ငန်းဆိုင်ရာ အဆင့်မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ ဂိဖု(Gifu)တက္ကသိုလ်မှ ပရော်ဖက်ဆာနာဂါဇာဝါက ၎င်း၏ လေ့လာတွေ့ရှိချက်များကို projector ဖြင့် တင်ပြသည်။ **(အောက်ပုံ)**



ထို့နောက် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ၏ လက်တွေ့လုပ်ကိုင်နိုင်မှုစွမ်းရည်ကို မြှင့်တင်ပေးခြင်းအားဖြင့် တက္ကသိုလ်မှတစ်ဆင့် အခြေခံပညာကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၏ သိပ္ပံနှင့်ပတ်သက်သော လက်တွေ့လုပ်ဆောင်မှုများဆိုင်ရာ အတွေးအခေါ်များ၊ လုပ်ကိုင်ပုံလုပ်ကိုင်နည်းများကို မြှင့်တင်အထောက်အကူပေးနိုင်ရေးနည်းလမ်းများကို ရှာဖွေခြင်း၊ ဆွေးနွေးအကြံပြုခြင်းများကို လားရှိုးတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်တို့မှ ပါမောက္ခ ဆရာဆရာမများ၊ လားရှိုးတက္ကသိုလ်မှ သိပ္ပံဌာနမှူးများ တက်ရောက် ဆွေးနွေးအကြံပြုချက်များပေးခြင်းတို့ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# လဲချား၌ ပလတ်စတစ်အမှိုက်များ စုပေါင်းကောက်ယူ

**လဲချား မတ် ၇**

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့တွင် မြို့နယ်စည်ပင်သာယာရေးဌာနနှင့် လူငယ်များပူးပေါင်းပြီး ပလတ်စတစ်အမှိုက်များ ကောက်ယူခြင်းနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်တတ်လာစေရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မတ် ၆ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။

အဖွဲ့ခေါင်းဆောင် ဦးစိုင်းထွန်းယံက "ကျွန်တော်တို့ တစ်ဦးချင်းစီက ပလတ်စတစ်အန္တရာယ်ကို သိရှိနားလည်ပြီး စနစ်တကျစွန့်ပစ်တတ်ဖို့ မြန်မာ၊ ရှမ်း၊ အင်္ဂလိပ် သုံးဘာသာစကားနဲ့ ရိုက်နှိပ်ထားတဲ့ လက်ကမ်းစာစောင်တွေ ဖြန့်ဝေရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါအဖွဲ့သည် လဲချားမြို့ မြောက်ဘက်အဝင် မဟာမြတ်မုနိဘုရားရှေ့မှ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် လမ်းဘေးဝဲယာ၊ အနော်ရထာလမ်းတစ်လျှောက် လမ်းဘေးဝဲယာနှင့် မြို့မဈေးအပြင်ဘက်မှ ပလတ်စတစ်များနှင့် စွန့်ပစ်အမှိုက်များကို ကောက်ယူခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# လူမှုရေးအသင်းဝင်များ ပတ်ဝန်းကျင်သဘာဝလှပရေးဆောင်ရွက်

**ထီးလင်း မတ် ၇**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ထလင်းကျေးရွာတွင် အမျိုးသမီးခြောက်ဦးက ဦးဆောင်ဖွဲ့စည်းထားသည့် ဝန်းကျင်သဘာဝထိန်းသိမ်းရေးအမည်ရှိ လူမှုရေးအသင်းကို ကျောင်းသား ကျောင်းသူလူငယ်များဖြင့် ပါဝင်ဖွဲ့စည်းထားသည်။

အဆိုပါအဖွဲ့သည် ထလင်းကျေးရွာအတွင်း တစ်လမ်းဝင်တစ်လမ်းထွက်ဖြင့် တစ်လလျှင်နှစ်ကြိမ်နှုန်း လမ်းပေါ်၊ လမ်းဘေးအမှိုက်များကို ကောက်ယူကြပြီး ကျေးရွာသန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

"ကျွန်မတို့အဖွဲ့က ကျေးရွာတွင်း လမ်းဘေး၊ လမ်းပေါ်မှာရှိနေတဲ့ အမှိုက်တွေ၊ ပလတ်စတစ်စတွေကို ကောက်ယူပြီးတော့ အမှိုက်အိတ်တွေနဲ့ ထည့်ပါတယ်။ ကျေးရွာမှာရှိတဲ့ ထော်လာဂျီအကူအညီနဲ့ ရွာပြင်မှာရှိတဲ့ အမှိုက်ကျင်းထဲ စွန့်ပစ်ပါတယ်။ တစ်လမှာ နှစ်ကြိမ်လောက်အထိတော့ အခုလို အမှိုက်ကောက်နိုင်အောင် ကြိုးစားပါတယ်။ ၂၀၁၄ ခုနှစ် မေလက စပြီးတော့ ဆောင်ရွက်လာခဲ့တာပါ။ အစကတော့ ကျောင်းသား ကျောင်းသူလေးတွေပါပဲ။ ပတ်ဝန်းကျင်သန့်ရှင်းသွားတာတွေ့တော့ လူကြီးတွေလည်း စိတ်ပါဝင်စားစွာနဲ့ လာရောက်ဆောင်ရွက်ကြပါတယ်။ တချို့က လုပ်အားဆောင်ရွက်ကြသူတွေကို မုန့်ပဲသရေစာဝေငှကျွေးမွေးကြပါတယ်" ဟု အဆိုပါအဖွဲ့မှ ဦးဆောင်အဖွဲ့တွင်ပါဝင်သည့် အမျိုးသမီးတစ်ဦးက ပြောသည်။

ထီးလင်းမြို့နယ်ရှိ ကျေးရွာ ၁၅ ရွာတွင် လူမှုရေးအသင်းအဖွဲ့များ ဖွဲ့စည်းလျက် ဒေသအလိုက်၊ ကျေးရွာအလိုက်လူမှုရေးလုပ်ငန်း လိုအပ်ချက်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၀၁)**



# ရေဘေးသင့်စာသင်ကျောင်းများအတွက် အမေရိကန်ဒေါ်လာ ၅၅၆၁၂၉ တန်ဖိုးရှိ စာသင်ဆောင်များထောက်ပံ့

**နေပြည်တော် မတ် ၇**

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံမှူးကြီး မစ္စတာ အီချီရိုမာရူယာမာနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးများမှကော်မတီဥက္ကဋ္ဌ များသည် စီမံကိန်းငါးခုအတွက် အထောက်အပံ့ပေးရေး သဘောတူစာချုပ် များကို မတ် ၄ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။

ဂျပန်အစိုးရသည်၎င်း၏အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ စုစုပေါင်းအမေရိကန် ဒေါ်လာ ၅၅၆၁၂၉ ကို လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့အဖြစ် ပေးအပ်ခဲ့ရာ အဆိုပါစီမံကိန်းများမှာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နန်းချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၃၇၉၈၄ ဒေါ်လာ၊ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ထန်းပင်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၉၄၀၂၅ ဒေါ်လာ၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ပြင်သာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၂၅၈၂၅ ဒေါ်လာ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ထိုမာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၉၆၆၁၅ ဒေါ်လာနှင့် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ချောင်းသုံးခွကျေးရွာ အခြေခံမူလတန်းကျောင်း ဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၀၁၆၈၀ တို့ဖြစ်ကြသည်။

ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံတွင် အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်ဖြင့် ၁၉၉၃ ခုနှစ်မှစတင်ပြီး စီမံကိန်းပေါင်း ၇၆၀ ကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ရာ ပညာရေးထောက်ပံ့ရေးစီမံကိန်းပေါင်း ၃၅၆ ခု၊ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ရေးစီမံကိန်းပေါင်း ၁၉၅ ခုနှင့် လူမှုဖူလုံရေးနှင့်ပတ်ဝန်းကျင်စီမံကိန်းပေါင်း ၁၃၈ ခု၊ အခြေခံအဆောက်အအုံ စီမံကိန်းပေါင်း ၃၆ ခုနှင့် အခြားအမျိုးမျိုးသော စီမံကိန်းပေါင်း ၃၅ ခုတို့ကို ဆောက်လုပ်ကူညီခဲ့ပြီးဖြစ်သည်။ ဤအထောက်အပံ့များသည် လက်ရှိ မြန်မာ-ဂျပန်နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုတိုးတက်ခိုင်မာလာစေလိမ့်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ဆိုင်ကယ်ဖြင့် ရေရောင်းသူများ ယခုနှစ်ပိုရောင်းရ

**မလှိုင် မတ် ၇**

မလှိုင်မြို့နယ်အတွင်း နွေဦးကာလရေပြတ်လပ်မှုမရှိအောင် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့သည်။ ထို့အတူ မလှိုင်မြို့ပေါ်တွင် ယခင်က(ဒေသအခေါ်) ရေချိုသောက်ရေရောင်းသူများသည် စက်ဘီးဖြင့် ရေရောင်းသော်လည်း ယခုအခါ စက်ဘီးယာဉ်အစား ဆိုင်ကယ်ဘေးနှစ်ဖက်တွင် ရေပုံးကိုချိတ်ကာ ရေရောင်းချရသဖြင့် နေ့စဉ်ဝင်ငွေရ၍ အဆင်ပြေကြောင်း သိရသည်။

"အခုလိုရေရောင်းတာ နှစ်ပေါင်း ၂၀ လောက်ရှိပါပြီ။ အရင်က စက်ဘီးဘေးနှစ်ဖက်ကို သံချိန်နဲ့ရေပုံးကိုချိန်ပြီး ရေရောင်းခဲ့ရတာပါ။ အရင်စက်ဘီးနဲ့တုန်းက ရေပုံးသုံးပုံးပဲတင်လို့ရတာပါ။ အခုဆိုင်ကယ်နဲ့ဆိုတော့ ရေပုံးခြောက်ပုံးလောက်တင်ပြီး ရောင်းလို့ရသလို ရေအခေါက်ရေကလည်း ခါတ်ဆီ ၁၀၀၀ ဖိုးထည့်ထားရင် ငွေကျပ် ၁၀၀၀၀ ဖိုးလောက် ရှာလို့ရပါတယ်။ ရေတစ်ခေါက်ကို ခြောက်ပုံးပါငွေကျပ် ၅၀၀ နဲ့ ရောင်းပါတယ်" ဟု ဆိုင်ကယ်ဖြင့် ရေချို(သောက်ရေ)ရောင်းသူတစ်ဦးက ပြောသည်။

**ကျော်ကျော်(မလှိုင်)**

# မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

**ဘားအံ မတ် ၇**

ကရင်ပြည်နယ် ဘားအံမြို့ပေါ်ရပ်ကွက်များတွင် တရားမဝင်လောင်စာဆီဆိုင်များ သိုလှောင်ရောင်းချခြင်းများမှ မီးဘေးအန္တရာယ်ဖြစ်ပေါ်နိုင်မှု မရှိစေရေးအတွက် စစ်ဆေးခြင်းနှင့် ပညာပေးခြင်းကို မတ် ၅ ရက် မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘားအံမြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ ဘားအံမြို့ပေါ်ရပ်ကွက်များမှ လမ်းဘေးပုလင်း/ဘူးများဖြင့်တင်ကာ တရားမဝင်ရောင်းချနေသည့် နေရာများကို စစ်ဆေးခဲ့သည်။ ထို့နောက် ဆိုင်ရှင်များနှင့်တွေ့ဆုံကာ လောင်စာဆီများ လဲလှယ်ထည့်ရာတွင် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားနိုင်ခြင်း၊ လျှပ်စစ်မီးအသုံးပြုရာမှ ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားလာနိုင်ကြောင်း ရှင်းလင်းပညာပေးပြောကြားကာ တရားမဝင်လောင်စာဆီများ သိုလှောင်ရောင်းချခြင်းမရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်တွင်အကြီးဆုံး စကျင်ကျောက်ဆင်းတု ရုပ်ပွားတော်ကြီးကို အောင်ပန်းမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် တည်ထားကိုးကွယ်မည်




**အောင်ပန်း မတ် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ရှမ်းပြည်နယ်၏ အကြီးဆုံးနှင့် မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံး စကျင်ကျောက်ဆင်းတုရုပ်ပွားတော်ကြီးဖြစ်လာမည့် 'မဟာရွှေဘုရင်' ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ထားရှိကိုးကွယ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စကျင်ကျောက်သား ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ဉာဏ်တော်အမြင့် ၁၈ ပေရှိမည်ဖြစ်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့နေ ဦးမောင်မောင်မိသားစု (ရွှေပိုးကမ္ဘာ-ရွှေသတ္တုတူးဖော်ရေး)က လှူဒါန်းခြင်းဖြစ်သည်။ အလှူရှင် ဦးမောင်မောင်မိသားစုသည် အောင်ပန်းမြို့တွင် မဟာရွှေဘုရင် စကျင်ကျောက်ဆင်းတုဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လှူဒါန်းသည့်အပြင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့တွင် ပူဇော်ရန် 'မဟာနေဘုရင်'အမည်ဖြင့် စကျင်ကျောက်ဆင်းတုတော်မြတ်ကြီး တစ်ဆူကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့တွင် ပူဇော်ရန် 'မဟာလဘုရင်'အမည်ဖြင့် ရုပ်ပွားတော်မြတ်တစ်ဆူကိုလည်းကောင်း ထုဆစ်လှူဒါန်းထားကြောင်း သိရသည်။

ထိုရုပ်ပွားတော်မြတ်ကြီး သုံးဆူလုံးကို အောင်မြင်စွာ ထုဆစ်ပြီးစီး၍ အောင်ပန်းမြို့ မိုးကုတ်ဝိပဿနာတရားရိပ်သာတွင် ထားရှိပူဇော်မည့် မဟာရွှေဘုရင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ရုပ်ပွားတော်ထုဆစ်နေရာ မန္တလေးတိုင်းဒေသကြီး မတ္တရာစကျင်တောင်မှ အောင်ပန်းမြို့သို့ ပင့်ဆောင်တော့မည်ဖြစ်ကြောင်း သိရသည်။ ပင့်ဆောင်ရာတွင် မန္တလေးမဟာမြတ်မုနိဘုရားကြီးထံ မတ် ၁၅ ရက်တွင် ပင့်ဆောင်၍ ရင်ငွေ့တော်လှုံပြီးနောက် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တွင် ဆက်လက်ရင်ငွေ့လှုံ သီတင်းသုံးမည်ဖြစ်ကြောင်း၊ မတ် ၁၆ ရက်တွင် ပျော်ဘွယ်နှင့် မိတ္ထီလာမြို့များသို့ ပင့်ဆောင်အပူဇော်ခံ၍ သာစည်မြို့တွင် ရပ်နားကာ မတ် ၁၇ ရက်တွင် ကလောမြို့ ရွှေလင်းလွန်းစေတီတော်ရင်ပြင်၌ အပူဇော်ခံမည်ဖြစ်ကြောင်း၊ မတ် ၁၈ ရက်တွင် ကလောမြို့မှ အောင်ပန်းမြို့သို့ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်၍ အောင်ပန်းမြို့ ရာပြည့်ကွင်းတွင် မတ် ၁၉ ရက် ညပိုင်းအထိ အပူဇော်ခံမည်ဖြစ်ကာ မတ် ၂၀ ရက်တွင် ထာဝရစံမြန်းတော်မူမည့် အောင်ပန်းမြို့ မိုးကုတ်ဝိပဿနာရိပ်သာဝင်းအတွင်း ပင့်ဆောင်မည်ဖြစ်ကြောင်း ဘုရားဒါယကာ ဦးမောင်မောင်၏ ပြောကြားချက်အရ သိရသည်။

**ဇော်သိန်းရည်**

# ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်

**မလှိုင် မတ် ၇**

မလှိုင်မြို့နယ် ဖျောက်ဆိပ်ကျင်းကျေးရွာအုပ်စု လက်ပံချိုင်းကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မတ် ၅ ရက်က ပြုလုပ်ခဲ့သည်။

ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်သိန်းကျော်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဆောက်လုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်အေးက ဆေးခန်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ဆရာဝန်ကြီးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်သည် အလျား ၂၇ ပေ၊ အနံ ၂၄ ပေခွဲရှိ သွပ်မိုး၊ အုတ်ကာ တစ်ထပ်အဆောက်အအုံဖြစ်ပြီး ဒေသခံပြည်သူများထည့်ဝင်ငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ မြေနှင့် အဆောက်အအုံ စုစုပေါင်းတန်ဖိုး ကျပ်သိန်း ၅၀ နီးပါးဖြစ်ကြောင်း သိရသည်။ ဖျောက်ဆိပ်ကျင်း ကျေးရွာအုပ်စုသည် မလှိုင်မြို့နှင့် ငါးမိုင်ခန့်ကွာဝေးပြီး ချောင်းဆုံ၊ လက်ပံချိုင်း၊ သပြေပင်၊ မြေနီကုန်း၊ ရင်ငွေ့ကျေးရွာငါးရွာတွင် လူဦးရေ ၂၃၀၀ ကျော် နေထိုင်လျက်ရှိရာ ကျေးလက်ကျန်းမာရေးဌာနခွဲ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဒေသခံပြည်သူများ၏ကျန်းမာရေးကို ပို၍စောင့်ရှောက်မှုပေးနိုင်တော့မည်ဖြစ်သည်။

**အောင်ဌေး(မလှိုင်)**

# အယ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်ရာမှ မီးလောင်မှုများမဖြစ်ပေါ်စေရန် ကာကွယ်ရေးလုပ်ငန်းများ မုံရွာမြို့နယ်အတွင်း အရှိန်မြှင့်ဆောင်ရွက်လျက်ရှိ

**မုံရွာ မတ် ၇**

ယခုနှစ် နွေရာသီသည် ပုံမှန်အပူချိန်ထက်မြင့်မည့် အယ်နီညိုဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မိုးလေဝသပညာရှင်များက သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်လျက်ရှိရာ မြန်မာနိုင်ငံ၏ အပူပိုင်းဒေသအတွင်း ကျရောက်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီးတွင် အပူချိန်မြင့်တက်ခြင်းကြောင့် မီးဘေးအန္တရာယ် မဖြစ်ပွားစေရန် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးမှုများကို တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ကဦးစီးပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မုံရွာမြို့က တိုင်းဒေသကြီးအစိုးရ ရုံးစိုက်တဲ့မြို့၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစတဲ့ ကဏ္ဍမျိုးစုံ ဖွံ့ဖြိုးတိုးတက်နေတဲ့မြို့ဖြစ်လို့ မီးဘေးအန္တရာယ်က အရေးကြီးတဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ သူနာပြုသင်တန်းကျောင်း၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့တွေမှာ မီးဘေးသရုပ်ပြလေ့ကျင့်တယ်။ အသိပညာပေးဟောပြောတယ်။ တခြားမြို့နယ်တွေမှာလည်း ရပ်ကွက်ကျေးရွာတွေအလိုက် မီးကင်းတွေ စနစ်တကျစောင့်ကြပ်ဖို့ မီးသတ်တပ်ဖွဲ့ဝင်တွေက အမြဲတမ်း လိုက်လံသတိပေးတယ်။ တရားမဝင်ရောင်းတဲ့ စက်သုံးဆီအရောင်းဆိုင်တွေမရှိအောင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနဲ့ပူးပေါင်းပြီး ဒေသန္တရအမိန့်တွေ ထုတ်ပြန်နေတယ်။ စက်သုံးဆီအရောင်းဆိုင်တွေမှာလည်း အပူချိန်မြင့်တဲ့အချိန်တွေမှာ စက်သုံးဆီဖြည့်ရင် အထူးသတိပြုကြဖို့ မီးသတ်ဆေးဘူးတွေ၊ မီးသတ်ရေကန်တွေ အလုံအလောက်ရှိဖို့၊ ဆီဘောက်ဆာယာဉ်တွေ ဆီထုတ်ချိန်တွေမှာ အအေးပေးစနစ်လုပ်ဆောင်ပြီး စနစ်တကျအပ်ချုပြီးမှ ဆီထုတ်ကြဖို့ကို လိုက်လံပြီး အသိပညာပေးဟောပြောနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် နွေရာသီတွင် မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်များမှ မီးသတ်ဦးစီးမှူးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ပူးပေါင်း၍ မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ရေးမြို့ ကျုံးပတ်လမ်းကို ပြုပြင်ခင်းကျင်းမည်

**ရေး မတ် ၇**

မွန်ပြည်နယ် ရေးမြို့၏ကျက်သရေဆောင် ရွှေဟောင်းကျုံးတော်ကြီးအပေါ်ရှိ ကျုံးပတ်လမ်းသစ်ကို ယခုမတ်လအတွင်း စတင်၍ ပြုပြင်ဖော်ထုတ်ခင်းကျင်းသွားမည်ဖြစ်ကြောင်း သိရသည်။



ကျုံးပတ်လမ်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ကျုံးသာယာလှပရေးကော်မတီတို့ ပူးပေါင်းကာ စည်ပင်ရန်ပုံငွေ ကျပ်သိန်း ၈၀ အကုန်အကျခံ၍ ခင်းကျင်းမည်ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် ဂဝံကျောက်လမ်းကို အရင်ခင်းပေးသွားမည်ဖြစ်ပြီး လမ်းမီးအလှများကိုလည်း တပ်ဆင်ပေးမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်က ပြောသည်။

ကျုံးပတ်လမ်းကို သန့်ရှင်းသာယာလှပစေရေးအပြင် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဦးဆောင်မှုဖြင့် ကျုံးအတွင်း ရေစီးရေလာကောင်းမွန်စေရန်အတွက် မြေထိန်းနံရံနှင့် ရေထိန်းတံခါးများကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ ကျုံးပတ်လမ်းကို ကျန်းမာရေးအတွက် လမ်းလျှောက်သူများ လမ်းလျှောက်နိုင်သည့်လမ်းအဖြစ်လည်းကောင်း၊ အပန်းဖြေအနားယူသူများ အဆင်ပြေစေရန်အတွက်လည်းကောင်း ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရန် အထောက်အကူပြုပစ္စည်းများကို တပ်ဆင်ပေးထားပြီး ကလေးများအတွက် အပျော်တမ်း ကစားကွင်းကိုလည်း စီစဉ်ပေးထားကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

# ကလေးဗဟိုပြု ဓမ္မစကူးလ်သင်တန်း ဖွင့်လှစ်



**တနင်္သာရီ မတ် ၇**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ဓမ္မစကူးလ်ဖြစ်မြောက်ရေးကော်မတီက ဦးစီး၍ ယဉ်ကျေးလိမ္မာသော ကလေးသူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ဖွင့်လှစ်သော ဓမ္မစကူးလ်ဆင့်ပွားသင်တန်းဖွင့်ပွဲကို တနင်္သာရီမြို့ ချောင်းကြီးကျောင်းတိုက် ဓမ္မဗိမာန်တော်၌ မတ် ၅ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် အနောက်မော်တုန်းရွာ ဓမ္မရက္ခိတကျောင်းတိုက် ဆရာတော် အရှင်ဇောတိကက ငါးပါးသီလချီးမြှင့်ပေးပြီး အနောက်မော်တုန်းရွာ ဆရာတော်နှင့် လုံးခရမ်းကျောင်း ဆရာတော်တို့က ဓမ္မစကူးလ်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ဩဝါဒမြွက်ကြားသည်။ ထို့နောက် ဓမ္မစကူးလ်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမြက ဓမ္မစကူးလ်ကို တနင်္ဂနွေတိုင်း ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြဆွေးနွေးပြီး မြို့နယ်(လဝက)ဦးစီးအရာရှိ ဦးနိုင်ဝင်းကျော်က သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြခဲ့သည်။ အဆိုပါ ဓမ္မစကူးလ်သင်တန်းသို့ ကျောင်းသား ၇၈ ဦး၊ ကျောင်းသူ ၈၆ ဦး အပတ်စဉ် တက်ရောက်ကြမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများအတွက် ရပ်ကွက်အတွင်းမှ စေတနာရှင်ပြည်သူများက အလှူငွေ ကျပ် ၂၁၆၇၀၀ နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမျိုးမျိုးနိုင် မိသားစုက ဗလာစာအုပ် ၁၇ ဒါဇင်ကို လှူဒါန်းခဲ့သည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ယူရိုပါလိဂ် ၁၆ သင်းအဆင့်မှာ လီဗာပူးနဲ့မန်ယူ ဆုံပြီ

မိုးမြင့်လင်းလက်

ယူရိုပါလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပထမအကျော့ပွဲစဉ်တွေကို မတ် ၁၁ ရက်မှာ ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်တွေမှာ ပရီမီယာလိဂ် ထိပ်တန်းအသင်းတွေဖြစ်တဲ့ လီဗာပူးနဲ့မန်ယူတို့ တွေ့ဆုံမယ့်ပွဲက ပရိသတ်တွေအတွက် စိတ်လှုပ်ရှားစရာပွဲအဖြစ် မြင်တွေ့ကြရဦးမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒေါ့မွန်နဲ့စပါးအသင်းတို့ ထိပ်တိုက်တိုးမှုကလည်း ဘယ်လိုရသကောင်းတွေ ပေးစွမ်းဦးမလဲဆိုတာ စောင့်ကြည့်ချင်စရာကောင်းနေတာတော့ အမှန်ပါပဲ။

**လီဗာပူးနှင့် မန်ယူ**

ပရီမီယာလိဂ်မှာတော့ နှစ်သင်းစလုံး ရုန်းကန်နေရတဲ့အသင်းတွေဖြစ်ပါတယ်။ လီဗာပူးတို့က အိမ်ကွင်းမှာ မန်ယူကို နောက်ဆုံးလက်ခံကစားခဲ့တဲ့ ပွဲမှာတော့ တစ်ဂိုးဂိုးမရှိ ရှုံးထားပါတယ်။ ဒီနှစ် ယူရိုပါလိဂ် အုပ်စုပွဲစဉ်တွေကို ကစားခဲ့ရာမှာ လီဗာပူးတို့ ရှုံးပွဲမရှိခဲ့တာက ထူးခြားမှုတစ်ရပ်ပါပဲ။ လီဗာပူးတို့က အခုတစ်လော အိမ်ကွင်းမှာ ကစားခဲ့တဲ့ပွဲရလဒ်တွေကိုကြည့်ရင်လည်း ရှုံးပွဲမရှိပါဘူး။ မန်ယူတို့ကတော့ လက်ရှိနည်းပြ ဗန်ဂါးလ်လက်ထက်မှာ လီဗာပူးကို ရှုံးပွဲမရှိခဲ့တာမို့ အခုပွဲအဝေးကွင်းဆိုပေမယ့် မန်ယူတို့ နိုင်ပွဲရအောင် ကစားပါလိမ့်မယ်။ မန်ယူက လူငယ်ကစားသမားတွေအားကိုးနဲ့ ပွဲထွက်လာဖို့ ရှိနေပြီး အနိုင်ရလဒ်ကိုလည်း ရှာဖွေနိုင်တဲ့ ခြေစွမ်းရှိနေပါတယ်။ ဒါကြောင့် ဒီပွဲဟာ ခြေစွမ်းနဲ့အားထုတ်မှု တူညီနေတဲ့ နှစ်သင်းမို့ သရေပွဲဖြစ်သွားနိုင်ပါတယ်။




**ရှက်တာဒိုးနက်နှင့် အန်ဒါလက်ချ်**

ရှော်လ်ကေးအသင်းကို သုံးဂိုးပြတ်သွင်းပြီး အခုအဆင့်ကို တက်ရောက်လာတဲ့ ရှက်တာဒိုးနက်တို့က အခုပွဲမှာ အိမ်ကွင်းလည်းဖြစ်တာမို့ လူစုံထုတ်ခြေကုန်ဖွင့် ကစားပါလိမ့်မယ်။ လောလောဆယ်မှာ နိုင်ပွဲတွေရအောင် ကစားနေတဲ့ ရှက်တာဒိုးနက်တို့ဟာ ယူရိုပါလိဂ်မှာ အစဉ်အလာရှိတဲ့ အန်ဒါလက်ချ်ကို အနိုင်ကစားဖို့ဆိုတာ ခက်ခဲမှာတော့ သေချာပါတယ်။ အန်ဒါလက်ချ်တို့က ယူရိုပါလိဂ်သမိုင်းမှာ ချန်ပီယံဖြစ်ခဲ့ဖူးပြီး အခုလို ၁၆ သင်းအဆင့်ကို သုံးကြိမ်ရောက်ရှိဖူးတဲ့အသင်းဖြစ်ပါတယ်။ အခုတစ်လော ရှုံးပွဲမရှိတဲ့ အန်ဒါလက်ချ်တို့ဟာ အဝေးကွင်းဆိုပေမယ့် ဂိုးရသမျှ သွင်းယူရေးကြိုးစားပါလိမ့်မယ်။ အကြိုက်က ရှက်တာဒိုးနက်တို့ဖြစ်ပါတယ်။

**ဘေဆယ်နှင့် ဆီဗီလာ**

ဆွစ်ဇာလန်ကလပ် ဘေဆယ်တို့ကတော့ အဝေးဂိုး စည်းမျဉ်းနဲ့ စိန့်အီတင်းအသင်းကို ဖြတ်ကျော်ကာ ဒီအဆင့်ကို တက်ရောက်ခဲ့ပြီး လက်ရှိ ယူရိုပါလိဂ် ချန်ပီယံ ဆီဗီလာနဲ့ တွေ့ဆုံခြင်းဖြစ်ပါတယ်။ ဆီဗီလာတို့ကလည်း လက်ရှိချန်ပီယံနေရာကို ကာကွယ်ဖို့ ခြေစွမ်းပြဂိုးတွေသွင်းပြီး မိုလ်ဒီအသင်းကို ဖြတ်ကျော်လာခဲ့တာမို့ အခုပွဲမှာ ဘေဆယ်တို့အိမ်ကွင်းဆိုပေမယ့် ပွဲကျပ်ဖြစ်ကာ အသက်ရှူမှားအောင် ကစားရပါလိမ့်မယ်။ ဒါပေမယ့် ဆီဗီလာရဲ့ လက်ရှိခြေစွမ်းက အဝေးကွင်းမှာ ခြေစွမ်းမတည်ငြိမ်တာကို သတိပြုရမှာ ဖြစ်ပါတယ်။ ဘာစီလိုနာအသင်းကိုတောင် အနိုင်ကစားခဲ့တဲ့ ဆီဗီလာကို ဘေဆယ်တို့ အနိုင်ရဖို့ သိပ်တော့မလွယ်ပါဘူး။ ဘေဆယ်တို့ကလည်း အိမ်ကွင်းရှုံးအားကောင်းတာမို့ ဆီဗီလာတို့ သရေကျသွားနိုင်ပေမယ့် အနိုင်ဆိုရင်လည်းဆီဗီလာတို့ပဲ ဖြစ်သွားပါလိမ့်မယ်။

**ဒေါ့မွန်နှင့် စပါး**

ဘိုင်ယန်မြူးနစ်ကို သရေကစားခဲ့ပြီး ခြေတက်နေတဲ့ စပါးနဲ့ ဆက်တွေ့တာဟာ ဒေါ့မွန်အတွက် ပွဲကျပ်ဆက်နေတာဖြစ်ပါတယ်။ စပါးတို့ကလည်း ပရီမီယာလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်နဲ့ယှဉ်ပြိုင်ရလို့ ပွဲပန်းနေပြီး ဒေါ့မွန်လို ခြေစွမ်းထက်မြက်တဲ့ ပြိုင်ဘက်နဲ့ ထပ်ဆုံရတာဟာ ကြီးမားတဲ့ရင်ဆိုင်မှုတစ်ရပ် ဖြစ်နေပါတယ်။ စပါးဟာ အခုနောက်ပိုင်း ပွဲစဉ်တွေမှာ ခံစစ်လုံအောင် အခြေပြုပြီး တိုက်စစ်ဆင်ကစားတဲ့ ဗျူဟာကို ခင်းကျင်းလာနေတာမို့ ဒီပွဲမှာလည်း ခံစစ်ပိုင်း အမှားအယွင်းမရှိအောင် ပြင်ဆင်လာပါလိမ့်မယ်။ ဒေါ့မွန်ဟာ နေရာလိုက် တောင့်တင်းတဲ့ ကစားသမားတွေရှိပြီး စိတ်ဓာတ်ကောင်းကောင်းနဲ့ အာရုံစိုက်ကစားနိုင်သူတွေဖြစ်တဲ့အပြင် ဒီနှစ်ယူရိုပါလိဂ်ဖလားကို မျှော်မှန်းနေတာမို့ အိမ်ကွင်းမှာ စပါးကိုအနိုင်ရအောင် ကြိုးစားပါလိမ့်မယ်။ အဝေးကွင်းမှာ တိုက်စစ်ပိုင်း စွမ်းဆောင်ရည်ကျဆင်းတတ်တဲ့ စပါးကို တိုက်စစ်မှူး ဟာရီကိန်းတို့ အုပ်စု ဘယ်လိုပြောင်းလဲနိုင်မလဲကြည့်ရမှာပါ။ ဒီပွဲမှာ အကြိုက်က ဒေါ့မွန်ပါပဲ။ ။

# မန်ယူက ပေါင်သန်း ၇၀ နဲ့ ပစ်မှတ်ထားနေတဲ့ အော်ဘာမီရန်း

ဒေါ့မွန်တိုက်စစ်မှူး ပီယာရီအီမာရစ်အော်ဘာမီရန်းကို မန်ယူက ပေါင် သန်း ၇၀ နဲ့ ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။ ဒေါ့မွန်တိုက်စစ်မှူးဟာ အိုးထရက်ဖို့ကိုပြောင်းဖို့ စိတ်အားထက်သန်နေပါတယ်။ သို့ပေမယ့် ဂါဘွန်လက်ရွေးစင် ကစားသမား အော်ဘာမီရန်းကို ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်က ၂၀၂၀ ဇွန်လအထိ စာချုပ်ထားတာပါ။ အော်ဘာမီရန်းကို မန်ယူမတိုင်မီက အာဆင်နယ်က ခေါ်ယူဖို့ အကြိတ်အနယ်ကြိုးစားနေတာပါ။ ပြင်သစ်နိုင်ငံဖွား ဂါဘွန်နိုင်ငံသား အော်ဘာမီရန်းဟာ လက်ရှိ ဒေါ့မွန်ကလပ်မှာ ခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူဟာ ဘွန်ဒက်စ်လီဂါ ထိပ်တန်းဂိုးသွင်းသမား လီဝမ်ဒေါ်စကီးနဲ့အပြိုင် ဂိုးတွေသွင်းထားသူဖြစ်လာပါတယ်။ လီဝမ်ဒေါ်စကီးက ဒီနှစ်ရာသီမှာ ၂၉ ဂိုးအထိ သွင်းယူထားချိန်မှာ အော်ဘာမီရန်းက ၂၂ ဂိုးသွင်းယူထားပါတယ်။ အာဆင်နယ်က အော်ဘာမီရန်းကို ခေါ်ယူဖို့ ကြိုးစားနေပေမယ့် ငွေကြေးအင်အားအရ မန်ယူကို ယှဉ်ပြီးခေါ်ဖို့ မလွယ်လှပါဘူး။ အော်ဘာမီရန်းကိုယ်တိုင်ကလည်း မန်ယူကိုပြောင်းဖို့ စိတ်အားထက်သန်နေတာပါ။ လာမယ့်ရာသီမှာ အော်ဘာမီရန်းကို မန်ယူတိုက်စစ်မှူးအဖြစ် တွေ့ရဖို့ ပိုများနေပါတယ်။




# ပီအက်စ်ဂျီနဲ့ ကစားမယ့်ပွဲမှာ ကော်စတာပါဝင်နိုင်မည်

စတုတ်နဲ့ ကစားခဲ့တဲ့ တစ်ဖက်တစ်ဂိုးစီ သရေကျတဲ့ပွဲမှာ အရန်ခုံမှာ ထိုင်နေခဲ့တဲ့ ကော်စတာဟာ ဒဏ်ရာကြောင့်အနားယူနေရပေမယ့် ပီအက်စ်ဂျီနဲ့ကစားမယ့် ချန်ပီယံလိဂ် ၁၆ သင်း ဒုတိယအကျော့မှာတော့ ပါဝင်ကစားဖို့ သေချာနေတယ်လို့ နည်းပြဟစ်ဒင့်က ဆိုပါတယ်။ ချယ်လ်ဆီးနဲ့ ပီအက်စ်ဂျီတို့ဟာ ချန်ပီယံလိဂ် ဒုတိယအကျော့အဖြစ် ဗုဒ္ဓဟူးနေ့မှာ စတမ်းဖို့ဒ်ဘရစ်မှာ ကစားကြမှာဖြစ်ပါတယ်။ ပထမအကျော့ ပြင်သစ်မှာ ကစားတုန်းက ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ထားတာပါ။ ဟစ်ဒင့်ရဲ့ ချယ်လ်ဆီးကစားသမားတွေအနေနဲ့ ဒီရှုံးကြွေးကို ပြန်ဆပ်ပြီး ကွာတားဖိုင်နယ်တက်ရောက်နိုင်ဖို့ မျှော်လင့်ထားကြပါတယ်။ ဒီလို ရှုံးကြွေးပြန်ဆပ်နိုင်ဖို့ဆိုတာ အဓိက တိုက်စစ်မှူးဖြစ်တဲ့ ကော်စတာပါဝင်ခြင်းအပေါ်မှာ များစွာမူတည်နေပါတယ်။ ကော်စတာဟာ မော်ရင်ဟို အလုပ်ဖြုတ်ခံရပြီးတဲ့နောက် ချယ်လ်ဆီးအသင်းရဲ့ အောင်မြင်မှုတွေ ပြန်ရဖို့ အဓိက ပံ့ပိုးနေတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ ကော်စတာ ဦးဆောင်တဲ့ တိုက်စစ်နဲ့ ပီအက်စ်ဂျီကို အနိုင်ကစားဖို့ ပြင်ဆင်လေ့ကျင့်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။




# ဒဗလျူဘီအေ ဟဲဗီးဝိတ်ချန်ပီယံဖြစ်သွားတဲ့ လူးကတ်ဘရောင်း

ရုရှားနိုင်ငံမှာ ကျင်းပတဲ့ ဒဗလျူဘီအေ ဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်လုပွဲမှာ လူးကတ်ဘရောင်းက လက်ရှိချန်ပီယံ ရူဆလမ်ချာဂေ့လ်ကို ၁၀ ချီနဲ့ အလဲထိုးပြီး ချန်ပီယံဖြစ်သွားခဲ့ပါတယ်။ ရစ်ကီးဟက်တန်နည်းပြလုပ်တဲ့ ဩစတြေးလျ လက်ဝှေ့သမား ဘရောင်းဟာ ခြောက်ချီမြောက်မှာ ကြမ်းပြင်သို့ အလဲထိုးချခံလိုက်ရပါတယ်။ သို့ပေမယ့် ဥဇဘက်ကစ္စတန်လက်ဝှေ့သမား ချာဂေ့လ်ကို ၁၀ ချီ မြောက်မှာ တစ်ဖန်ပြန်ပြီး ကြမ်းပြင်ကိုအရောက်ပို့ပေးလိုက်ကာ ပွဲသိမ်းအောင်ပွဲခံခဲ့ပါတယ်။ ဘရောင်းဟာ ၂၄ ပွဲမှာ ပွဲအများစုကို သူ့ရဲ့လက်သီးနဲ့ နိုင်ပွဲကို အဆုံးသတ်ခဲ့တယ်လို့ ဆိုပါတယ်။ ဗြိတိန် လက်ဝှေ့သမား တိုင်စန်ဖူရီဟာ ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံသစ်ဖြစ်လာတဲ့ လူးကတ်ဘရောင်းနဲ့ ထိုးသတ်ဖို့ စဉ်းစားနေပြီလို့ဆိုပါတယ်။ လူးကတ်ဘရောင်းဟာ ယခုပွဲမှာ ချာဂေ့လ်ကို ပွဲစဉ်တစ်လျှောက်လုံး ဖိထိုးနိုင်ခဲ့တာဖြစ်ပါတယ်။




▶ ကောင်းမြတ်သူ-စုစည်းသည်။ ◀

# အကောက်တောင်သို့

**မောင်သာ(ရှေးဟောင်းသုတေသန)**

လွန်ခဲ့သော လေးငါးနှစ်မှစ၍ ပြည်တွင်းပြည်ပခရီးသွားများအကြား ထင်ရှားလာခဲ့သော ခရီးသွားလုပ်ငန်းနယ်မြေတစ်ခုဖြစ်သည့် အကောက်တောင်သို့ သရေခေတ္တရာခရီးမှအပြန်တွင် ကျွန်တော်တို့ ရောက်ရှိခဲ့ကြသည်။ ကျွန်တော်နှင့်အတူ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ နိုင်ငံရေးသိပ္ပံဒီပလိုမာ သင်တန်းသားများဖြစ်ကြသည့် နန်းလှဌေး၊ ကိုဇေယျာထွန်း၊ ကိုခိုင်ဇေဝင်းတို့ လိုက်ပါလာခဲ့သည်။

ကျွန်တော်တို့သည် ပြည်မြို့မှ ဧရာဝတီမြစ်အနောက်ဘက်ကမ်းသို့ နဝဒေးတံတားကို ဖြတ်ကျော်သွားရောက်ခဲ့ပြီး ဥသျှစ်ပင်သို့ရောက်ရှိသောအခါ လက်ဝဲဘက်သို့ကွေ့၍ ပုသိမ်-မုံရွာလမ်းအတိုင်း မြောက်ဘက်မှ တောင်ဘက်သို့ လာခဲ့ကြသည်။ ပုသိမ်-မုံရွာလမ်း မိုင်တိုင်(၁၄၄/၅)တွင် ပန်းတောင်းမြို့နယ် ထုံးဘိုမြို့အဝင်လမ်းခွဲသို့ ရောက်ရှိသည်။ ထုံးဘိုမြို့သည် ပုသိမ်-မုံရွာ လမ်းမမှ တစ်မိုင်ခွဲသာကွာဝေးသဖြင့် မိနစ်အနည်းငယ်အတွင်း ထုံးဘိုမြို့သို့ ရောက်ရှိခဲ့ကြသည်။

ထုံးဘိုမြို့တွင်းသို့ဝင်လာသည်နှင့် အာဇာနည်အမျိုးသားခေါင်းဆောင် သခင်မြ၏ရုပ်တုကို ကားလမ်း၏ ယာဘက်တွင် မြင်ကြရသည်။ ထုံးဘိုသည် အာဇာနည်ခေါင်းဆောင်သခင်မြ၏ ဇာတိမြေအဖြစ် ကျော်ကြားသကဲ့သို့ လွန်ခဲ့သည့် နှစ်အနည်းငယ်မှစ၍ အကောက်တောင်ရှိသည့် ဒေသအဖြစ်လည်း ထင်ရှားလာခဲ့သည်။

ထုံးဘိုမြို့တွင်းသို့ဝင်သည့် ကတ္တရာလမ်းအဆုံးတွင် ဧရာဝတီမြစ်ပြင်ကျယ်ကြီးနှင့်အတူ အကောက်တောင်သို့သွားသည့် မော်တော်ဆိပ်ကို မြင်ကြရသည်။ မော်တော်ဆိပ်တွင် စက်လှေ ၃၅ စီးက အကောက်တောင်သို့ အလှည့်ကျ နေ့စဉ် ပြေးဆွဲလျက်ရှိသည်။ စီးလုံးငှားလိုသူများအား စက်လှေအငယ်တစ်စီးလျှင် ၁၂၅၀၀ ကျပ်၊ စက်လှေအကြီးတစ်စီးလျှင် ၁၅၀၀၀ ကျပ်နှုန်းဖြင့် အကောက်တောင်သို့ အသွားအပြန် ပို့ဆောင်ပေးသည်။ ကျွန်တော်တို့လေးဦးသည် မော်တော်ငယ်တစ်စီးကိုငှားရမ်း၍ ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းလာခဲ့ကြသည်။ စက်လှေအငယ်ဆိုသော်လည်း လူ ၁၅ ယောက် ချောင်ချိသက်သာစွာ စီးနင်းနိုင်သည်။ စက်လှေပေါ်တွင် ခရီးသည်များထိုင်ရန် လှေနံဘေးနှစ်ဘက်တွင် ခုံတန်းလျားရှည်များတပ်ဆင်ထားပြီး အသက်ကယ်အင်္ကျီများကိုလည်း ချိတ်ဆွဲပေးထားသည်။

ရေစုန်ခရီးဖြစ်သောကြောင့် ၁၅ မိနစ်ခန့်သာ မောင်းရမည်ဖြစ်ကြောင်း စက်လှေမောင်းသည့်လူငယ်လေးက ပြောပြသည်။ ကျွန်တော်တို့နှင့်အတူ ထုံးဘိုမှ အသက် ၁၂ နှစ်အရွယ် မိန်းကလေးနှစ်ယောက်လည်း လိုက်ပါလာသည်။ သူတို့က ဂိုက်လုပ်ရန်လိုက်လာကြခြင်းဖြစ်ကြောင်း ပြောကြပြီး ထုံးဘိုမော်တော်ဆိပ်တွင် ဧည့်လမ်းညွှန်လုပ်သည့်ကလေးငယ် အယောက် ၄၀ ရှိကာ စက်လှေများတွင် အလှည့်ကျလိုက်ကြကြောင်း၊သက်ကြီးရွယ်အို ခရီးသည်များ ပါလာပါက အကောက်တောင်ပေါ်သို့တက်ချိန်တွင် ဝိုင်းဝန်းကူညီကြကြောင်းနှင့် အကောက်တောင်နှင့်ပတ်သက်၍ သူတို့သိသမျှကို ပြောပြကြသည်။ ခရီးသည်များကပေးသော မုန့်ဖိုးများကို သူတို့ရရှိကြသည်။

ထုံးဘို မော်တော်ဆိပ်မှစက်လှေများသည် ရုံးပိတ်ရက်များတွင် အကောက်တောင်သို့ လေးငါးခေါက် ပို့ပေးရလေ့ရှိပြီး ရုံးဖွင့်ရက်များတွင် ဧည့်သည်အလာနည်းသဖြင့် တစ်ခေါက်နှစ်ခေါက်သာ ပို့ပေးရကြောင်း စက်လှေမောင်းသည့် လူငယ်လေးက ပြောပြသည်။ ထို့အတူပင် ကလေးများလည်း စက်လှေများနှင့်လိုက်ကြရပြီး တစ်ရက်လျှင် ၂၀၀၀ ကျပ်မှ ၅၀၀၀ ကျပ်ကျော်အထိ ရရှိသည်ဟု ပြောပါသည်။

အကောက်တောင်သည် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဧရာဝတီမြစ်အနောက်ဘက်ကမ်းပါးတွင် ရှိသည်။ မြစ်ရေမျက်နှာပြင်မှ ပေ ၁၀၀၀ မြင့်သည့် တောင်ကမ်းပါးနံရံတွင် ဗုဒ္ဓဆင်းတုတော်များကို ထုလုပ်ထားသဖြင့် ထိုရုပ်ပွားတော်များကိုကြည့်ရှုရန် ပွင့်လင်းရာသီတွင် ဘုရားဖူးများ လာရောက်လည်ပတ်လေ့ရှိကြသည်။ ပြည်မှ အကောက်တောင်သို့ စက်လှေဖြင့်စုန်ဆင်းပါက တစ်နာရီခန့်ကြာပြီး ကြံခင်းမြစ်ဆိပ်မှလာပါက ရေဆန်ဖြစ်သဖြင့် နာရီဝက်နီးပါးကြာမြင့်သည်ဟု သိရှိရသည်။ အကောက်တောင်သို့ ထုံးဘိုမြို့မှလာခြင်းက အဆင်ပြေချောမွေ့သဖြင့် ထုံးဘိုမော်တော်ဆိပ်မှ စက်လှေများဖြင့် အများဆုံးလာရောက်ကြသည်။

ထုံးဘိုမြို့သို့ ပြည်မြို့မှတစ်ဆင့် လာနိုင်သကဲ့သို့ ပုသိမ်-မုံရွာလမ်းမှလည်း လာရောက်နိုင်သည်။ ရန်ကုန်မှ ရန်ကုန်-ပုသိမ်လမ်းအတိုင်းလာကာ ကျောင်းကုန်းရောက်လျှင် ရေကြည်သို့ဖြတ်လမ်းမှလာလျှင် ပုသိမ်-မုံရွာကားလမ်းသို့ ရောက်ရှိသည်။ ပုသိမ်-မုံရွာ မော်တော်ကားလမ်းသည် ကျယ်ဝန်းဖြောင့်တန်း၍ ယာဉ်အသွားအလာရှင်းသောကြောင့် ကျောင်းကုန်းမှ ထုံးဘိုသို့ သုံးနာရီသာ ကားမောင်းရသည်။



အကောက်တောင်ကမ်းပါးနံရံတွင် ထွင်းထုထားသော ဗုဒ္ဓဆင်းတုတော်များ။

**ကျွန်တော်တို့နှင့်အတူ ထုံးဘိုမှ အသက် ၁၂ နှစ်အရွယ် မိန်းကလေးနှစ်ယောက်လည်း လိုက်ပါလာသည်။ သူတို့က ဂိုက်လုပ်ရန်လိုက်လာကြခြင်းဖြစ်ကြောင်း ပြောကြပြီး ထုံးဘိုမော်တော်ဆိပ်တွင် ဧည့်လမ်းညွှန်လုပ်သည့် ကလေးငယ် အယောက် ၄၀ ရှိကာ စက်လှေများတွင် အလှည့်ကျလိုက်ကြကြောင်း၊ သက်ကြီးရွယ်အိုခရီးသည်များ ပါလာပါက အကောက်တောင်ပေါ်သို့တက်ချိန်တွင် ဝိုင်းဝန်းကူညီကြကြောင်းနှင့် အကောက်တောင်နှင့်ပတ်သက်၍ သူတို့သိသမျှကို ပြောပြကြသည်။ ခရီးသည်များကပေးသော မုန့်ဖိုးများကို သူတို့ရရှိကြသည်. . .**

ကျွန်တော်တို့စီးနင်းလာသောစက်လှေသည် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး နယ်နိမိတ် ချောင်းငယ်အနီးသို့ ရောက်ရှိသောအခါ ကြံခင်းမြို့နယ်ဘက်ကမ်းပါးတွင် ဧရာဝတီတိုင်းမှ ကြိုဆိုပါ၏ဟူသော ဆိုင်းဘုတ်ကို မြင်ကြရသည်။ တိုင်းဒေသကြီးနှစ်ခုအကြားမှ ချောင်းလေးကိုလွန်လာသည်နှင့် ဧရာဝတီမြစ်ကမ်းပါးနံရံတွင် ထွင်းထုထားသည့် ဗုဒ္ဓရုပ်ပွားတော်ကို စတင်မြင်တွေ့ကြရသည်။ စက်လှေမောင်းသည့် လူငယ်လေးက စက်ရှိန်လျှော့ကာ ကမ်းအနီးမှ မောင်းပေးသဖြင့် ရုပ်ပွားတော်များကို ဓာတ်ပုံများ ရိုက်နိုင်ခဲ့ပေသည်။ မြစ်အတွင်းမှ မြင်ရ၊ ဖူးရသည့် မြင်ကွင်းသည် အလွန်လှပကြည်ညိုဖွယ်ဖြစ်သောကြောင့် မြန်မာနိုင်ငံနေရာအနှံ့မှ ဘုရားဖူးများသည် အကောက်တောင်ရုပ်ပွားများကို စက်လှေများဖြင့် လာရောက်ကြည့်ရှုကြခြင်း ဖြစ်ပေသည်။

အကောက်တောင်ကို ရှေးအခါက ရတနာပုဗ္ဗတောင်ဟု ခေါ်ဆိုခဲ့ပြီး လွန်ခဲ့သော နှစ် ၂၀၀၀ကျော်က ယခု ထုံးဘိုမြို့တည်ရှိရာ ဧရာဝတီမြစ်အနောက်ဘက်ကမ်းခြေတွင် သီရိဘဂ်လွန်မြို့ ရှိခဲ့ကြောင်း၊ ထိုမြို့တွင် သီရိဘဂ်လွန်မင်းကြီး စိုးစံခဲ့ကာ မင်းကြီး၏ တောင်နန်းစံမိဖုရားမှ သားတော်သုံးပါး ထွန်းကားခဲ့ကြောင်း၊ သီရိဘဂ်လွန်မင်းကြီးသည် မြတ်စွာဘုရား၏ သရီရဓာတ်တော်သုံးဆူကို သားတော်သုံးပါးအား တစ်ဆူစီပေး၍ အကောက်တောင်ပေါ်တွင် စေတီသုံးဆူတည်စေခဲ့ကြောင်း ပြောစမှတ်ရှိခဲ့သည်။

သားတော်ကြီး မဟာပုဗ္ဗမင်းသား တည်ခဲ့သောစေတီသည် ရတနာပုဗ္ဗစေတီဟု အမည်တွင်သည့် ရွှေမြင်းတင်စေတီဖြစ်ပြီး သားငယ်သံပုဗ္ဗမင်းသားသည် ရွှေမြင်းတင်စေတီမှ မြောက်ဘက်တစ်ဖာလုံတွင် သက္ကဋ္ဌာပုဗ္ဗစေတီကိုလည်းကောင်း၊ သားလတ်စူဠပုဗ္ဗသည် ရွှေမြင်းတင်စေတီမှ တောင်ဘက်တစ်ဖာလုံတွင် ရထာပုဗ္ဗစေတီကိုလည်းကောင်း တည်ထားခဲ့ကြသည်။ ယခုအခါတွင် ရွှေမြင်းတင်စေတီတော်ကိုသာ ဖူးတွေ့ကြရပေသည်။

ကျွန်တော်တို့သည် အကောက်တောင်အောက်ခြေ မြစ်ကမ်းတွင် မော်တော်ရပ်နားပြီး တောင်ပေါ်သို့ တက်ရောက်ခဲ့ကြသည်။ တောင်တက်လမ်းတစ်လျှောက် မတ်စောက်သောနေရာများတွင် အုတ်လှေကားများပြုလုပ်ထားကာ စတီးလက်ရမ်းများ တပ်ဆင်ထားသည်။ ပြေပြစ်သောနေရာများတွင် မြေသားလမ်းအတိုင်း လျှောက်ခဲ့ကြရာ ကမ်းပါးနံရံတွင် ထွင်းထုထားသော ဗုဒ္ဓရုပ်ပွားဆင်းတုများကို အနီးကပ် မြင်တွေ့ကြရပေသည်။ ရုပ်ပွားတော်များသည် ကုန်းဘောင်ခေတ်နှင့် ကုန်းဘောင်ခေတ်နှောင်း ဆင်းတုလက်ရာများ ဖြစ်ကြသည်။

အကောက်တောင်ထိပ်သို့ ရောက်ရှိသောအချိန်တွင် ကျွန်တော်တို့ မောနေကြပြီဖြစ်သည်။ သို့သော်လည်း တောင်ထိပ်ပေါ်မှ မြင်ရသည့် ဧရာဝတီမြစ်ပြင်၏ လှပသောရှုခင်းများကြောင့် အမောပြေခဲ့ကြသည်။ တောင်ပေါ်တွင် လာသမျှခရီးသည်များကို သက်သတ်လွတ်ထမင်းကျွေးနေသည်ကိုလည်း တွေ့ရှိခဲ့ရသည်။ ကျွန်တော်တို့သည် တောင်ပေါ်တွင်သီတင်းသုံးကာ အကောက်တောင်ကို စောင့်ရှောက်နေသည့်ဆရာတော်ကို ဖူးမြော်ခဲ့ကြပြီး သက်သတ်လွတ်ထမင်းကျွေးနေသည့် ကျောင်းဆောင်တွင် ထမင်းဝင်စားကြပါသည်။ မောပန်းချိန်ဖြစ်သဖြင့် စား၍ကောင်းလှပေသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် ရတနာပုံနေပြည်တော်၌ နန်းစိုက်ခဲ့သည့် မင်းတုန်းမင်းသည် မြို့ဝန်ဦးကောက်ရအား ဧရာဝတီမြစ်အတွင်း ဖြတ်သန်းသွားလာသော လှေ၊သမ္ဗာန်၊ သင်္ဘောများကို ရတနာပုဗ္ဗတောင်ခြေမှစောင့်ဆိုင်း၍ အခွန်ငွေများ ကောက်ခံစေခဲ့သည်။



ထုံးဘိုမြို့မှ အကောက်တောင်သို့သွားသည့် မော်တော်ဆိပ်။

**စာမျက်နှာ ၂၁ သို့**

## ပုသိမ်ကြီးမြို့နယ် သစ္စဝေဒဂူဆရာတော် ပူဇော်ပွဲကျင်းပ

**မန္တလေး မတ် ၇**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရေကြည်ကျေးရွာ ရေတံခွန်တောင်ခြေ သစ္စဝေဒဂူ မိုးကုတ်ဝိဿနာ မဂ္ဂင်ဓမ္မရိပ်သာ ပဓာနနာယက လူငယ်ယဉ်ကျေးမှု သာသနာပြုဆရာတော် ဘဒ္ဒန္တခေမာစာရ၏ မွေးနေ့၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲနှင့် ဗုဒ္ဓယဉ်ကျေးဂျာနယ် စာမူရှင်များအား ဂုဏ်ပြုပွဲကို မတ် ၅ ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပခဲ့သည်။

အမရပူရမြို့နယ် မဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသက ကိုးပါးသီလခံယူချီးမြှင့်ပြီး မဟာမြိုင်ကျောင်းတိုက်ဆရာတော်က ဩဝါဒကထာ ချီးမြှင့်သည်။ ထို့နောက် ဆရာတော် ဘဒ္ဒန္တခေမာစာရ၏ ထေရုပတ္တိကို ဘိသိက်ဆရာ ရွှေစွန်ညိုက ဖတ်ကြားပြီး ရတုပိုဒ်စုံတေးထပ်ကို ရွတ်ဖတ်ပူဇော်သည်။ ဆက်လက်၍ ဗုဒ္ဓယဉ်ကျေးဂျာနယ် ကလောင်ရှင်များ၊ စာရေးဆရာများနှင့် စာတည်းအဖွဲ့ကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး အမှတ်(၂၃) ဘုန်းတော်ကြီးသင်ပညာရေး အထက်တန်းကျောင်းမှ ကျောင်းသူကျောင်းသားများနှင့် စာမူရှင်များ၊ ဧည့်ပရိသတ်များအား ကံစမ်းမဲများဖောက်၍ လက်ဆောင်များ ပေးအပ်ခဲ့ကြောင်းသိရသည်။

**ရွှေလင်းပြည့်စုံ**

## ကျေးလက်ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန်ဖွင့်လှစ်သော ကွန်ပျူတာအခြေခံသင်တန်းဆင်း

**မြဝတီ မတ် ၇**

ကျေးလက်နေပြည်သူများအနေဖြင့် ပြောင်းလဲတိုးတက်လာသည့် ခေတ်နှင့်အညီ ကွန်ပျူတာများ ကျွမ်းကျင်စွာ အသုံးပြုတတ်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန် ရည်ရွယ်၍ မြဝတီမြို့နယ် ဖလူးကျေးရွာအုပ်စု မင်းလက်ပံကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ခဲ့သော အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲကို မတ် ၅ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးငွေစိုးက သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဦးမျိုးအောင်စိုးက သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြ ဦးကိုကိုဦးက သင်ကြားမှုနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ သင်တန်းသား၊ သင်တန်းသူများအား တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ သင်တန်းကို ရက်သတ္တပတ် သုံးပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## နွေရာသီရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**ကောလင်း မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ လာမည့်နွေရာသီကာလတွင် သောက်သုံးရေရှားပါး ပြတ်လပ်မှုမဖြစ်စေရေးအတွက် ကောလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဖွဲ့လေးဖွဲ့ခွဲ၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်လက်ထောက်ကြီးကြပ်ရေးမှူး ဦးသိဏ်းမောင်၏ ကြီးကြပ်မှုဖြင့် ၂၀၁၆ ခုနှစ် နွေရာသီကာလတွင် ကျေးရွာအုပ်စု ၄၇ အုပ်စု၊ ကျေးရွာပေါင်း ၂၁၀ မှ ကျေးလက်နေပြည်သူများ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးနှင့် သောက်သုံးရေပြတ်လပ်မှုများ ကြုံတွေ့ပါက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်ပူးပေါင်းသွားကြရေးတို့ကို တစ်ဖွဲ့လျှင်လေးဦးပါ ဌာနဆိုင်ရာဝန်ထမ်းအဖွဲ့လေးဖွဲ့ဖြင့် ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၆ ရက်အထိ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကိုညိမ်း (ကောလင်း)**

## မော်ချီးဒေသမှ သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**လွိုင်ကော် မတ် ၇**

ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးဒေသ မြေပြိုမှု သဘာဝဘေးသင့်ပြည်သူများအား စားသောက်ကုန်၊ လူသုံးကုန်နှင့် အဝတ်အထည်များကို မော်ချီးဒေသရှိ အခြေခံပညာအထက်ကျောင်း၌ မတ် ၅ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲတွင် ကယားပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးတော့ရယ်က အမှာစကားပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများက မြေပြိုဘေးသင့် မိသားစုများထံ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့သည်။ မော်ချီးဒေသ မြေပြိုမှု သဘာဝဘေးသင့်ပြည်သူများအား စားသောက်ကုန်၊ လူသုံးကုန်နှင့် အဝတ်အထည်များကို အကြိမ်ကြိမ် ထောက်ပံ့ပေးလျက်ရှိရာ ယခုအကြိမ်သည် စတုတ္ထအကြိမ်မြောက်ဖြစ်ပြီး ကယ်ဆယ်ရေးပစ္စည်း ဂိုဒေါင်များတွင် ထိန်းသိမ်းထားရှိသည့် လက်ကျန် ပစ္စည်းအားလုံးကို ဒုက္ခသည်များ လက်ဝယ်အရောက် လူဦးရေအလိုက် အချိုးကျ ပေးအပ်ခဲ့ကြောင်းသိရသည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် ဆန် ၂၃၅၅ ပြည်၊ ဆီ ၁၀၇၀၀ ကျပ်သား၊ ဆား ၄၉၅ ထုပ်၊ ခေါက်ဆွဲ ၂၅၁၀၇ ထုပ်၊ ပြောင်းဖူးဘူး ၅၈၈၀ ဘူးတို့ကို အချိုးကျခွဲဝေပေးအပ်ခဲ့ကြောင်းနှင့် အဝတ်အထည်များ၊ ရိက္ခာခြောက်အိတ်များ၊ ကြွေရည်စိမ် ပစ္စည်းများ၊ ငပိထောင်း၊ ဆပ်ပြာ၊ ဒန်အိုး၊ ဒယ်အိုး၊ စတီးဇလုံ၊ မိုးကာအင်္ကျီစသည့် ပစ္စည်းများကို မဲစနစ်ဖြင့် ခွဲဝေပေးခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီးနောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မော်ချီးဒေသ ပြန်လည်ထူထောင်ရေးအတွက် ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ လှူဒါန်းသည့် အနာဂတ်အလင်းတန်းကျေးရွာ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး လူနေအိမ်များ၊ စာသင်ဆောင်များနှင့် စာကြည့်တိုက်၊ အားကစားကွင်းဆောက်လုပ်ခြင်း၊ ရေသွယ်ယူရေး ဆောင်ရွက်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။



အနာဂတ်အလင်းတန်းကျေးရွာတည်ဆောက်ရေး စီမံကိန်း။

**(ခရိုင် ပြန်/ဆက်)**

## စပျစ်သီးဈေးကောင်းရ၍ စပျစ်စိုက်ပျိုးသူများ အဆင်ပြေ

**ရမည်းသင်း မတ် ၇**

ယခုနှစ်တွင် စပျစ်သီးများ ဈေးကောင်းရနေ၍ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ စပျစ်သီးစိုက်ပျိုးသည့် တောင်သူများအနေဖြင့် ယခင်နှစ်ထက် ဝင်ငွေပိုရကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

စပျစ်သီးကို ရမည်းသင်းမြို့နယ်အတွင်း ကျေးရွာများတွင် စိုက်ပျိုးကြပြီး ရွာတန်းတိုက်နယ် ၂၄ ရွာတွင် စိုက်ပျိုးမှုအများဆုံးဖြစ်သည်။ ယခုနှစ်တွင် စပျစ်ခြံများတွင်အသုံးပြုရသည့် မြေဩဇာနှင့် အပင်ဆေးအမျိုးမျိုးမှာ ယခင်နှစ်ထက် ဈေးမြင့်နေသောကြောင့် ဈေးကြီးပေး၍ ဝယ်သုံးခဲ့ရသော်လည်း အသီးဈေးနှုန်းမှာ ယခင်နှစ်ထက် ပိုကောင်းသဖြင့် စပျစ်ခြံစိုက်သူများ အဆင်ပြေကြောင်း ရွာတန်းတိုက်နယ် ကုလားမျောကျေးရွာမှ စပျစ်ခြံရှင်တစ်ဦးက ပြောသည်။



စပျစ်သီးစိုက်ပျိုးရာတွင် ဘလက်ကွင်း၊ ဘစ်ဘလက်၊ နံပါတ်သရီး၊ သီးချွန်းစသည့် စပျစ်သီးမျိုးများကို စိုက်ပျိုးကြပြီး နံပါတ်သရီးမျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။ လက်ရှိ စပျစ်သီးဈေးနှုန်းမှာ သီးချွန်း တစ်ပိဿာလျှင် ၂၈၀၀ မှ ၃၀၀၀ ကျပ်၊ ဘလက်ကွင်း တစ်ပိဿာလျှင် ၂၀၀၀ မှ ၂၂၀၀ ကျပ်၊ နံပါတ်သရီး တစ်ပိဿာလျှင် ၁၅၀၀ မှ ၁၈၀၀ ကျပ်ခန့် ဈေးနှုန်းများရှိနေပြီး ယခင်နှစ်ထက် ဈေးပိုရသဖြင့် တောင်သူများ ဝင်ငွေပိုသည်ဟု သိရသည်။

စပျစ်သီး စိုက်ပျိုးသူများအနေဖြင့် နွေသီးနှင့် မိုးသီးဟု တစ်နှစ်လျှင် နှစ်ကြိမ် အသီးဖြတ်ကြပြီး မိုးရာသီတွင်သီးသော မိုးသီးမှာ ဈေးကွက်မကောင်းဘဲ ဈေးနှုန်းနိမ့်သဖြင့် အစိမ်းကိုဆွတ်၍ ရောင်းကြကြောင်း၊ ရမည်းသင်းမြို့နယ်အတွင်းမှ စပျစ်ခြံစိုက်ပျိုးသူများအနေဖြင့် ဈေးကောင်းရသော နွေသီးကိုသာ အဓိကထားကြကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

စာမျက်နှာ ၂၀ မှ

ထို့ကြောင့် ဦးကောက်ရသည် တောင်ခြေတွင် အကောက်ရုံးဆောက်လုပ်၍ ရေကြောင်းဖြတ်သန်းခွန်များ ကောက်ခံခဲ့သည်။ ထိုအချိန်မှစ၍ ရတနာပုဍ္ဍတောင်ကို အကောက်တောင်ဟု ခေါ်ဆိုခဲ့ကြသည်။

အကောက်တောင်ဟု အမည်တွင်ရခြင်းကို မြတ်စွာဘုရား ကျိုးမင်းဖြစ်စဉ်အခါက ကျီးများသည် တောင်ထိပ်မှပျံသန်းပြီး တောင်ပေါ်ရှိ သစ်သီးသစ်ဥများ၊ ကောက်ပဲသီးနှံများကို ကောက်ယူသောကြောင့် အစာကောက်တောင် သို့မဟုတ် အကောက်တောင်ဟု ခေါ်ကြကြောင်းလည်း အစဉ်အဆက် ပြောဆိုခဲ့ကြသည်။

ရှေးယခင်က အကောက်တောင်တွင် ဆင်းတုတော်ပေါင်း ၁၀၀၀ ကျော် ရှိခဲ့သဖြင့် "ဗုဒ္ဓတစ်ထောင် အကောက်တောင်"ဟု ခေါ်တွင်ခဲ့သည်ဟု ဆိုကြသည်။ ယခုအခါတွင် အကောက်တောင်၏ ကျောက်သားနံရံပေါ်တွင် ထုဆစ်ထားသော ဗုဒ္ဓဆင်းတုတော်ပေါင်း ၃၇၀ ရှိရာ ထိုင်တော်မူဆင်းတု ၂၄၆ ဆူ၊ ရပ်တော်မူဆင်းတု ၁၀၉ ဆူနှင့် လျောင်းတော်မူဆင်းတု ၁၅ ဆူဖြစ်သည်။ တောင်ကမ်းပါးနံရံကို ဘုရားကျောင်းဆောင်များအဖြစ်ထွင်းကာ အတွင်း၌ ရုပ်ပွားတော်များကို ထုလုပ်ထားခြင်းဖြစ်ပြီး အချို့နေရာများတွင် ဆင်းတုများမရှိဘဲ လစ်ဟာနေသည်ကို တွေ့ရှိရပေသည်။

အကောက်တောင်နံရံများရှိ ရုပ်ပွားတော်များကို ထုံးသင်္ကန်းများ ကပ်ထားသဖြင့် စိမ်းညို့နေသောတောင်နံရံတွင် လှပသပ္ပာယ်စွာ တည်ရှိနေကြပေသည်။ အကောက်တောင်သည် ထုံးကျောက်လွှာများဖြစ်သဖြင့် ကျောက်တောင်များကို အလွယ်တကူ ထုဆစ်နိုင်ခဲ့သည်ဟု ဆိုသည်။ ယင်းနေရာကို ရေကြောင်းအကောက်စခန်းအဖြစ် အသုံးပြုခဲ့စဉ်က အကောက်တောင်ဝန်းကျင်သည် ဧရာဝတီမြစ်အတွင်း အစုန်အဆန်သွားလာကြသည့် လှေ၊သင်္ဘောများ နားခိုရာနေရာတစ်ခုလည်း ဖြစ်ခဲ့ပေသည်။ ထိုနေရာတွင် နားခိုကြသူများအနက် အချို့သောသူများက ကျောက်သားနံရံများပေါ်တွင် ဘုရားဆင်းတုတော်များကို ထုလုပ်ခဲ့ကြရာမှ တစ်စတစ်စ ဆင်းတုတော်များ တိုးပွားလာခြင်းဖြစ်နိုင်ကြောင်း ယူဆကြပေသည်။

လွန်ခဲ့သော နှစ် ၂၀ ကျော်က ပြည်တွင်းရေကြောင်းပိုင် နှစ်ထပ်သင်္ဘောများသည် ရန်ကုန်မှ ပြည်သို့ အပတ်စဉ် အစုန်အဆန် ပြေးဆွဲခဲ့သည်။ ယင်းသင်္ဘောများသည် အကောက်တောင်အနီးမှ ဖြတ်သန်းသွားလာ ခုတ်မောင်းနေကြသော်လည်း ထိုစဉ်က ချုံနွယ်များကာဆီးနေခဲ့သဖြင့် နံရံကပ်ဆင်းတုတော်များကို ထင်ရှားစွာ မမြင်နိုင်ခဲ့ကြပါချေ။ လွန်ခဲ့သော ငါးနှစ်ဝန်းကျင်မှစ၍ ထိုနေရာကို ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊ တောင်တက်လမ်းများ ပြုလုပ်ပေးခြင်းတို့ကြောင့် ရုပ်ပွားတော်များကို ထင်ရှားစွာမြင်တွေ့လာကြရပြီး တစ်စတစ်စ ထင်ပေါ်ကျော်ကြားလာခဲ့သည်။

ဆင်းတုတော်များသည် မူလကပင် နံရံတွင် ထုလုပ်ထားခဲ့သော ပန်းပုရုပ်များဖြစ်သဖြင့် အမိုးအကာမရှိဘဲ လေဒဏ်မိုးဒဏ်ကို ခံခဲ့ကြရပေသည်။ သို့တိုင်အောင် ယနေ့အချိန်အထိ တည်ရှိနေသေးသည့် ရှေးဟောင်းဆင်းတုတော်များကို ထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့် ကုန်းဘောင်ခေတ်လက်ရာ ယဉ်ကျေးမှုအမွေအနှစ်များသည် နောင်နှစ်ပေါင်းများစွာ တည်တံ့နေဦးမည် ဖြစ်ပေသည်။ ။



# အကျဉ်းသူများအား အသက်မွေးဝမ်းကျောင်း ဆံပင်မိတ်ကပ်ပြင်သင်တန်း သင်ကြားပေး

**မုံရွာ မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာအကျဉ်းထောင်မှ အမျိုးသမီးအကျဉ်းသူများ အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်စေရန် ဖွင့်လှစ်ပေးခဲ့သော ဆံပင်မိတ်ကပ်ပြင် သင်တန်းဆင်းပွဲကို မုံရွာအကျဉ်းထောင်အတွင်းရှိ အမျိုးသမီးအကျဉ်းဆောင်၌ မတ် ၆ ရက်က ပြုလုပ်ခဲ့သည်။



သင်တန်းဆင်းပွဲတွင် မုံရွာအကျဉ်းထောင်တာဝန်ခံ ဦးစီးအရာရှိ ဦးသိန်းလွင်က မုံရွာအကျဉ်းထောင်သို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသော်လည်း ပြစ်ဒဏ်ကျခံပြီးနောက် ပြင်ပသို့ပြန်လည်ရောက်ရှိပါက အသက်မွေးဝမ်းကျောင်းပြုရာ၌ အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ယခုလို သင်ကြားပေးခြင်းဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို တတ်မြောက်ထားပါက မိမိနေထိုင်ရာ လူမှုနယ်ပယ်တွင် အကျိုးပြုနိုင်မည်ဖြစ်၍ အကျဉ်းသူအားလုံးအနေဖြင့် ကြိုးစားသင်ယူခဲ့ကြမည်ဟု ယုံကြည်ကြောင်း အမှာစကား ပြောကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆံပင်မိတ်ကပ် အလှပြင် သင်တန်းတွင် အကျဉ်းသူများအား အကျဉ်းသူနည်းပြဆရာမတစ်ဦးက သင်ကြားပေးခဲ့ပြီး သင်တန်းကာလမှာ ၂၀၁၅ နိုဝင်ဘာ ၁၁ ရက်မှ မတ် ၆ ရက်အထိ သုံးလကြာမြင့်ခဲ့ကြောင်း သိရသည်။

အကျဉ်းဦးစီးဌာနသည် အကျဉ်းသား အကျဉ်းသူများအား အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရန်ဟူသည့် ဌာန၏ ရည်မှန်းချက်နှင့်အညီ ဆံပင်မိတ်ကပ်ပြင် သင်တန်းအပါအဝင် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းအမျိုးမျိုးကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ကျေးလက်ကျန်းမာရေးအဆောက်အအုံသစ် လွှဲပြောင်းပေးအပ်

**မုဒုံ မတ် ၇**

မော်လမြိုင်ခရိုင် မုဒုံမြို့နယ် တာပသွန်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ် ဖွင့်ပွဲနှင့် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မတ် ၅ ရက်က ကျင်းပခဲ့သည်။

ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ်ကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ တာဝန်ယူတည်ဆောက်ခဲ့သော ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက အဆောက်အအုံနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ကို ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၆၀၀ ဖြင့် ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းက စတင်တည်ဆောက်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ပြီးစီးခဲ့ကြောင်း သိရသည်။

**မုဒုံမောင်မောင်**

# ခုတင်(၁၀၀)ဆံ့ နှစ်ထပ်လူနာဆောင် တည်ဆောက်မှုများပြီးစီး

**ကျွန်းလှ မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပြည်သူ့ဆေးရုံ၌ တိုးချဲ့တည်ဆောက်လျက်ရှိသော ခုတင်(၁၀၀) နှစ်ထပ်လူနာဆောင် တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ခုတင် ၁၀၀ နှစ်ထပ်လူနာဆောင်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၃၅၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အလျား ၁၃၄ ပေ၊ အနံ ၅၆ ပေရှိကာ အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ ဆရာဝန်နားနေခန်း၊ သူနာပြုခန်း၊ ဆေးကောင်တာ၊ ဧည့်ခန်းများ ပါဝင်ကြောင်း၊ ရေသိုလှောင်ကန်၊ ရေစင်၊ ရေစက်အိမ်၊ ရေမော်တာနှင့် စက်ရေတွင်းတို့ကို တာဝန်ယူတည်ဆောက်သော ရွှေသုန္ဒရီကုမ္ပဏီက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါနှစ်ထပ်လူနာဆောင်သစ် တည်ဆောက်ပြီးစီးသည့်အတွက် ကျွန်းလှမြို့နယ်ရှိ ဒေသခံပြည်သူများအပြင် ကန့်ဘလူမြို့နယ်အတွင်း ကျေးရွာများမှ ပြည်သူများကိုပါ ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# ကျောက္ကာကျေးရွာမှ မီးဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံမှ ကယ်ဆယ်ရေးပစ္စည်းများ လာရောက်လှူဒါန်း

**ထားဝယ် မတ် ၇**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ကျောက္ကာကျေးရွာ၌ ဖေဖော်ဝါရီ ၁၃ ရက်က ဖြစ်ပွားခဲ့သော မီးလောင်ကျွမ်းမှုကြောင့် မီးဘေးသင့်ခဲ့သော ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို ထိုင်းနိုင်ငံ ကန်ချနာဘူရီခရိုင်ရှိ ဗောဓိကျောင်းဆရာတော် ဦးဟိန္ဒကနှင့် သံဃာတော်သုံးပါး၊ ထိုင်းနိုင်ငံသား Mr.Clickts နှင့် ထိုင်းနိုင်ငံသား ၃၅ ဦး၊ မြန်မာနိုင်ငံသား ဦးထွန်းသိန်းနှင့် မြန်မာနိုင်ငံသား ၂၅ ဦးပါဝင်သောအဖွဲ့က မတ် ၅ ရက်တွင် လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အလှူရှင်များသည် မော်တော်ယာဉ် ကိုးစီးဖြင့် ထီးခီးဒေသမှ ထားဝယ်မြို့သို့ လာရောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး မတ် ၆ ရက်တွင် ထားဝယ်မြို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနပိုင် ဂိုဒေါင်သို့ လာရောက်၍ အဝတ်အထည်ထုပ် ၄၀၉ ထုပ်၊ ၂၄ ပြည် ဆန်အိတ်ကြီး ငါးအိတ်၊ တစ်ပြည်ဆန်အိတ်သေး ၂၃ထုပ်၊ ခေါက်ဆွဲခြောက် ၁၅ ဖာ၊ ငါးသေတ္တာနှစ်ကတ်၊ ဗလာစာအုပ်လေးဒါဇင်၊ ကစားစရာ နှစ်အိတ်၊ သွားတိုက်ဆေးတစ်ဖာ၊ ဆပ်ပြာမှုန့် တစ်ဖာ၊ ရေသန့်ဘူးများ၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းအိတ် ခုနစ်အိတ်တို့ကို လှူဒါန်းခဲ့ပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဒေါက်တာဝင်းအောင်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကယ်ဆယ်ရေးပစ္စည်းများကို လက်ခံရယူခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# နွေစပါးအတွက် လယ်သမားများ အားထားရသော စဥ့်ကူးမြို့နယ်မှ မာလဲ-နတ်တောင် ရေလှောင်တမံ

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ်ရှိ မာလဲကျေးရွာနှင့် နတ်တောင်ကျေးရွာအနီး တည်ဆောက်ထားသော မာလဲ-နတ်တောင် ရေလှောင်တမံကြီးသည် ထိုဒေသရှိ ကျေးရွာ ၁၀ ရွာအတွက် နွေစပါးများစိုက်ပျိုးရာတွင် အထူးအားထားရသော ဆည်တမံတစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါ မာလဲ-နတ်တောင် ရေလှောင်တမံကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ် လက်ပန်လှအရှေ့မြောက်ဘက် နှစ်မိုင်ခန့်အကွာ မာလဲကျေးရွာအနီး မာလဲ-နတ်တောင်ချောင်းပေါ်တွင် တည်ဆောက်ထားသည်။ တမံအမျိုးအစားမှာ မြေသားတမံဖြစ်ပြီး အမြင့် ၇၂ ပေ၊ အလျားပေ ၁၁၈၅၀ နှင့် ရေဆင်းဧရိယာ ၇၅ စတုရန်းမိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၄၃ ဒသမ ၆ လက်မ၊ နှစ်စဉ်ပျမ်းမျှစီးဆင်းရေ ဧကပေ ၆၅၀၀၀ နှင့် ကန်ရေအပြည့် ရေလှောင်ပမာဏမှာ ၅၇၄၇၈ စတုရန်းပေဖြစ်သည်။

ဆည်ရေပေးဝေနိုင်သည့် ဧရိယာပေါင်း ၁၀၀၀၀ ရှိပြီး ရေဝင်ရောက်မှုနည်းသည့်အခါတွင် ပုံမှန်ရေပေးဝေမှုမှာ အရှည် ၆ ဒသမ ၅ မိုင်ရှိ လက်ယာမြောင်းမှ ဧက ၄၅၁၀ နှင့် အရှည် ၆ ဒသမ ၄ မိုင်ရှိ လက်ဝဲမြောင်းမှ လယ်မြေ ဧက ၁၉၉၀ ပေးဝေနိုင်ပြီး ယခုနှစ်ကဲ့သို့ ရေဝင်ရောက်မှုများသည့်အခါတွင် ဧက ၁၀၀၀ ကျော် ရေပေးဝေနိုင်ကာ ၂၀၁၄-၂၀၁၅ ခုနှစ်က မိုးစပါးလျာထားဧက ၅၅၀၀ ကိုကျော်လွန်၍ ၅၇၁၁ ဧကနှင့် နွေစပါးဧက ၅၀၀ စိုက်ပျိုးနိုင်ခဲ့သည်။ မိုးရေဝင်ရောက်မှု များသည့်နှစ်တွင် နွေစပါးဧက ၁၀၀၀ ကျော် စိုက်ပျိုးနိုင်ကြောင်း သိရသည်။




ထိုဒေသရှိ လယ်ယာများမှာ မိုးကောင်းသောက် လယ်မြေများသာဖြစ်ပြီး ယခင်က မိုးရွာမှသာ လယ်ယာမြေများတွင် ထွန်ယက်စိုက်ပျိုးမှုများ ဆောင်ရွက်နိုင်ကြသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မိုးရွာသွန်းမှ စိုက်ပျိုးနိုင်သည့် ထိုဒေသရှိ မိုးကောင်းသောက်လယ်မြေများတွင် မိုးရောနွေပါ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ရေလှောင်တမံတည်ဆောက်ရေးစီမံကိန်း ကို ငွေကျပ် ၆၆၄၆ သန်း အကုန်အကျခံကာ ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်မှ စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်တွင် ပြီးစီးခဲ့သည်။ ၂၀၀၇ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် အဆိုပါ ရေလှောင်တမံကြီး ဖွင့်လှစ်နိုင်ခဲ့ပြီး စဥ့်ကူးမြို့နယ်နှင့် လက်ပန်လှ၊ မာလဲ၊ နတ်တောင်၊ မင်းရွာ၊ ကုက္ကို၊ ငွေတောင်၊ ဝါးရုံကုန်းနှင့် ရှောက်ပင်ရိုးကျေးရွာတို့ရှိ လယ်မြေဧကပေါင်း ၁၀၀၀ ကျော်တွင် နွေစပါးများကို ရေလုံလောက်စွာရရှိစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် အယ်နီညိုရာသီဥတုနှင့် ကြုံတွေ့နိုင်သော်လည်း ဆည်တမံအပြည့် ရေသိုလှောင်ထားရှိနိုင်မှုကြောင့် တစ်စုံတစ်ရာ စိုးရိမ်စရာမရှိနိုင်ကြောင်းလည်း ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“တောင်သူများအနေနဲ့ စိုက်ပျိုးရေကို အလေအလွင့်မရှိအောင် စနစ်တကျအသုံးပြုဖို့ စိုက်ဧကများကို တစ်ချိန်တည်းသတ်မှတ်ပြီး စိုက်ပျိုးနိုင်ဖို့ လိုအပ်ပါတယ်။ စပါးမျိုးသက်တမ်းအလိုက် စိုက်ပျိုးချိန်များ မတူညီတဲ့အတွက် ရေပေးဝေရာမှာ အလေအလွင့်များ ရှိနိုင်ပါတယ်။ ဒါကြောင့် လယ်သမားများအနေနဲ့ နွေစပါးများစိုက်ပျိုးရာမှာ တစ်ပြိုင်တည်းစိုက်ပျိုးနိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ရေပေးမြောင်း အထက်ပိုင်းရှိ ရေသောက်လယ်သမားများအနေနဲ့ ရေထိန်းအဆောက်အအုံများ မပိတ်ဆို့ဘဲ အောက်ပိုင်းမြောင်းကြား ရေရရှိသုံးစွဲသူ တောင်သူများ ရေသုံးစွဲနိုင်အောင် စည်းကမ်းရှိစွာ သုံးစွဲကြဖို့လိုပါတယ်”ဟု ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုအခါ စဥ့်ကူးမြို့နယ် မာလဲ-နတ်တောင် ဆည်ရေသောက်ဧရိယာအတွင်းရှိ ကျေးရွာ ၁၀ ရွာမှ လယ်သမားများအနေဖြင့် ယခင်နှစ်များကလို မိုးကိုမျှော်နေစရာမလိုတော့ဘဲ မိုးစပါးအပြင် နွေစပါးများကိုပါ ဆည်ရေလုံလောက်စွာဖြင့် စိုက်ပျိုးနိုင်ကြပြီဖြစ်၍ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။

**ဆောင်းပါး-ဝင်းမောင်(စဥ့်ကူး)**

# အမြင့် ၃၇ တောင်ကျော်ရှိသော နှစ် ၂၀၀ နီးပါး မြန်မာမှုလက်ရာ ခြင်္သေ့ရုပ်တုကြီးများ



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရွှေတန့်တစ်ကျေးရွာ ရွှေတန့်တစ်ဘုရား တောင်ဘက်မုခ်အနီးတွင် ရှေးနှစ်ပေါင်း ၁၉၅ နှစ်ကျော်က ပြုလုပ်ထားသည့် အမြင့် ၃၇ တောင်ရှိ မြန်မာမှုလက်ရာ ခြင်္သေ့ရုပ်တုကြီးနှစ်ခုကို ယနေ့တိုင် လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

ရှေးယခင်က အဆိုပါ ခြင်္သေ့ရုပ်တုကြီးနှစ်ခုနေရာတွင် အတောင် ၅၀ မြင့်သော ခြင်္သေ့ရုပ်တုကြီး တစ်ခုသာရှိခဲ့ကြောင်း၊ ၎င်းအတောင် ၅၀ မြင့် ခြင်္သေ့ရုပ်ကြီး ပြိုကျသဖြင့် မြန်မာသက္ကရာဇ် ၁၁၈၂ ခုနှစ်တွင် ရွှေတန့်တစ်ဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာဂရက ၃၇ တောင် ၂ မိုက် မြင့်မားသည့် ခြင်္သေ့ရုပ်တုကြီးနှင့် ၄၅ တောင်မြင့်သည့် ခြင်္သေ့ရုပ်တုကြီးတို့ကို ထိုနေရာတွင်ပင် ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တောင်ဘက်မုခ်ရှိ အရှေ့ဘက်ခြင်္သေ့ရုပ်ကြီး ၃၇ တောင် ၂ မိုက်ကို ပခန်းမှ မြန်မာမှုပညာရှင်များက တည်ဆောက်ခြင်းဖြစ်ပြီး အနောက်ဘက်ရှိ ၄၅ တောင်မြင့်မားသည့် ခြင်္သေ့ရုပ်ကြီးကို မန္တလေးမှ မြန်မာမှုလက်ရာပညာရှင်များက တည်ဆောက်ထားခြင်းဖြစ်သည်။ ဧရာဝတီမြစ်အတွင်း လှေ၊ မော်တော်၊ သင်္ဘောကြီးများဖြင့် ခရီးသွားလာကြသူများသည် ထုထည်ကြီးပြီး မြင့်မားသည့် ခြင်္သေ့ရုပ်တုကြီးနှစ်ခုကို အဝေးမှလှမ်း၍မြင်ရလျှင် ရွှေတန့်တစ်ကျေးရွာကို ရောက်တော့မည်၊ ရွှေတန့်တစ်ကျေးရွာကိုရောက်ပြီဟူ၍ မှတ်သားပြောဆိုလေ့ရှိကြသည်။

ရှေးမြန်မာဘုရင်များနှင့် ဘုရားစေတီတည်ထားသူ ကုသိုလ်ရှင်များသည် ဘုရားစေတီ၊ ပုထိုးတော်များ တည်ထားကိုးကွယ်ပြီးနောက် ၎င်းစေတီပုထိုးများအနီးတွင် ကြီးမားသည့် ခြင်္သေ့ရုပ်တုကြီးများကို တည်ဆောက်ထားလေ့ရှိသည်။ မင်းကွန်းပုထိုးတော်ကြီးအနီးရှိ ခြင်္သေ့ရုပ်တုကြီးနှစ်ခု၏ ကျန်ရှိသေးသည့် အမြီးပိုင်း၏ ထုထည်ကြီးမားမြင့်မားမှုနှင့် ရွှေတန့်တစ်ကျေးရွာရှိ ခြင်္သေ့ရုပ်တုကြီးနှစ်ခုတို့ကို ဥပမာထားကြည့်ရှုလေ့လာခြင်းဖြင့် သိရှိနိုင်သည်။

**ဆောင်းပါး–ချမ်းသာ(မိတ္ထီလာ)**

## လုပ်ငန်းခွင်တွင် ထိခိုက်မှုကြောင့် သေဆုံးသူ၏မိသားစုအား ငွေလုံးငွေရင်းအကျိုးခံစားခွင့်ပေးအပ်

**ကျောက်ဆည် မတ် ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ငွေလုံးငွေရင်း အကျိုးခံစားခွင့်များကို မတ် ၅ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

တော်ဝင်နှင်းဆီခန်းမ၌ကျင်းပသည့် အကျိုးခံစားခွင့်ပေးအပ်ပွဲတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေများအကြောင်း၊ အာမခံအလုပ်သမားများ၏ လူမှုရေး၊ ကျန်းမာရေးလိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှုများ၊ လူမှုဖူလုံရေးဦးစီးဌာနက Mobile Medical Unit(MMU) နယ်လှည့်ဆေးကုသယာဉ်များဖြင့် အလုပ်ခွင်မပျက် ဆေးကုသပေးနေမှုများ၊ မြန်မာတိုင်းရင်းဆေးနှင့် ကုသလိုသည့် လူနာများအတွက် လှိုင်သာယာမြို့နယ်တွင် လူမှုဖူလုံရေးအဖွဲ့ပိုင် တိုင်းရင်းဆေးခန်း ဖွင့်လှစ်ပေးထားမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောက်ဆည်မြို့ (AAA)ဘိလပ်မြေစက်ရုံ လုပ်ငန်းခွင်တွင် ထိခိုက်သေဆုံးသည့် လုပ်သားတစ်ဦး၏ ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်နှင့် နာရေးစရိတ် ငွေကျပ် ၃၇၂၀၀၀၀ ကို ဇနီးဖြစ်သူထံသို့လည်းကောင်း၊ စဉ့်ကိုင်မြို့ ကံကောင်းခြင်းရတနာ သစ်အချောထည်စက်ရုံမှ အာမခံလုပ်သားတစ်ဦး၏ ကျန်ရစ်သူအကျိုးခံစားခွင့်နှင့်နာရေးစရိတ်ကို ငွေကျပ် ၃၁၇၀၃၉၀ ကို ဇနီးဖြစ်သူ ဒေါ်အေးမြင့်ထံသို့လည်းကောင်း ပေးအပ်ခဲ့သည်။

**သက်မောင်(ကျောက်ဆည်)**


ပညာနန်းတော် နွေနေ့ကျောင်းကြီး

အလွန် အရေးကြီးလို့ ရွေးပြီးဖွင့်တဲ့ အတန်းများ ....

၈ တန်း၊ ၉ တန်း၊ ၁၀ တန်း (အတန်းငယ်များ 'နွေ' မဖွင့်ပါ)

ကျောင်းလခ ချိုသာစွာ နွေအပြတ် တစ်သိန်း ကျပ်သာ

ကျောင်းဖွင့်ရက် - မတ်လ ၃ ရက် မှ မေလ ၇ ရက်အထိ

တနင်္လာ မှ သောကြာ၊ နံနက် ၈:၀၀ မှ ၁:၂၀ နာရီအထိ

**နွေနေ့ကျောင်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်** နွေကျောင်းပိတ်ရက်များအတွင်း ဘာသာစုံ ၆–ဘာသာစလုံး၏ ပြဋ္ဌာန်းချက်မှ ရှေ့ပိုင်းသင်ခန်းစာများကို ကြေညက်စွာ သင်ကြားလေ့ကျင့်ပေးပါမည်။ ဤသို့ ကြိုတင်ပြင်ဆင် သင်ယူထားခြင်းအားဖြင့် ကျောင်းကြီးဖွင့်သည့်အခါ စာလိုက်နိုင်သော ကျောင်းသား/သူတစ်ယောက် ဖြစ်လာပါမည်။ ဤသို့ နှစ်စတွင် စာလိုက်နိုင်လျှင် တစ်နှစ်လုံး စာလိုက်နိုင်ပြီး စာပျော်စာတော်သော ကလေးတစ်ဦး ဖြစ်လာပါမည်။ နှစ်စကတည်းက စာမလိုက်နိုင်ပါကလည်း တစ်နှစ်လုံး စာအခက်ကြုံတတ်ပါသည်။ ဤသို့ အကြောင်းကြောင့် **ဘယ်ကျောင်းကြီးမှာပဲ တက်တက် နွေရာသီမှာတော့ ပညာနန်းတော် နွေနေ့ကျောင်းကို တက်ဖြစ်အောင် တက်သင့်ပြီ။**

**ပညာရည်ချွန်ဆု** ကျောင်းအသီးသီးတွင် နဝမတန်း နှစ်ဝက်စာမေးပွဲ၌ အဆင့် ၁ မှ ၅ အထိ ရရှိခဲ့သူများအား အခမဲ့ပညာသင်ကြားခွင့် ဆုချီးမြှင့်ပါမည်။

■ သူငယ်တန်းမှ ဒသမတန်းအထိ ပုံမှန်နေ့ကျောင်းကြီးကို မေ ၉ ရက်နေ့တွင် ဖွင့်မည်။ ■

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကက–၁၃/၀၉/၀၁၀

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)

သမိုင်းတံခွန် ဦးထွန်းနွယ်

ဦးစီးတည်ထောင်သော

ပညာနန်းတော်

အ.ထ.က

ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ

ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း

အတန်းငယ် ၅တန်း၊ ၆တန်း၊ ၇တန်းများကို ဘော်ဒါလက်မခံပါ

(စောစောအပ်နှံမှသာ နေရာအတွက် စိတ်ချရပါမည်။)

ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

အကောင်းဆုံးပညာ အကောင်းဆုံးနေ့ရာ အကောင်းဆုံးဘော်ဒါ

**အကျင့်စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ရေးသည် ပထမ** – ယနေ့ခေတ် လူငယ်များအတွက် အဓိက စိန်ခေါ်ချက်ဖြစ်သည်။ စာရိတ္တကောင်းမှ ပညာရေးကောင်းမည်။ တည်ထောင်သူ ဆရာကြီးများသည် မိမိတို့ ကိုယ်တိုင်လည်း အကျင့်စာရိတ္တ မြင့်မားတည်ကြည်မှုကို တန်ဖိုးထားပြီး၊ တပည့်များကိုလည်း ကောင်းစွာ ဆုံးမလမ်းညွှန် လေ့ကျင့်ပေးပါသည်။

**ပညာရည် ထူးချွန်ထက်မြက်ရေးသည် အဓိက** – ပါမောက္ခကြီးများ၊ ရန်ကုန်မြို့တော်၏ နံပါတ်တစ် ကျူရှင်ဆရာကြီးများဖြင့် အခိုင်အမာဖွဲ့စည်းထားသည့် အကောင်းဆုံးပညာရေး အင်အားစုကြီးဖြစ်သည်။ နေ့ကျောင်းကြီးနှင့်တကွ ကျူရှင်ချိန်များတွင်ပါ ဤဆရာကြီးများသာ သင်ကြားကြသည်။ နေ့စဉ် သင်ကြားရေး၊ လေ့ကျင့်ရေးနှင့် စစ်ဆေးရေးတို့ကို စည်းကမ်းတိကျ စီမံချက်ချ၍ ဆောင်ရွက်သည်။ ထို့ကြောင့် နှစ်စဉ် အောင်ချက်ရာနှုန်းပြည့်နှင့် All-D များ၊ TOP TEN များ၊ ဂုဏ်ထူးရှင် များစွာထွက်ရှိခဲ့ပါသည်။

**နေထိုင်မှုစားသောက်မှု အဆင့်ရှိရေးသည် ပဓာန** – နေ့ကျောင်းနှင့် ဘော်ဒါဆောင်ကို တစ်ဝင်းတစ်ခြံတည်း၊ တိုက်တစ်တိုက်တည်းတွင် အတူတူထားပါလျှင် များစွာ အနှောင့်အယှက်ဖြစ်သောကြောင့် သုဝဏ္ဏ၊ ဗိုလ်ချုပ်ရွာ VIP-1 ရပ်ကွက်တွင် ကျောင်းသူသီးသန့်၊ ကျောင်းသားသီးသန့်၊ သီးခြားခြံဝင်းကျယ်၊ သီးခြားအဆင့်မြင့် ၂ ထပ်တိုက်၊ ၃ ထပ်တိုက်ကြီးများ၊ ပန်ကာ၊ လေအေးစက် အပြည့်အစုံ၊ ၂၄ နာရီ လျှပ်စစ်မီး၊ အဝီစိရေနှင့် အဆင့်မြင့်နေထိုင်မှု ဖြစ်သည်။ အထူးသဖြင့် ကျောင်းသူဆောင်ကို ဆရာကြီးဦးထွန်းနွယ်၏ ဇနီး ဆရာမကြီးဒေါ်မြင့်မြင့်ကြည် (အ.ထ.ပြ–ငြိမ်း)ကိုယ်တိုင် အတူနေထိုင်၍ အုပ်ချုပ်ပါသည်။ စားလို့မြိန်သော စေတနာကောင်းတဲ့ အိမ်ထမင်းအိမ်ဟင်းကို သန့်သန့်ရှင်းရှင်း ချက်ပြုတ်ပြင်ဆင် ကျွေးမွေးပါသည်။

**ငွေရေးကြေးရေးသည် သာမည** – ဘော်ဒါချင်းယှဉ်လျှင် အကောင်းဆုံးဝန်ဆောင်မှု ဖြစ်စေရမည်ဟု အာမခံသည်။ ငွေကြေးကိုမူ အသက်သာဆုံးနှင့် အဆင်အပြေဆုံးဖြစ်စေရန် အထူးစီစဉ်ထားပါသည်။ (၄–ရစ်ခွဲ၍ ပေးသွင်းရပါမည်။) **အဆောင်မှူး (ဘွဲ့ရ) ဆရာ၊ ဆရာမများ အလိုရှိပါသည်**

ခြံအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ Tel : 01-577 605, 09 314 789 26 Facebook : pnndschool ကျောင်း > A-2, A-3 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ။

လပြည့် 09-50-37438 532200

မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

ကလေးနာမည်ပေး

ဆရာကြီးရာဇာဇော်ဝင်း

(L.L.B.) နှင့် ဆက်သွယ်ပါ။ (ဗိုတ်ရက်မရှိ)

01-394727, 01-399426 09-73009994-

တိုက်(၃၅)၊ လမ်း(ရေ)မြေညီ ထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ရောင်းရန်ရှိသည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် ပေ (၄၀' x ၆၀')ဂရန်မြေကွက် ရောင်းရန် ရှိသည်။

ဆက်သွယ်ရန်- ၀၉ ၂၅၆၂၄၂၇၇၅

ဒဂုံမြို့သစ်

အရှေ့ပိုင်း

ဆိပ်ကမ်းမြို့နယ်

တောင်ပိုင်း၊ မြောက်ပိုင်းများရှိ

မြေကွက်များကို

ဈေးကောင်းပေးဝယ်သည်။

ဖုန်း–၀၉–၈၆၂၃၁၈၈

ဖုန်း–၀၉–၅၀၈၄၁၂၉

ရောင်းရန်ရှိသည်

အင်းလေးဟိုတယ်ဝန်းရှိ မြေကွက်လွတ် ရောင်းရန်ရှိသည်။

ဆက်သွယ်ရန်- ၀၉ ၄၂၀၁၁၉၃၃၀

၀၁ ၆၅၂၅၀၉

ရောင်းရန်ရှိသည်

မြောက်ဥက္ကလာ၊ ရွှေပေါက္ကံ၊ VIP (၂၂)ရပ်ကွက်တွင် မြေကွက်ရောင်းရန်ရှိသည်။

ဆက်သွယ်ရန်- ၀၉ ၄၂၅၃၀၀၆၁၃

၀၉ ၇၈၅၄၃၃၅၈၅

ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"

ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။

Ph : 09-512-1284, 09-420-707802, 09-250-066210

Thilawa SEZ Map ( DPS ရဲ့ GPS )

Update များ အမြဲပြုလုပ်နေသော GIS Map



Digital Maps of YANGON MYANMAR

Myanmar GIS up toVillage Tract

GPS ရောင်းသည်။



• ရန်ကုန်မြေပုံများကို ခရိုင်အလိုက် သော်လည်းကောင်း၊ မြို့နယ် တစ်ခုခြင်း၏ အသေးစိတ်အချက်အလက် ဆောင်ရွက်လိုလျှင်လည်းကောင်း။

• သီလဝါမြေပုံအသေးစိတ် အချက်အလက်များကို လည်းကောင်း။

• မိမိလုပ်ငန်းအတွက် မြေပုံများမှ လိုအပ်သည့် တစ်စိတ်တစ်ဒေသကို ပုံကြီးချဲ့၍ ထုတ်လိုလျှင်လည်းကောင်း။

• မိမိလုပ်ငန်းနှင့်သက်ဆိုင်သော အချက်အလက် လမ်းကြောင်းများကို ထင်ရှားပေါ်လွင်အောင် ပြုလုပ်၍ ထုတ်လိုလျှင် လည်းကောင်း။

ဝန်ဆောင်မှုများကိုအချိန်တိုအတွင်း အမြန်ဆောင်ရွက်ပေးလျက် ရှိပါသည်။ Yangon Map ကို GIS အဖြစ် SoftCopy ဖြင့် ရရှိနိုင်ပါပြီ။

ရန်ကုန်မြို့လမ်းများမြေပုံ (လမ်းအကျယ်များပါ) အထင်ကရနေရာများ၊ မြစ်၊ ချောင်း၊ ရေကန်များကို GPS နှင့် ထပ်ကြည့်၍ရပါသည်။

165, 35th Street , KTDA Tsp, Yangon, Myanmar. Tel: 20 40 20, 245 230, 09 774 20 40 20, 775 20 40 20, 700 541, 09 50 30 177 dpsmap@gmail.com facebook.com/DPSMyanmar www.dpsmap.com

SAMSUNG

Galaxy S7 edge



Rethink what a phone can do

စတင်ရောင်းချခြင်း အထူးအစီအစဉ်

ဈေးနှုန်း - ၉၀၀,၀၀၀ ကျပ်

20th March 2016 (တနင်္ဂနွေ)

ရန်ကုန်မြို့ - Myanmar Plaza

မန္တလေးမြို့ - Sedona Hotel

telenor Package မေတ္တာလက်ဆောင်ပါဝင်သည်။

Samsung Battery Pack

Samsung Micro SD 64GB

Gear S2 classic
အလုံး (၂၀၀) မဲဖောက်ပေးမည်

samsungmobilemyanmar samsungmyanmar samsungmyanmar

အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

Call Center 01 2399 888 (Mon-Sun) 8AM to 6PM

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဝါးစက်ရုံ(အင်ရောင်း)အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဧပြီလမှ မတ်လအထိ လစဉ်မီးထိုးဆီခွဲတမ်းများအား ချောက်မြို့မှ(အင်ရောင်း) စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် သယ်ယူလိုပါသည်။

၂။ **ပုံစံများစတင်ရောင်းချမည့်ရက်** - ၇-၃-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၃-၂၀၁၆ ရက်၊ ၁၆း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန**
**ရုံးအမှတ်(၃၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၁၉၅**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ချုပ်ဆိုသည့်အခွန်ထမ်းဆောင်ထိုက်သော စာချုပ်စာတမ်းများကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တံဆိပ်ခေါင်းခွန်ထမ်းဆောင်စေရန်

## အသိပေးကြေညာခြင်း

၁။ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီများနှင့် ချုပ်ဆိုခဲ့သောလုပ်ငန်း သဘောတူစာချုပ်စာတမ်းအမျိုးမျိုးတို့အနက် တည်ဆဲဥပဒေများနှင့်အညီ ကျသင့်သည့်တံဆိပ်ခေါင်းခွန် ပြည့်ဝစွာ ထမ်းဆောင်ထားမှုမရှိသော စာချုပ်များ၊ စာချုပ်ချုပ်ဆိုပြီး သတ်မှတ်ကာလအတွင်း တံဆိပ်ခေါင်းခွန်ထမ်းဆောင်မှု မရှိသောစာချုပ်များ၊ စာချုပ်သက်တမ်းကုန်ဆုံးပြီး စာချုပ်အသစ်ထပ်မံချုပ်ဆိုရာ၌ ယခင်စာချုပ်အဟောင်းတွင် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ထားမှုမရှိခြင်း သို့မဟုတ် တံဆိပ်ခေါင်းခွန်လျော့နည်းထမ်းဆောင်ထားသော စာချုပ်များကို တည်ဆဲတံဆိပ်ခေါင်းအက်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပြီးသော စာချုပ်စာတမ်းဖြစ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် တံဆိပ်ခေါင်းခွန် ဒဏ်ကြေးကင်းလွတ်ခွင့်ကာလကို ၃၁-၃-၂၀၁၆ရက်အထိ သတ်မှတ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းသဘောတူစာချုပ်များ ချုပ်ဆိုခဲ့သော်လည်း ကျသင့်သည့် တံဆိပ်ခေါင်းခွန် ပြည့်ဝစွာထမ်းဆောင်ထားမှုမရှိခြင်း သို့မဟုတ် တံဆိပ်ခေါင်းခွန်လျော့နည်းထမ်းဆောင်ထားသော စာချုပ်များကို ဒဏ်ကြေးကင်းလွတ်စွာဖြင့် တံဆိပ်ခေါင်းခွန် ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ဆက်သွယ်၍ သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်သွားကြရန်နှင့် သတ်မှတ်ကာလ ကျော်လွန်ပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေး ကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**ဘဏ္ဍာရေးဝန်ကြီးဌာန**

## ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး၊ ခရိုင်(၅)ခရိုင်ရှိ ရုံးသုံးစက်ကိရိယာပစ္စည်း (၅)မျိုး၊နှစ်ဟောင်းထုပ်ပိုးနှင့် လုပ်ငန်းသုံးပစ္စည်း(၅၉)မျိုး၊ စုစုပေါင်း ပုံသေပိုင်ပစ္စည်း(၆၄)မျိုးအား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | **တည်နေရာ** | - ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်၊ ဖျာပုံခရိုင် |
| (ခ) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၈-၃-၂၀၁၆ရက်မှ ၁၅-၃-၂၀၁၆ရက်ထိ |
| | **အချိန်** | - ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ |
| (ဂ) | **တင်ဒါစည်းကမ်းရှင်းလင်းမည့်ရက်/အချိန်** | - ၁၇-၃-၂၀၁၆ရက်၊ မွန်းတည့် ၁၂နာရီ |
| (ဃ) | **တင်ဒါပိတ်မည့်ရက်/အချိန်** | - ၁၇-၃-၂၀၁၆ရက် ၁၃း၀၀နာရီ |
| (င) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ |
| (စ) | **Deposit ပေးသွင်းရမည့်နေရာ** | - ပေးသွင်းရမည့် Deposit ငွေများကို တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင်ဖော်ပြထားပြီးဖြစ်ပါသည်။ Deposit ငွေများကို ဌာန၏ ငွေသွင်းချလန် ဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ပေးသွင်းရမည်ဖြစ်ပါသည်။ |
| (ဆ) | **စာရင်းပေးသွင်းရမည့်နေရာ** | - ရုံးအမှတ် (၅၂)နေပြည်တော် |
| (ဇ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃)၊ နေပြည်တော် |

၂။ အဆိုပါပုံသေပိုင်ပစ္စည်း (၆၄)မျိုး၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာခရိုင်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၄၂-၂၄၅၂၀၊ ၀၄၂-၂၄၅၂၃တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## CLAIMS DAY NOTICE
## M.V DREAM ORCHID VOY:NO (20)

Consignees of cargo carried by M.V DREAM ORCHID VOY:NO (20) are here by notified that the vessel will arrive on about 9-3-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးဝန်ကြီးဌာန
### ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန
### ဆေးတက္ကသိုလ်(၂)ရန်ကုန်
### ၂၀၁၆ ပညာသင်နှစ် လူမှုဆက်ဆံရေးနှင့် ဆေးပညာကျင့်ဝတ်ဒီပလိုမာဘွဲ့လွန်သင်တန်းဝင်ခွင့်

## လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၂)ရန်ကုန်၌ ဖွင့်လှစ်မည့် လူမှုဆက်ဆံရေးနှင့် ဆေးပညာကျင့်ဝတ် ဒီပလိုမာ(၁)နှစ်(အချိန်ပိုင်း)သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ အမြဲဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **လိုအပ်သောအရည်အချင်း**
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရပါမည်။
(ခ) ဆေးပညာမဟာသိပ္ပံဘွဲ့၊ သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့ ရရှိထားသူဖြစ်ရမည်။
(ဂ) အထူးကုဆရာဝန်၊ ကထိက(သို့မဟုတ်) အလားတူရာထူးနှင့် အထက်ရှိရမည်။
(ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက်မကြီးသူ အစိုးရဝန်ထမ်းဖြစ်ရမည်။
(င) သတ်မှတ်ထားသော သင်တန်းကာလကို တက်ရောက်နိုင်သူဖြစ်ရမည်။
(စ) လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း (ဧယျ) (သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း(သို့မဟုတ်) အကြိုဝန်ထမ်းလောင်းသင်တန်း (အကြိုဧယျ) (သို့မဟုတ်) အထူးဝန်ထမ်းလောင်းသင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။
(**ခြွင်းချက်။** လျှောက်လွှာပိတ်သည့်ရက်တွင် ဝန်ထမ်းလောင်းသင်တန်း တက်ရောက်နေသူဖြစ်ပါက နှုတ်ဖြေဖြေဆိုမည့်ရက်တွင် သင်တန်းဆင်းလက်မှတ် တင်ပြနိုင်သူဖြစ်ရမည်။)
(ဆ) ဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ **လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပါရှိရမည်။**
(က) အမည်၊ မှတ်ပုံတင်အမှတ်၊ လက်ရှိရာထူး/ဌာန၊ အမြဲတမ်းလိပ်စာနှင့် ဖုန်းနံပါတ် ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်
(ခ) အဖအမည်
(ဂ) အစိုးရဝန်ထမ်းအဖြစ်စတင်ထမ်းဆောင်သည့်ရက်/လ/ခုနှစ်နှင့် အမှုထမ်းသက်
(ဃ) အသက်နှင့် မွေးသက္ကရာဇ်
(င) ဆမ/သခ/သနသ(လ)အမှတ် (   ) ရက်စွဲ - - ၊
(စ) ပညာအရည်အချင်း
(ဆ) အခြေခံဝန်ထမ်းလောင်းသင်တန်းတက်ရောက်ပြီးခြင်းရှိ/မရှိ
(ဇ) အမှုထမ်းသက်မှတ်တမ်းအပြည့်အစုံ (ခက်ခဲဒေသတွင် တာဝန်ထမ်းဆောင်ခဲ့ပါက ထောက်ခံစာနှင့်အတူ တစ်ပါတည်း တင်ပြရမည်။)
(ဈ) ပြည်ပသင်တန်းတစ်ခုခုသို့ တက်ရောက်ခွင့်လျှောက်ထားခြင်း (သို့မဟုတ်) ဝင်ခွင့်စာမေးပွဲ ဖြေဆိုထားခြင်းရှိ/မရှိ
(ည) ယခင်ပြည်တွင်းဘွဲ့လွန်သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရခြင်းရှိ/မရှိ
(ဋ) ပြည်တွင်းဘွဲ့လွန်သင်တန်းတစ်ခုခုတက်ရောက်ဖူးပါက တက်ရောက်ခဲ့သည့် ခုနှစ်၊ သင်တန်း
(ဌ) ဘာသာရပ်နှင့် ဘွဲ့ရရှိခြင်းရှိ/မရှိ

၄။ **လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။**
(က) လျှောက်လွှာတွင် ဖော်ပြထားသည့် အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ခံဝန်ချက်
(ခ) ဘွဲ့လက်မှတ်မိတ္တူများ
(ဂ) သင်တန်းအမှတ်စာရင်း(Grading Certificate)
(ဃ) ဓာတ်ပုံသုံးပုံ(လိုင်စင်ဓာတ်ပုံ)
(င) ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး/ဇီးပင်ကြီး)မှ အခြေခံဝန်ထမ်းလောင်း သင်တန်းဆင်းလက်မှတ်မိတ္တူ(သို့မဟုတ်) အရာထမ်းအခြေခံသင်တန်းဆင်းလက်မှတ်မိတ္တူ

၅။ လျှောက်လွှာကို သက်ဆိုင်ရာဦးစီးဌာန အကြီးအကဲမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး ကြိုတင်မိတ္တူတစ်စောင်ကို ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်သို့ လိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၆။ လျှောက်လွှာများကို ဆေးတက္ကသိုလ်(၂)ရန်ကုန်သို့ ၁၇-၃-၂၀၁၆ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ ပေးပို့ရမည်။ မပြည့်စုံသည့် လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၁-၃-၂၀၁၆ ရက်(တနင်္လာနေ့)မှစ၍ ဆေးတက္ကသိုလ် (၂) ရန်ကုန်ဘွဲ့လွန်ဌာနစိတ်တွင် ထုတ်ပေးမည်။

၈။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းဖြင့်သာ စစ်ဆေးမည်ဖြစ်ပြီး စာမေးပွဲစစ်ဆေးမည့်ရက်ကို ခုံအမှတ်စာရင်းထုတ်ပြန်သည့်အခါ ထည့်သွင်းကြေညာသွားပါမည်။

၉။ ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင်လည်းကောင်း၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်လည်းကောင်း၊ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်ဖြစ်ပြီး ဘွဲ့လွန်သင်တန်းစည်းမျဉ်းစည်းကမ်းများအရ အရေးယူခြင်းခံရမည်။

၁၀။ သင်တန်းတက်ရောက်ခွင့် ရရှိသူများသည် ဘွဲ့လွန်သင်တန်း စည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်းနှင့် ဘွဲ့လွန်သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် မိမိတာဝန်ကျရာ မည်သည့်ဒေသတွင်မဆို ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချုပ် ချုပ်ဆိုရမည်။

၁၁။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၂) ရန်ကုန် ဖုန်း-၀၁-၉၆၉၉၅၈၉၊ ၀၁-၉၆၉၉၈၅၂၊ ၀၁-၉၆၉၀၁၂၇၊ ၀၁-၉၆၉၀၁၂၈ လိုင်းခွဲ-၂၂၉ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၂)ရန်ကုန်**

## အထူးတရားပွဲ

သုံးလောကထွတ်ထား မြတ်ဗုဒ္ဓအားအမှူးထား၍ တရားကိုချစ်ခင်၊ တရားကို မြတ်နိုး၊ တရားကိုယုံကြည်၊ တရားဖြင့် မွေ့လျော်မွေ့ပျော်ကြကုန်သော သာသနာ့အနွယ်ဝင် သူတော်စင်အပေါင်းတို့အား ဤဇမ္ဗူသီရိဗိမာန်တော်ကြီးတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခဆရာတော် ဒေါက်တာ အရှင်ဆေကိန္ဒမှ တရားရေအေးတိုက်ကျွေးမည်ဖြစ်ပါကြောင်း အလှူ့ရှင် ဦးမျိုးသိန်း၊ဇနီး ဒေါ်ကေခိုင်၊ သားကြီး မောင်မြတ်ဘုန်းခန့်၊ သားငယ် မောင်သော်တာဘုန်းခန့် မိသားစု ခနေသီဟ ကုမ္ပဏီလီမိတက်မှ တရားတော်နာကြွရောက်ပါရန် အောက်ပါအစီအစဉ်များအတိုင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဓမ္မပူဇာအစီအစဉ်**

**နေ့ရက်** - ၁၃၇၇ ခုနှစ် တပေါင်းလဆန်း(၂)ရက်
၂၀၁၆ ခုနှစ် မတ် ၁၀ရက် (ကြာသပတေးနေ့)
**အချိန်** - ည ၇း၃၀ နာရီ
**လမ်းညွှန်** - ဇမ္ဗူသီရိဗိမာန်တော်၊ တံတားလေးလမ်း၀ (နဝဒေးရပ်ရှင်ရုံရှေ့) (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

## အကြောင်းကြားစာ

**တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂**
**သာကေတမြို့နယ်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၆ နှင့်ဆက်သွယ်သည့်**
**၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၂**

ဒေါ်သွင်သွင်ထွေး **နှင့်** ၁။ ဦးသက်နိုင်ဦး
(၎င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဦးစန်းမောင်
ဦးလီဝီကျုံး)
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ(၂)လမ်း အနောက်၊အမှတ် ၁၁၂၄/ခနေ ဦးစန်းမောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၄၆ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်သွင်သွင်ထွေး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးလီဝီကျုံး) တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြု လုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ ခုနှစ် မတ် ၁၇ ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၆ ခုနှစ် မတ် ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်နီနီအေး)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

### အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်၌**
**၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၂၃ နှင့်ဆက်နွယ်သည့်**
**ဗိုလ်တထောင်မြို့နယ်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၅**

ဒေါ်ဝင်းဝင်းငွေး **နှင့်** ဒေါ်ရီရီတင့်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ပြုံးရီ)
**တရားနိုင်** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ငွေဇင်ယော်(၂)လမ်းထိပ်၊ အမှတ်(၂၃/ဘီ)နေ ဒေါ်ရီရီတင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၂၃တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဒေါ်ဝင်းဝင်းငွေး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ပြုံးရီ) က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၁၅ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၆ခုနှစ် မတ် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခိုင်ဇင်ဦး)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ဗိုလ်တထောင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၈၅**

ဒေါ်မြင့်မြင့်ကြည် **နှင့်** ဦးရန်နိုင်လင်း ပါ-၃
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ်(၁၀၀၁)နေ အမှတ်(၁)တရားပြိုင် ဦးရန်နိုင်လင်း (ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြင့်မြင့်ကြည်က ""ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုနှင့် လက်ရောက်ပေးအပ်စေလိုမှု"" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မတ်၂၂ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မာဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးရဲထွဋ်ဝင်း (မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-(ဒေါ်ယဉ်ယဉ်အေး- တရားရုံးချုပ်ရှေ့နေ)တို့၏သားငယ်

**ဗိုလ်မှူးဖြိုးဇင်ဝင်း**

**M.B.,B.S (DSMA), M.Med.Sc (Surgery)**
**MRCSEd (UK), 2nd Yr Dr. Med.Sc (Paediatric Surgery)**

နှင့်

နေပြည်တော်နေ
ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး (ငြိမ်း)-ဒေါ်ခင်မြဦးတို့၏သမီးကြီး

**မဆုသစ်ထူး**

**B.A (EPP)**
**Advanced Diploma in Business Management (ABE, UK)**
**ဌာနစုမှူး- ၁၊ ဒုတိယအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

တို့၏ ၁၂-၂-၂၀၁၆ရက်တွင် KEMPINSKI HOTEL ၌ မင်္ဂလာဦးစီးနာယကအဖြစ် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒုတိယရှေ့နေချုပ်ဦးထွန်းထွန်းဦးအားလည်းကောင်း၊ မင်္ဂလာအသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် ဇနီး၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဇနီးတို့အားလည်းကောင်း၊ ၅-၃-၂၀၁၆ရက်တွင် ဧယျာသီရိဗိမာန်မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် စုလျားရစ်ပတ်ထိမ်းမြားပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ဆင်မြန်းပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်မွန်များ ပေးပို့ချီးမြှင့်ပေးကြသော နိုင်ငံတော်သမ္မတကြီးနှင့်ဇနီး မိသားစု၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး မိသားစု၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြပါသော စစ်ဘက်၊ နယ်ဘက်အသီးသီးတို့မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် လူကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုး၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော အလင်္ကာဝတ်ရည်မြန်မာမှုတေးဂီတအဖွဲ့နှင့် အခါတော်တေးသီဆိုပေးပါသော ဒေါ်နှင်းရီသန့်၊ မင်္ဂလာပန်းကြဲပေးပါသော မသက်ဆုပိုင်၊ မအိဏ္ဍ့်သူသူပိုင်၊ မင်္ဂလာပန်းကုံးဗန်းကိုင်ပေးပါသော မလှဲ့သွယ်ဦး၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ပေးပါသော မမေသကြ်န်ဦး၊ သတို့သားအရံများအဖြစ်ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးသာထက်နိုင်၊ ဗိုလ်ကြီးအောင်ဆန်းဦး၊ သတို့သမီးအရံများအဖြစ်ဆောင်ရွက်ပေးပါသော မသိမ့်နီလာ၊ မဆုရတနာအောင်မင်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲနှင့် မင်္ဂလာညစာစားပွဲတို့တွင် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော She Shines Gems & Jewellery နှင့် ကြယ်စင်နန်းတော် စိန်ရွှေရတနာဆိုင်၊ မင်္ဂလာဝတ်စုံများ ဖန်တီးဆင်မြန်းပေးပါသော Designer မင်းသက်စံ (Sweet and Smart)၊ ရွှေဂျိုးသာ လွန်းရာကျော် ကြိုးကြီးအချိတ်လုပ်ငန်း (အမရပူရ)၊ သတို့သမီးအရံများအတွက် ဝတ်စုံချုပ်လုပ်ပေးပါသော Tracy Fashion Shop၊ ပန်းအလှဆင်ပေးပါသော လင်းလင်းနှင့်အဖွဲ့၊ မိတ်ကပ်၊ ဆံပင်အလှပြင်ပေးပါသော မေဦးနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာများပုံနှိပ်ပေးပါသော Dagon Printing & Invitation Cards၊ စားသောက်ဖွယ်ရာ ကျွေးမွေးဧည့်ခံပေးပါသော ဧယျာသီရိဗိမာန်မှ ဦးစိန်ဝင်းနှင့်ဝန်ထမ်းများ၊ Inya Lake Hotel ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော မတင်မိုးလွင်၊ မင်္ဂလာဧည့်ခံပွဲနှင့် မင်္ဂလာညစာစားပွဲတို့တွင် ဓာတ်ပုံနှင့် ဗီဒီယိုများကို ရိုက်ကူးပေးကြပါသော ကိုဝဏ္ဏခွာနီး (FOCUS DAILY)နှင့်အဖွဲ့၊ မင်္ဂလာတေးသံသာဖြင့် ဖျော်ဖြေဧည့်ခံပေးပါသော Ma Junny Percussion နှင့် DJ ပိုင်ပြည့်၊ စားသောက်ဖွယ်ရာ ကျွေးမွေးဧည့်ခံပေးပါသော Inya Lake Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအပြင်အဆင်နှင့် ပွဲအစမှအဆုံး အဘက်ဘက်မှအဆင်ပြေချောမွေ့အောင် စီစဉ်ဆောင်ရွက်ပေးပါသော SIGNATURE Weddings & Events Planning အဖွဲ့အားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များအားလည်းကောင်း အထူးပင် လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးဖြိုးဇင်ဝင်းနှင့် မဆုသစ်ထူး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၃၅၆၈၀ Zip Star 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလင်းအောင် ၉/မဟမ(နိုင်)၀၂၀၂၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်း(D)မှ ခွန်ခမ်းရာ၏ ဖခင်အမည်မှန်မှာ ခွန်ဝင်းလှိုင် ဖြစ်ပါကြောင်း။

**ခွန်ဝင်းလှိုင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကလောမြို့နယ်တရားရုံး၌**
**၂၀၁၆ခုနှစ် တရားမကြီးအမှုအမှတ်-၇**

ဒေါ်ဆန်းဆန်းမော် နှင့် ဦးတင်ထွန်း
**တရားလို** **တရားပြိုင်**

အောင်ပန်းမြို့၊ အမှတ် (၄)ရပ်ကွက်၊ အိမ်အမှတ်၂၃(A) (ယခုနေရပ်လိပ်စာမသိသူ)ဦးတင်ထွန်း သိစေရမည်။

သင့်အပေါ်၌ ဒေါ်ဆန်းဆန်းမော်က ခြံမြေအရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၁၇ ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၉ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုးစမ်း)**
**မြို့နယ်တရားသူကြီး**
**ကလောမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2K/9762 NISSAN AD VAY12 S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်ထွန်း ၉/ဝတန(နိုင်)၁၃၅၁၈၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်ဦးထွန်းထွန်းအောင် ၁၂/သကတ(နိုင်)၁၁၈၉၈၅ နှင့် ကျွန်မ ဒေါ်စန္ဒာမြင့် ၁၂/သကတ(နိုင်)၀၂၆၆၇၅တို့၏သား မောင်ထွန်းဦးလှိုင် ၁၂/သကတ(နိုင်)၁၆၉၅၁၅သည် မိဘများခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကိုပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ အားလုံးအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးထွန်းထွန်းအောင်-ဒေါ်စန္ဒာမြင့်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်၊ မြေကွက်/ဦးပိုင်အမှတ် (ဒ-၃၀၆၃၄)၊ ဧရိယာ ၀ ဒသမ၀၄၆ဧကရှိ ဦးသိန်းထွန်းဦး အမည်ပေါက် အငှားဂရန်မြေကွက်အား ဦးသိန်းထွန်းဦး ၅/ပလဘ(နိုင်)၀၁၉၀၀၉ (ဘ) ဦးကြီးမောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အရောင်း/အဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၈၁၄၃၃၊ V-Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောလွင် ၇/ပမန(နိုင်)၁၂၇၄၂၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (လားရှိုး)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁ယ/၃၈၆၉၈ Yamaha DT ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထိုက် ၁၃/တကန(နိုင်)၁၉၄၄၄၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ကြီးခရိုင်တရားမရုံး၌**
**၂၀၁၅ခုနှစ် တရားမကြီးအမှုအမှတ်-၇၈**

ဒေါ်နန်းကျင် နှင့် ၁။ ဦးညီနပ်
၂။ ဒေါ်နန်းအေးမြ
**တရားလို** **တရားပြိုင်များ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ အမှတ် ၄၅၊ မြတ်ရတနာလမ်းနေ ဦးညီနပ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၁၇ ရက် (၁၃၇၇ ခုနှစ် တပေါင်းလဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိန်းသိန်းနှင်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**တောင်ကြီးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၈၊ မြေကွက်အမှတ် ၂၁/က၊ ဧရိယာ ၀ ဒသမ ၁၂၂ဧက၊ ကိုကျော်၊ မလှကြီး အမည်ပေါက်နှင့် မြေကွက်အမှတ် ၂၂/က၊ ဧရိယာ ၀ ဒသမ ၀၉၂ဧက ဦးကျော်အမည်ပေါက် A ရှာမြေ ၃(က) ရပြီးမြေအား အင်းစိန်မြို့နယ် တရားရုံး တရားမကြီးမှုအမှတ် ၁၂၀/၁၃ဖြင့် မြေနှင့် အိမ်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုနှင့် အိမ်ရာမြေ ၃/က လျှောက်ထားပေးစေလိုမှု၏ ၁၉-၁၂-၂၀၁၃ ရက်စွဲပါ တရားရုံးအမိန့်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ် ၆၀/၁၃အရ ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် ၈-၁-၂၀၁၃ ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းအမိန့်နှင့် ထုံးပုံကျအမိန့် ၈-၁-၂၀၁၄ ရက် ဘီလစ်ခန့်အပ်စာနှင့် ၃(က) လက်မှတ်တင်ပြပြီး (ဘီလစ်) ဒေါ်အုန်းသွင် ၁၂/အစန(နိုင်)၀၀၄၀၈၀မှ အရောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ် ၂၉၆၊ မြေကွက်တည်နေရာအမှတ် ၂၉၆၊ နတ်သျှင်နောင်လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဦးထွန်းအောင် CE-၀၂၄၈၉၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းအောင်ထံမှ မြေအကျယ်ပေ(၄၀×၆၀) အနက် မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်းပေ (၂၀×၆၀)အားဝယ်ယူခဲ့သူ ဦးတင်ရှိန်မှ တရားလို ပြုလုပ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် တရားရုံးတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီ ရရှိခဲ့သဖြင့် တရားရုံးကိုယ်စား ဘီလစ် ဒေါ်နီလာခင် ၁၂/မဂဒ(နိုင်)၀၉၈၉၀၁မှ တရားမကြီးမှုအမှတ် (၂၁/၂၀၁၅)၏ ၁၁-၉-၂၀၁၅ ရက်စွဲပါစီရင်ချက်၊ တရားမဇာရီမှုအမှတ် ၈၈/၂၀၁၅ နေ့စဉ်မှတ်တမ်းနှင့် ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့ တင်ပြ၍ မြေကွက်၏ ခေါင်းရင်းခြမ်း ပေ(၂၀×၆၀)အား အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အထူးဝမ်းနည်းကြေကွဲခြင်း
## သီရိပျံချီ ဗိုလ်ချုပ်တင်ငွေ (ငြိမ်း)
အလုပ်သမားဝန်ကြီး(ငြိမ်း)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ သစ်ရာပင်လမ်း၊အမှတ် ၁၁၀ နေ ဒေါ်လှလှသိန်း၏ ခင်ပွန်း သီရိပျံချီ ဗိုလ်ချုပ်တင်ငွေ(ငြိမ်း)သည် ၅-၃-၂၀၁၆ရက်(စနေနေ့)ညနေ ၃း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်နိုင်သိန်း-ဒေါ်အေးအေး မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
## သီရိပျံချီ ဗိုလ်ချုပ်တင်ငွေ (ငြိမ်း)
အလုပ်သမားဝန်ကြီး(ငြိမ်း)
ကြည်း-၁၀၁၄၆၊ သူရဲကောင်းမှတ်တမ်းဝင်
OTS (30)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ သစ်ရာပင်လမ်း၊အမှတ် ၁၁၀ နေ ဒေါ်လှလှသိန်း၏ခင်ပွန်း သီရိပျံချီ ဗိုလ်ချုပ်တင်ငွေ(ငြိမ်း)သည် ၅-၃-၂၀၁၆ရက် ညနေ ၃း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးငွေဦး(ဒုဥက္ကဋ္ဌ-ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)နှင့်ဇနီး ဒေါ်နီနီဝင်း

## ကိုအေးဇော်ထွန်း
အသက်(၃၀)

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ ဦးဇော်လင်းထွန်း (မွန်ပြည်နယ်အစိုးရအဖွဲ့၊ အတွင်းရေးမှူး)-ဒေါ်စန်းစန်းလွင်တို့၏သား၊ မောင်မိုးဇော်ဦး-မမေဇင်ထွန်းတို့၏အစ်ကို၊ မသူဇာလွင်(ကမ္ဘောဇဘဏ်ခွဲ-၃၊ မော်လမြိုင်)၏ခင်ပွန်းသည် ၆-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၆ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
## ကိုအေးဇော်ထွန်း
အသက်(၃၀)

ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ (မွန်ပြည်နယ်အစိုးရအဖွဲ့၊ အတွင်းရေးမှူး) ဦးဇော်လင်းထွန်း-ဒေါ်စန်းစန်းလွင် (ဥက္ကဋ္ဌ၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့)တို့၏သား မောင်အေးဇော်ထွန်းသည် ၆-၃-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

ဝမ်းနည်းကြေကွဲခြင်း
## ကိုအေးဇော်ထွန်း
အသက်(၃၀)

မွန်ပြည်နယ်၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ (အစိုးရအဖွဲ့၊ အတွင်းရေးမှူး) ဦးဇော်လင်းထွန်း-ဒေါ်စန်းစန်းလွင်တို့၏သား မောင်အေးဇော်ထွန်းသည် ၆-၃-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၈)
ကျောင်းဆင်းအရာရှိ/မိသားစုများ

ဝမ်းနည်းကြေကွဲခြင်း
## ကိုအေးဇော်ထွန်း
အသက်(၃၀)

ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ (မွန်ပြည်နယ်အစိုးရအဖွဲ့၊ အတွင်းရေးမှူး) ဦးဇော်လင်းထွန်း-ဒေါ်စန်းစန်းလွင်တို့၏သား မောင်အေးဇော်ထွန်းသည် ၆-၃-၂၀၁၆ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမျိုးမြင့်(ညွှန်ကြားရေးမှူး(မြို့ပြ)၊လမ်းဦးစီးဌာန၊မွန်ပြည်နယ်)
ဒေါ်မြင့်မြင့်စိန် (လက်ထောက်ညွှန်ကြားရေးမှူး၊ လမ်းဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းခရိုင်)

ဝမ်းနည်းကြေကွဲခြင်း
## ကိုအေးဇော်ထွန်း
အသက်(၃၀)

ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ (မွန်ပြည်နယ်အစိုးရအဖွဲ့၊ အတွင်းရေးမှူး) ဦးဇော်လင်းထွန်း-ဒေါ်စန်းစန်းလွင်တို့၏သား မောင်အေးဇော်ထွန်းသည် ၆-၃-၂၀၁၆ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

စာတည်းမှူးနှင့်ဝန်ထမ်းများ
ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)

ဝမ်းနည်းကြေကွဲခြင်း
## ကိုအေးဇော်ထွန်း
အသက်(၃၀)

ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ (မွန်ပြည်နယ်အစိုးရအဖွဲ့၊ အတွင်းရေးမှူး) ဦးဇော်လင်းထွန်း-ဒေါ်စန်းစန်းလွင်တို့၏သား မောင်အေးဇော်ထွန်းသည် ၆-၃-၂၀၁၆ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဝန်ထမ်းမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရီ(ဖားကူး/သန်လျင်) အသက်(၈၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၀/၁၅၃/၁၅၄)နေ (ဦးသိန်းမောင်-ဒေါ်စိန်မေ)တို့၏သမီး၊ (ဦးကျော်သိန်း)၏ဇနီး၊ (ဦးမြင့်ဦး-ဒေါ်စုယဉ်)၊ ဦးမောင်ကို-(ဒေါ်နုနုတင်)၊ ဦးအောင်ခင် (Oriental Aspiration Co.,Ltd) - ဒေါ်ခင်ရွှေစင်ဦး (The Advanced Generation Co.,Ltd)၊ ဦးခင်မောင်ဇော်-ဒေါ်ကြည်လှ၊ (ဦးမြင့်စိန်)-ဒေါ်မြင့်မြင့်၊ ဦးခင်မောင်မြင့်(မန်နေဂျာ၊ ကမ္ဘာ့ရတနာဘဏ်၊ ပုသိမ်)-ဒေါ်ခင်မေမြင့်၊ ဦးကျော်နိုင်ထူး-ဒေါ်စိုးစိုးခိုင်(ရွှေတောစတိုး)တို့၏မိခင်၊ မြေး ၂၀၊ မြစ် ၂၀တို့၏အဘွားသည် ၆-၃-၂၀၁၆ရက် နံနက် ၇း၂၃နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် သန်လျင်အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၃-၂၀၁၆ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ သန်လျင်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်မြ(ခ)ဒေါ်သန်းမြ (မုဒုံ)
အသက်(၈၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၂)ရပ်ကွက်၊ လှျပ်စစ်လမ်း၊ အမှတ် ၂/၅၂၃နေ [ဦးကျော့ဟိန်း-ဒေါ်မြို့(မုဒုံ)]တို့၏သမီး၊(ဦးရင်စွမ်)၏ဇနီး၊ ရန်ကုန်မြို့နေ (ဦးမြင့်စိုး)-ဒေါ်ချိုချိုသိန်း၊ (ဦးလှကျော်)၊ မုဒုံဦးသန်းနွဲ့-ဒေါ်ခင်စောဝင်း(သစ်စက်)၊ ရဲမှူးကြီးမြင့်လွင်(မကွေးတိုင်းရဲတပ်ဖွဲ့မှူး)-ဒေါ်သန်းသန်းနွယ်တို့၏ချစ်လှစွာသောမိခင်၊ ကိုအောင်သူရ-မလှလှသန်း၊ ကိုထင်ကိုကိုအောင်-ဒေါက်တာကြည်ပြာမောင်(လူမှုဖူလုံရေးဆေးခန်း၊ တောင်ငူမြို့)၊ ကိုဇော်ဝင်းထိုက်၊ ကိုပိုင်ဟိန်းကျော်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၆-၃-၂၀၁၆ရက် ည ၉း၄၀နာရီတွင် တောင်ငူမြို့၊ (၂)ရပ်ကွက်၊ လှျပ်စစ်လမ်းနေ ဦးသန်းနွဲ့-ဒေါ်ခင်စောဝင်းတို့၏နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၆ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့ အနောက်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်အေး
အသက်(၈၄)နှစ်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ (ပင်း)ကျောင်းကုန်းရွာနေ (ဦးအောင်ဘ-ဒေါ်မယ်သု)တို့၏သမီး၊ (ဦးနေဒွန်း-ဒေါ်ရွှေနွဲ့)တို့၏သမီးချွေးမ၊ (ဦးရွှေရ)၏ဇနီး၊ အရာခံဗိုလ်စိန်ဝင်း(ငြိမ်း) (လမသ၊ ထီလာ)-ဒေါ်ဝိုင်းမီ၊ ဦးသန်းအောင်-ဒေါ်ခင်အုန်းမြင့်၊ ဗိုလ်ကြီးမြင့်ဆွေ(ငြိမ်း)(တေဇ-၉)(စာတည်းမှူးချုပ်၊ မြန်မာစာနှင့် ဘာသာစကားပညာရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန)-ဒေါ်မေမြင့်ဦး(အထက-၂၊ကမာရွတ်)၊ ဒေါ်ခင်ထွေးရီ-ဦးမြင့်ဝေ၊ ဦးသိန်းထွန်း-(ဒေါ်ခင်သက်မွန်)တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၉ယောက်၊ မြစ်ကိုးယောက်တို့၏ဘွားဘွားကြီးသည် ၇-၃-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၄နာရီတွင် နတ်မောက်မြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမျိုးမောင်မောင်
ဒုတိယရဲအုပ်လောင်းအရာရှိသင်တန်းအမှတ်စဉ်(၁၇)
အသက်(၅၇)နှစ်

ရန်ကုန်မြို့နေ (ဦးတင်ရွှေ-ဒေါ်ခင်ခင်ပြုံး)တို့၏သား၊ ဦးခင်မောင်လှိုင်-ဒေါ်ခင်စံပယ်၊ ဦးစိုးမောင်မောင်တို့၏ညီ/မောင်၊ (ဦးဝင်းမြင့်-ဒေါ်ခင်သန္တာ)တို့၏အစ်ကို၊ လားရှိုးမြို့နေ ဒေါ်ခင်ချိုမြင့်၏ချစ်လှစွာသောခင်ပွန်း၊ မသန္တာမောင်(မူပြ-အထက၊ မော်ထိုက်)၊ ဒေါက်တာတေဇာအောင်(နမ္မတူ)တို့၏ဖခင်သည် ၇-၃-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၂း၃၇နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၃-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးမှ ကြာကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်မောင်တင်
ကြေးနန်းအော်ပရေတာချုပ်(ငြိမ်း)
(စစ်တွေမြို့)
အသက်(၉၈)နှစ်

စစ်တွေမြို့၊ အိုးတန်းရပ်၊ ကမ်းနားလမ်းနေ (ဦးကျော်ထွန်း)-ဒေါ်စိန်ပွင့်တို့၏သား၊ (ဦးမောင်စိန်ညွှန့်)-ဒေါ်မနုတို့၏သားသမက်၊ (ဒေါ်စံကျော့ခင်)၏ခင်ပွန်း၊ ဒေါ်ဦးကျော်တင့်-ဦးမျိုးထွန်းအောင်၊ ဦးစံထွန်းလှ-ဒေါ်သိန်းလှ၊ ဦးစံထွန်းကျော်၊ ဒေါ်အေးအေးခင်-ဦးအေးကျော်တို့၏ဖခင်၊ မြေးခြောက်ယောက်၏အဘိုးရင်၊ မြစ်ကိုးယောက်တို့၏အဖီးရင်သည် ၇-၃-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင် စစ်တွေမြို့ အာဂျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ငွေကျင်
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊မရမ်းကုန်းမြိုင်လမ်း၊အမှတ် ၁၃ နေ(ဦးမျိုးသိန်း)၏ဇနီး၊ (ဦးအေးထွန်း)၊ ဒေါ်အေးအေးဝင်း (အလုပ်သမား ညွှန်ကြားရေးဌာန၊ ဒဂုံအရှေ့မြို့နယ်ရုံး)၊ ဦးရငွေ-ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ခင်သီတာတို့၏မိခင်၊ မသက်ထက်စံ၏အဘွားသည် ၆-၃-၂၀၁၆ရက် ည ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၃-၂၀၁၆ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်လှလှငွေး (ပုသိမ်)
(ကထိက၊ စိုက်ပျိုးရေးပညာဌာန)
အသက်(၅၈)နှစ်

ပုသိမ်မြို့၊ ပညာရေးကောလိပ်ဝင်းနေ (ဦးချစ်လှိုင် - ဒေါ်နု)တို့၏သမီး၊ (ဗိုလ်မှူးကြီးရွှေမျိုး)-ဒေါ်မြင့်စိန်၊ဦးလှသောင်း - ဒေါ်လှမြင့်၊ ဦးတိုးမြင့်အောင်-ဒေါ်အေးအေးပြုံး၊ဦးရွှေကျော်-ဒေါ်လေးလေးလှိုင်တို့၏အစ်မ၊ ပညာရေးသဘောတရားဌာနမှ ကထိကဆရာဦး ငွေးလွင်၏ဇနီးသည် ၆-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၆း၄၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြမြငွေး
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ် ၂၀နေ (ဦးစီမန်-ဒေါ်ကျင်လှ)တို့၏သမီး၊ ဦးချစ်ဦး၊ ဦးငွေအောင်-ဒေါ်သန္တာဦး၊ ဒေါ်ရင်နုတို့၏ညီမ၊ဒေါ်ကြူကြူဝင်း၊ ဦးသန့်ဇင်ဦး - ဒေါ်ဝါဝါလွင်တို့၏အစ်မ၊ တူ၊ တူမ ခြောက်ယောက်တို့၏အဒေါ်သည် ၅-၃-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁း၂၅နာရီတွင် မဟာမြိုင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၃-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့်
အသက်ကယ်ပါ

## ဒေါ်စန်းစန်းမြင့်
(တောင်သာမြို့)
အသက်(၈၉)နှစ်

တောင်သာမြို့နေ(B.O.C ကိုယ်စားလှယ်ဟောင်း ဦးညို-ဒေါ်တော)တို့၏သမီး၊ နေပြည်တော်နေ ဦးအောင်ကြည် [ညွှန်ကြားရေးမှူး၊ ငြိမ်း၊ အမှတ်(၁) သတ္တုတွင်းဝန်ကြီးဌာန] - ဒေါ်တာတာတို့၏အစ်မ၊ ရန်ကုန်မြို့နေ (ဦးဇော်သန်း)-ဒေါ်မြင့်မြင့်ဝင်း၊ မောင်ဆွေဦး၊ မောင်ငွေအောင်ဆွေ - မသုသုမာစော၊ ကျောက်ပန်းတောင်းမြို့နေ ဦးတင့်ဝေ-ဒေါ်မော်လီ၊ ပြင်ဦးလွင်မြို့နေ ဒေါက်တာစိုင်းခင်ဇော် - ဒေါ်ဝါဝါလှ၊ မန္တလေးမြို့နေ ပါမောက္ခ ဒေါက်တာဒေါ်ပြုံးပြုံးလှ၊ ပျဉ်းမနားမြို့နေ ဦးရဲရင့်အောင် - ဒေါ်မိုးသီတာအောင်တို့၏အဒေါ်၊ မြေး ရှစ်ယောက်၊ မြစ် ခုနစ်ယောက်တို့၏ဘွားဘွားကြီး၊ (ဦးတင်အောင်၊ တောင်ငူအထက-၁၊ ကျောင်းအုပ်၊ ငြိမ်း)၏ဇနီးသည် ၂၉-၂-၂၀၁၆ရက် (တနင်္လာနေ့) ည ၉နာရီတွင် ပြင်ဦးလွင်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ပြင်ဦးလွင်မြို့၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စောရီ
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်)စံပြရပ်ကွက်၊ ဦးအောင်ကျော်ဖြူလမ်း၊ အမှတ် ၂၉နေ (ဦးသောင်း)၏ဇနီး၊ (ဦးမြအောင်) - ဒေါ်ဝင်းစိန်၊ ဦးမြသိန်း-ဒေါ်သန်းလှ၊ ရဲအရာခံဗိုလ်မြင့်ဟန်-ဒေါ်စန်းစန်းအေး၊ (ဦးကျော်အေး-မကြည်ကြည်ငွေး)၊ ဦးမြင့်မောင်-ဒေါ်ဝင်းမြင့်(တာမွေဈေး)၊ဦးစိုးဝင်း-ဒေါ်အေးအေးခိုင်တို့၏မိခင်၊မြေး ၂၈ယောက်တို့၏အဘွားသည် ၇-၃-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၅း၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်တင်စန်း (အင်းစိန်)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ တိုက် ၅၊ အခန်း ၁၀၁နေ(ဦးမောင်အေး-ဒေါ်ကျင်မြ)တို့၏သမီး၊ (ဦးသိန်းအောင်) - ဒေါ်အုန်းမြင့်တို့၏ ညီမ၊ (ဦးစိုးသိန်း-ဒေါ်မြဝင်း)တို့၏ အစ်မ၊ ဒေါ်မြင့်မြင့်သိန်း (စက်မှု-၁၊ ငြိမ်း)၊ ဦးသိန်းနိုင် (တရားလွှတ်တော်ရှေ့နေ)တို့၏အစ်မ၊ တူ/တူမ ခြောက်ယောက်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၇-၃-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## မောင်ရဲမင်းဦး
1st year Civil
(STI University)
T.T.C ကျောင်းသားဟောင်း
အသက်(၁၉)နှစ်

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ရွှေပုန်းညက်ရိပ်မွန်၊ရွှေမဥ္ဇူလမ်း၊အမှတ် S 7 နေ (ဦးတင်ရွှေ) - ဒေါ်ခင်သန်းနွဲ့၊ (ဦးသန့်ဇင်) - ဒေါ်စိန်စိန်တို့၏မြေး၊ ဦးသန့်ဇင် (ဒုတိယညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ ကယားပြည်နယ်)-(ဒေါ်ရွှေဇင်ဦး)တို့၏ ချစ်လှစွာသောသား၊ မောင်တင်ထူးအောင်ဇင်-မစန္ဒာမိုး၊ မသန့်မြတ်နိုးဇင်တို့၏ညီ/မောင်သည်၆-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့) ည ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၆ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများမွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ယိမ် (သုံးဆယ်မြို့)
အသက်(၉၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း၊ အမှတ် ၃၉နေ (ဦးမောင်ညွန့်-ဒေါ်ကျင်မေ)တို့၏သမီး၊ (ဦးအုန်းချို)၏ဇနီး၊ (ဦးငွေရင်)-ဒေါ်သန်းအေး၊ (ဦးတင်မောင်ဖြူ-ဒေါ်သန်းသန်း)၊ ဒေါ်ခင်ရီ၊ဒေါ်ခင်ညိုတို့၏အစ်မ၊ (ဦးတင်ထွဋ်)-ဒေါ်မြင့်မြင့်ကြည်၊ (ဦးသိန်းအောင်-ဒေါ်မြင့်မြင့်ရီ)၊ ဦးရဲမြင့်-ဒေါ်ဝင်းဝင်းမြင့်တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၆-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၈း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၃-၂၀၁၆ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးစိုးမြင့် အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မဟာမင်္ဂလာပရိယတ္တိစာသင်တိုက် ဘဒ္ဒန္တပါမောက္ခ(သာသနဓဇ ဓမ္မာစရိယ) မြို့နယ်သံဃနာယကအဖွဲ့၏ရဟန်းဒါယကာကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၂က စံပြရပ်ကွက်၊ ကာယသုခအတွင်းလမ်း၊ အမှတ် ၂၃၈နေ (ဦးဖိုးလုံ-ဒေါ်စောရင်)တို့၏သား၊ (ဦးထွန်း-ဒေါ်စောမြိုင်)တို့၏သားသမက်၊ (ဦးကျော်ဒင်)-ဒေါ်နှင်းလှိုင်တို့၏မောင်၊ ဦးစိုးဝင်း-ဒေါ်သက်သက်မွန်၊ ဦးစိန်ဝင်း-ဒေါ်ဖြူဖြူဝင်း၊ ဦးသန်းငွေး-ဒေါ်စုစုမြင့်၊ ဦးသူရသန်းထိုက်-ဒေါ်ရီရီမြင့်၊ ဦးတင်စိုးကြည်-ဒေါ်မာလာမြင့်၊ ဦးညီသော်အေး-ဒေါ်မီမီစိုးမြင့်တို့၏ချစ်လှစွာသောဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ ဒေါ်ခင်ရီ၏ချစ်လှစွာသောခင်ပွန်းသည် ၇-၃-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၃-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စောကျင်(ခ)
## ဒေါ်ဒေစီ (နမ္မတူ)
ကျောင်းဆရာမ(ငြိမ်း)
အထက(၄)တောင်ဥက္ကလာပ
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊(၃၁)ရပ်ကွက်၊ ဗိုလ်ဉာဏလမ်း၊ အမှတ် ၄၁၄နေ (ဦးတင်ထွန်း)၏ဇနီး၊ ဦးအောင်အေး-ဒေါ်ခမ်းဆာ၊ ဦးစံမတ်-ဒေါ်ညိုညိုလှ၊ဒေါ်လှလှမြင့်၊ဒေါ်လှလှထွေး၊ ဦးစိုင်းလှအောင်၊ ဦးကျော်ကြီးတို့၏အစ်မ၊ ဦးအောင်ခိုင်-ဒေါ်သွယ်တင်ထွန်းဦး၊ ဦးဇေယျာတင်ထွန်း၊ ဒေါ်ပပတင်မြင့်လှိုင်တို့၏မိခင်၊ တူ/တူမ ရှစ်ယောက်တို့၏အဒေါ်၊ မြေးသုံးယောက်တို့၏အဘွားသည် ၇-၃-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၀၀း၁၅ နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဝင်းကြည်(ခ)
## ဒေါ်တင်တင်ဝင်း(မလုံးချော)
(အနုပညာဦးစီးဌာန၊ ငြိမ်း)
အသက်(၇၄)နှစ်

(ဦးမောင်ခင်-ဒေါ်အေးမြင့်)တို့၏သမီး၊ (ဦးအေးမောင် - ဒေါ်ကြည်)တို့၏သမီးချွေးမ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးဘသောင်း-ဒေါ်ခင်နွဲ့ (လဝက၊ ငြိမ်း)တို့၏ညီမ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ နဂါးမင်းလမ်း၊ အမှတ် ၅၂၄နေ ဦးသန်းထွန်း(ဆသရ၊ငွေစာရင်း၊ ငြိမ်း)၏ဇနီး၊ ဦးသောင်းဦး-ဒေါ်သီသီထွန်း၊ ဦးအောင်အောင်မိုး - ဒေါ်ဆွေဆွေထွန်း၊ ဦးညီညီထွန်း-ဒေါ်ခင်မို့မို့၊ ဦးရဲဝင်းထွန်းတို့၏မိခင်၊ မောင်သက်ဖြိုးအောင်၊ မောင်ခန့်ကိုကိုထွန်း၊ မမြတ်မြတ်သင်း၊ မငြိမ်းငြိမ်းထက်တို့၏ အဘွားသည် ၇-၃-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၇း၄၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဦးသန်းဖေ
ခိုင်သုံးခိုင်(စတိုး)
အသက်(၅၈)နှစ်

စစ်တွေမြို့၊ ကုန်းတန်းရပ်ကွက်နေ (ဦးဘိုးတူ) - ဒေါ်မချေတို့၏ သား၊ ဒေါ်ဦးသန်းညွန့်၏ခင်ပွန်း၊ မခိုင်အေးသင်း၊ မောင်ခိုင်ညီဝင်း - မလှသန်း၊ မခိုင်ဇာလင်း၊ မောင်သန့်ထူးနိုင်တို့၏ဖခင်သည် ၇-၃-၂၀၁၆ရက် နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် အာဂျိတ်တော်ကုန်း သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်ဇော
G.T.I (အင်းစိန်) (ငြိမ်း)
အသက်(၈၈)နှစ်

ကျောက်တော်မြို့နေ (ဦးကျော်ဇံ-ဒေါ်ဒါဇံ)တို့၏သား၊ ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့နယ်၊ထီးတန်းလမ်း၊ အမှတ် ၉၊ ဆေး/ငြိမ်းရပ်ကွက်နေ(ဒေါ်ခင်စောဦး)၏ခင်ပွန်း၊ ဒေါက်တာဖြူနိုး-ဒေါ်နီလာငွေး၊ ဒေါက်တာကျော်ညွန့်သိန်း-ဒေါက်တာယုမွန်၊ ဒေါ်စုမွန်-ဦးတင်ထွန်းအောင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၇-၃-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစံကျော် (ကျောက်ဖြူ)
ကျွန်းမာရေးမှူး(ငြိမ်း)
အသက်(၈၀)

ကျောက်ဖြူမြို့၊ မြစ်နားတန်းရပ်ကွက်နေ [ဦးထွန်းမြဦး (ရဲမှူး၊ ငြိမ်း)-ဒေါ်မအောင်]တို့၏သား၊ ကျောက်ဖြူမြို့၊ အနောက်ပိုင်းရပ်ကွက်၊ အနပ(၈၁)၊ ပိတောက်ရွှေဝါလမ်းနေ ဒေါ်တင်မေ၏ခင်ပွန်း၊ ဒေါ်နီနီတင်(အလပြ၊လေ့ကျင့်ရေး၊ အလက)၊ ဒေါ်ထားထားတင် (အလပြ၊ အလက-၄)၊ ဦးရန်မျိုးနိုင် (Admin / Finance) (Swemyee Foundation)-ဒေါ်မိမော်လွင်(နည်းပြ၊ ကျောက်ဖြူ ပညာရေးကောလိပ်)၊ ဦးသန်းထွန်းအေး(မြို့နယ် ထွေ/အုပ်)-ဒေါ်ခင်မြရီတို့၏ဖခင်၊ ကျောက်ဖြူမြို့နေ ဒေါ်စံတင်၏မောင်၊ ရန်ကုန်မြို့နေ (ဦးစံထွန်းဦး)၏ညီ၊ ဦးစံရွှေ၊ ဒေါ်လှတင်၊ ကျောက်ဖြူမြို့နေ ဒေါ်သန်းဆွေ (SAT- ငြိမ်း)၊ ဒေါ်စန်းလွင်(လ/ထ-ကထိက၊ငြိမ်း)တို့၏အစ်ကိုသည်၇-၃-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၃း၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၆ရက် (အင်္ဂါနေ့) တွင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းသန်းရွှေ
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၁)ရပ်ကွက်၊ စွယ်တော်လမ်း၊အမှတ် ၁၄၀၇နေ(ဦးခင်အောင်-ဒေါ်လှကျင်)တို့၏သမီး၊ ဦးအောင်သန်း (ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၏ ဇနီး၊ ဦးမင်းဇော်-ဒေါ်ခင်မိုးမိုးဖြူ၊ ဦးဝင်းမြိုင်-ဒေါ်တင်တင်အိ၊ ဦးမြင့်အောင်-(ဒေါ်ခင်စီ)၊ ဦးသိန်းစိုး-ဒေါ်ခင်စောမာတို့၏အစ်မ၊ ဦးဝင်းနိုင်-ဒေါ်သီတာ (ကျောင်း၊ ကြို/ပို့)တို့၏မိခင်၊ မောင်ဇေယျာဖြိုး (VII - A၊ အထက-၂၊ ရန်ကင်း)၏အဘွား၊ မောင်ကျော်ထိုက်-မစုစုလှိုင်၊ မောင်အောင်ကိုကို-မခင်လေးနွယ်၊ ဒေါက်တာအိမွန်ချိုတို့၏ကြီးကြီးသည် ၇-၃-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၄း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# တပ်မတော်လေယာဉ်တစ်စင်း နေပြည်တော်လေဆိပ်သို့ ဆင်းသက်စဉ် အရှိန်ထိန်းလေထီးကြိုးပြုတ်ထွက်ကာ ပြေးလမ်းကျော်ထွက်ပြီးရပ်တန့်ခဲ့



**နေပြည်တော် မတ် ၇**

တပ်မတော်လေယာဉ်များ အုပ်ဖွဲ့ပျံသန်းလေ့ကျင့်ခန်း ဆောင်ရွက်ရန်အတွက် လေယာဉ်များကို တောင်ငူလေတပ်စခန်းဌာနချုပ်မှ နေပြည်တော်သို့ ရွှေ့ပြောင်းရာ ယနေ့နံနက် ၁၁ နာရီ ၅၄ မိနစ်ခန့်တွင် တပ်မတော်လေယာဉ်တစ်စင်းသည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်းသို့ တောင်ဘက်မှ မြောက်ဘက်အတိုင်း ဆင်းသက်စဉ် စက်မှုဆိုင်ရာချွတ်ယွင်းမှုကြောင့် အရှိန်ထိန်း လေထီးကြိုးပြုတ်ထွက်ခဲ့ပြီး လေယာဉ်ပြေးလမ်း၏ မြောက်ဘက်ထိပ်မှ ပေ ၃၃၀ ခန့်ကျော်ထွက်၍ ပြေးလမ်းမီးတိုင်သုံးတိုင်ကို တိုက်မိပြီးရပ်တန့်ခဲ့သည်။ **(ဓါတ်ပုံ)**

လေယာဉ်ပြေးလမ်း အရှိန်လွန်မှုကြောင့် လေသူရဲထိခိုက်ဒဏ်ရာရရှိမှု မရှိဘဲ လေယာဉ်၏ ဘီးများ၊ ဆီတိုင်ကီနှင့် လေယာဉ်ဦးပိုင်းတို့ ပျက်စီးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# မန္တလေးမြို့ ဧရာဝတီမြစ်ကမ်းတစ်လျှောက် ယာယီတဲများဖြင့် နေထိုင်သူများအား အငှားအိမ်ရာများ မဲစနစ်ဖြင့်ချထားပေး

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**မန္တလေး မတ် ၇**

မန္တလေးမြို့ ဧရာဝတီမြစ်ကမ်းနံဘေးတစ်လျှောက်တွင် ယာယီတဲများဖြင့်နေထိုင်၍ ကာယလုပ်အားဖြင့် ရပ်တည်နေကြသော မိသားစုများဘဝလုံခြုံစိတ်ချအဆင့်မြင့်စွာနေထိုင်နိုင်ရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အောင်မြေသာစံမြို့နယ် မြို့ပတ်ကမ်းနားလမ်း၌ တာဝန်ယူတည်ဆောက်ပေးခဲ့သော အငှားအိမ်ရာလျှောက်ထားသူများအား မတ် ၇ ရက် နံနက် ၉ နာရီတွင် ကိုယ်တိုင်မဲနှိုက်စနစ်ဖြင့် တိုက်ခန်းနေရာများ ချထားပေးခဲ့ကြောင်း သိရသည်။

အဆိုပါတိုက်ခန်းများမှာ အာရ်စီ ၁၂ ခန်းတွဲ ခြောက်ထပ်အဆောက်အအုံ ၂၂ လုံး စုစုပေါင်းအခန်း ၁၅၈၄ ခန်း တည်ဆောက်ပေးခဲ့ပြီး လာရောက်လျှောက်ထားသူ ၁၂၀၆ ဦးအတွက် အားလုံးနေထိုင်ခွင့်ရရှိမည်ဖြစ်သော်လည်း အခန်းနေရာများကို ပွင့်လင်းမြင်သာစွာ မဲစနစ်ဖြင့် နေရာချထားပေးခြင်းဖြစ်ကြောင်း သိရှိရသည့်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသူတို့နှင့် နေထိုင်ခွင့်ရရှိသူတို့၏ ရင်တွင်းစကားသံများကို ယခုလို ကြားသိခဲ့ရသည်။

*စာမျက်နှာ ၈ ကော်လံ ၃* ●

# AFC Cup ပြိုင်ပွဲ အုပ်စုဒုတိယပွဲ မတ် ၉ ရက် ကျင်းပမည်

**သတင်း-ညီမြတ်သော်တာ**

**ရန်ကုန် မတ် ၇**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသော ၂၀၁၆ ရာသီ AFC Cup ဘောလုံးပြိုင်ပွဲအုပ်စု ဒုတိယပွဲစဉ်များကို မတ် ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဧရာဝတီအသင်းမှာ အိမ်ကွင်း၊ ရန်ကုန်အသင်းမှာ အဝေးကွင်း ပွဲစဉ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စုဒုတိယပွဲစဉ်အဖြစ် မတ် ၉ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ဧရာဝတီအသင်းနှင့် လာအိုကလပ် လာအိုတိုယိုတာအသင်း၊ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် မော်လ်ဒိုက်ကလပ် Male ဘောလုံးကွင်း၌ မော်လ်ဒိုက်ကလပ် မာဇီယာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဧရာဝတီအသင်းသည် အုပ်စုအဖွင့်ပွဲတွင် လက်ရှိချန်ပီယံ မလေးရှားကလပ် ဂျိုဟိုဒါရူးလ်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ထားသောကြောင့် ယခုအိမ်ကွင်းပွဲစဉ်တွင် မဖြစ်မနေ နိုင်ပွဲရရှိရန် ကြိုးပမ်းရမည်ဖြစ်သည်။ ဧရာဝတီအသင်းသည် ပထမအကျော့လက်ကျန်နှစ်ပွဲစလုံးကို အိမ်ကွင်း၌ကစားရမည်ဖြစ်ရာ ယင်းနှစ်ပွဲစလုံး အနိုင်ရရှိမှ နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိမည်ဖြစ်သည်။ ဧရာဝတီအသင်းသည် ဒုတိယအကျော့သုံးပွဲတွင် အဝေးကွင်းနှစ်ပွဲကစားရမည်ဖြစ်ရာ ပထမအကျော့ လက်ကျန်နှစ်ပွဲမှာ အရေးပါနေခြင်းဖြစ်သည်။ ဧရာဝတီအသင်းနှင့် ကစားရမည့် လာအိုတိုယိုတာအသင်းမှာ အုပ်စုအဖွင့်ပွဲတွင် အိန္ဒိယကလပ် ဘင်ဂါလူရူးအသင်းကို အနိုင်ကစားထားသည့်အသင်း ဖြစ်သည်။

*စာမျက်နှာ ၁၄ ကော်လံ ၅* ❍

# မြန်မာစပါးကြီးမြွေ အောင်လအန်ဆန်း MMA ပြိုင်ပွဲတွင် အီဂျစ်နိုင်ငံသား မိုဟာမက်အလီနှင့် ယှဉ်ပြိုင်ထိုးသတ်မည်

သတင်း
မောင်စိန်လွင်
(မြန်မာ့အလင်း)
ဓာတ်ပုံ
မင်းထက်

ရန်ကုန် မတ် ၇

**မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ(MMA) ပြိုင်ပွဲကြီးကို ရန်ကုန်မြို့ သုဝဏ္ဏပြိုင်ပွဲရုံ (၁) မိုးလုံလေလုံအားကစားရုံ၌ လာမည့် မတ် ၁၈ ရက် ညနေ ၆ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံသား ကချင်ပြည်နယ်ဖွား မြန်မာစပါးကြီးမြွေ အောင်လအန်ဆန်းနှင့် အီဂျစ်နိုင်ငံသား မိုဟာမက်အလီတို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။**

အဆိုပါ ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ (MMA) ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံအနေဖြင့် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဇူလိုင် ၁၈ ရက်က ပထမဆုံးအကြိမ် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဝိတ်တန်းအလိုက် မြန်မာ့ရိုးရာလက်ဝှေ့သမား တွဲဆိုင်းငါးဆိုင်း ဝင်ရောက် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ယခုနှစ် ဒုတိယအကြိမ်တွင်လည်း အလားတူ မြန်မာ့ရိုးရာလက်ဝှေ့သမား တွဲဆိုင်းငါးဆိုင်းနှင့် ပြည်ပ(MMA) လက်ဝှေ့ကျော်တွဲဆိုင်း ငါးဆိုင်း စုစုပေါင်းတွဲဆိုင်း ၁၀ ဆိုင်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ယခုနှစ်တွင် ယခင်နှစ်က အထမမြောက်ခဲ့သော မြန်မာနိုင်ငံသား ကချင်

*စာမျက်နှာ ၁၄ ကော်လံ ၂* ■



အီဂျစ်နိုင်ငံသား မိုဟာမက်အလီ။



မြန်မာစပါးကြီးမြွေ အောင်လအန်ဆန်း။




mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း